# အဝါရောင်ပန်း

## နှင့် အခြားလက်တင်အမေရိကဝတ္ထုတိုအချို့

မိုးဆက် ပြန်ဆိုသည်



ကြွက်တွေပြန်လာတယ်။ ပြီးတော့ စိတ်ကျရောဂါပေါ့။ ပြီးတော့ ထူးဆန်းတဲ့အဖျားအနာ။
သူမရဲ့အစာအိမ်အနာကိုကုလိုက်တာ နှစ်နှစ်၊ သုံးနှစ်လောက်ကြာတယ်။ နောက်ဆုံး သူမရဲ့
အစာအိမ်မှာ ဘာမှမဖြစ်ဘူးလို့ ဆရာဝန်ကဆုံးဖြတ်ရတဲ့အထိပဲ။ အဲ့အချိန်လောက်မှာ
သူမ လူးဝစ်နဲ့တွေ့တယ်။

KM- 2000 Ks

0 950577 911127 10

Cover Design by Maung Day

# အဝါရောင်ပန်း

## လက်တင်အမေရိက ဝတ္ထုတိုအချို့

မိုးဆက်

ပြန်ဆိုသည်

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသူ | ကျော်မွေးစာပေ<br>ဦးစိုင်းဝင်းမြင့်၊ အမှတ် ၉၅ (၆ လွှာ)<br>အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ပုံရိပ်ရှင်ပုံနှိပ်တိုက်<br>ဦးအောင်ဇော်ထွန်း၊ အမှတ် ၈၊ အိမ်ကြီးလမ်း<br>ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၇။ |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၂၀၀၀ ကျပ် |
| မျက်နှာဖုံး | မောင်ဒေး |
| ကွန်ပျူတာစာစီ | Dream City |
| စာအုပ်ချုပ် | ကိုတင်အေး |
| ဖြန့်ချိရေး | ကျော်မွေးစာပေ<br>၀၉ ၅၀၅ ၇၇၉၁ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| - | ကျေးဇူးစကား | ၁ |
| ၁။ | အဝါရောင်ပန်း<br>ဂျူလီယို ကော်တာဇာ (အာဂျင်တီးနား) | ၃ |
| ၂။ | ကလာရာ<br>ရော်ဘတ်တို ဘိုလာနို (ချီလီ) | ၁၇ |
| ၃။ | အနိဋ္ဌာဘုံ<br>ဂီယေမို မာတီနက်ဇ် (အာဂျင်တီးနား) | ၃၅ |
| ၄။ | ရုပ်တု<br>ကားလို့စ် ဖွင်းန်တက်စ် (မက္ကဆီကို) | ၄၉ |
| ၅။ | အချစ်<br>ကလားရစ် လစ်စပက်တာ (ဘရာဇီး) | ၆၇ |
| ၆။ | ချိန်းပွဲ<br>မာရီယို ဗားဂတ်စ်ယော်ဆာ (ပီရူး) | ၈၅ |


○

# ကျေးဇူးတင်စကား

ဒီဘာသာပြန် ဝတ္ထုတိုတွေကို စုစည်းထုတ်ဝေ ပေးတဲ့ ကိုစိုင်းဝင်းမြင့်ကို အထူး ကျေးဇူးတင်ရှိသလို ၂၀၀၈ ကနေ ၂၀၁၇ အတွင်း မဂ္ဂဇင်းဂျာနယ် စာမျက်နှာများထက်မှာ ဖော်ပြပေးခဲ့တဲ့ လှိုင်းသစ်၊ နှင်းဆီဖြူနဲ့ မိုးမခက အယ်ဒီတာတွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

မိုးဆက်

# အဝါရောင်ပန်း

**ဂျူလီယို ကော်တာဇာ** - ၁၉၁၄ မှာ ဘယ်ဂျီယံနိုင်ငံ ဘရပ်ဆဲတွင် ဖွားမြင်၊ စစ်ကြီးအပြီးတွင် အာဂျင်တီးနားနိုင်ငံသို့ ပြန်လည်ပြောင်းရွှေ့၊ ဖခင်ဖြစ်သူမှာ ကော်တာဇာ ခြောက်နှစ်အရွယ်တွင် မိသားစုကို စွန့်ခွာသွားခဲ့။

အရွယ်ရောက်ပြီးနောက် အထက်တန်းပြဆရာအဖြစ် လုပ်ကိုင်ရင်း စာ စတင်ရေးသားခဲ့။ ၁၉၄၆ တွင် ဘော့ရ်ဟဲစ် (Borges) အယ်ဒီတာအဖြစ် လုပ်ကိုင်သည့် မဂ္ဂဇင်းတွင် သူ့ဝတ္ထုတစ်ပုဒ်ကို ဖော်ပြခံရ။ ၁၉၅၁ မှာ ပါရီကို ပြောင်းရွှေ့နေထိုင်။ ယူနက်စ်ကိုမှာ ဘာသာပြန်အဖြစ် လုပ်ကိုင်။ ထိုအချိန်မှစတင်၍ စာကို တစိုက်မတ်မတ် ရေးသား။

၁၉၆၃ တွင် ထွက်ရှိသည့် သူ၏ ဒုတိယဝတ္ထု *Hopscotch* ဖြင့် စာပေနယ်တွင် နာမည်ရလာ။ ပါရီတွင် နေထိုင်စဉ်ကာလအတွင်း ဓာတိ လက်တင်အမေရိကဒေသများသို့ မကြာခဏ ခရီးထွက်ခဲ့။ ယင်း ဒေသများရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် ဆန့်ကျင်မှုများတွင် တက်ကြွစွာ ပါဝင်။

အမျိုးသမီး သုံးယောက်နှင့် ချစ်ခြင်းမေတ္တာ အခြေပြုသည့် ဆက်ဆံရေး ကြာမြင့်စွာထားရှိ။ တတိယအမျိုးသမီး ဆုံးပါးပြီးနောက် ၁၉၈၄ တွင် ကော်တာဇာ ကွယ်လွန်သည်အထိ ပထမ အမျိုးသမီးက ပြန်လည် စောင့်ရှောက်ခဲ့။ ကွယ်လွန်ရသည့် အကြောင်းအရင်းအဖြစ် အချို့က သွေးကင်ဆာ၊ အချို့က အေအိုင်ဒီအက်စ်ရောဂါဟု ဝိဝါဒ ကွဲပြားလျက်ရှိဆဲ။

✤

# အဝါရောင်ပန်း

ကျွန်တော်တို့တစ်တွေက မသေမျိုးတွေဗျ။ ကျွန်တော် ရယ်စရာပြော နေတယ်လို့ ခင်ဗျား ထင်ကောင်းထင်မယ်။ လူတကာနဲ့ မတူဘူးလို့ ပြောရ မယ့် လူတစ်ယောက်နဲ့ တွေ့မိလို့ ကျွန်တော်လည်း အဲဒါကို သိလာရတာ။ တစ်ယောက်တည်းသော သေမျိုးပေါ့လေ…။ သေနိုင်တဲ့လူပေါ့လေ…။ အဲလိုလူက တစ်ယောက်ပဲ ရှိတယ်။ အဲဒီလူက သူ့ဇာတ်လမ်းကို ကမ်းဘရှန်း က ဘားတစ်ခုမှာ ကျွန်တော့်ကို ပြောပြတာ။ ဝေါ်က အရက်မူး ကျွဲခိုးပေါ် ဆိုသလို လျှောက်ပြောတာပါပဲ။ ဘားမှာ အရက်ငှဲ့တဲ့ကောင်ရော (တကယ် က ဘားကိုလည်း သူပဲ ပိုင်တာပါ) လာနေကျဖောက်သည်တွေပါ ဝိုင်းရယ် ကြတာ သောက်ထားတဲ့ ဝိုင်တွေတောင် ပြန်ထွက်ကုန်မလား ထင်ရတယ်။ ဝေါ်က ကျွန်တော့်မျက်လုံးထဲမယ် စိတ်ဝင်စားတဲ့ အရိပ်အယောင် တွေ့သွားပုံ ရတယ်။

ချောင်ကျကျ ဝိုင်းတစ်ဝိုင်းဘက် ကျွန်တော်တို့နှစ်ယောက်တည်း ရွှေ့ထိုင်ပြီး သောက်ရင်းနဲ့ စကားဆက်ဖြစ်ကြတယ်။ သူက အငြိမ်းစား ဝန်ထမ်းတစ်ယောက်ဖြစ်ပြီး လောလောဆယ်တော့ သူ့မိန်းမက နွေရာသီမှာ မိဘရပ်ထံ ပြန်နေဆိုပဲ။ တကယ်တော့ သူ့မိန်းမက အပြီးလစ်သွားပြီ…။ နွေရာသီတို့ မိဘရပ်ထံတို့ ဆိုတာတွေက အကြောင်းပြတာတွေမှန်းလည်း သူ သိတယ်။ ဝေါ်က မျက်နှာကတော့ ခပ်မွဲမွဲရယ်။ မျက်လုံးတွေကလည်း အဆုတ်နာတွေဘာတွေ စွဲဖူးတဲ့ပုံပဲ။ ဒါပေမယ့် အသက်တော့ သိပ်ကြီးသေးပုံ

မရဘူး။ သိပ်လည်း တုံးပုံ မရပါဘူး။ ဝိုင်နီငါးခွက်မြောက်အရောက်မှာ သူမှာ မေ့မေ့ပျောက်ပျောက် နေနိုင်အောင် ခုလို သောက်နေရတာပဲလို့ ဆိုလာတယ်။

အဲဒီချာတိတ်ကို ၉၅ ဘတ်စကားပေါ်မှာ သူ ဘယ်လို တွေ့လိုက်ရတယ်ဆိုတာ ပြောပြတယ်။ ချာတိတ်က ဆယ့်သုံးနှစ်သားလောက် ရှိမယ်။ တစ်ချက်ကြည့်လိုက်မိရုံနဲ့ ချာတိတ်က သူနဲ့ တော်တော်တူတာပဲဆိုတာ သူ သိလိုက်တယ်။ အဲဒီအရွယ်လောက်က သူ့ ကိုယ်ပိုင်ပုံပန်းကို သူ မှတ်မိထားပုံမျိုးနဲ့ တူနေတယ်။ ချာတိတ်နဲ့ သူနဲ့ လုံးဝ တူနေတယ်ဆိုတဲ့ အကြောင်း နည်းနည်းစီ သူ ဆက်ပြောပြတယ်။ မျက်နှာတွေ၊ လက်တွေ၊ နဖူးပေါ်က ဆံပင်ကျပုံတွေ၊ မျက်လုံးအိမ်ကျယ်ပုံတွေ၊ ဝတ္ထုတိုပေါင်းချုပ်တစ်အုပ်တည်း ခေါင်းထိုးပြီး နေတတ်ပုံတွေ၊ နဖူးပေါ်ဆံပင်တွေကို ခေါင်းဆတ်ပြီး ပြန်တင်ပုံတွေ ပြီးတော့ တခြား ကိုးရိုးကားရား အမူအရာတွေ ရောပေါ့။

တူတာတွေက သိပ်တိကျလွန်းတော့ သူ အသံထွက်ပြီးတောင် ရယ်မိသတဲ့။ ရိန်းနက်စ်လမ်းမှာ ချာတိတ်ဆင်းသွားတော့ သူလည်း လိုက်ဆင်းသွားတယ်။ တကယ်က သူငယ်ချင်းတစ်ယောက်နဲ့တွေ့ဖို့ မွန်ပါနာဆေကို ဆက်လိုက်သွားရမှာ။ ချာတိတ်နဲ့ စကားစဖို့ အကြောင်းရှာတဲ့အနေနဲ့ လမ်းနာမည်တစ်ခုပြောပြီး ဘယ်လိုသွားရမလဲ မေးလိုက်တယ်။ ချာတိတ်ဆီက ထွက်လာတဲ့အသံက သူငယ်ငယ်တုန်းက အသံမျိုးဖြစ်နေတာ ကြားလိုက်ရပေမယ့် သူ သိပ်တော့ မအံ့သြတော့ဘူး။ ချာတိတ်က လမ်းအဆုံးထိ လျှောက်နေတယ်။ တစ်ယောက်နဲ့တစ်ယောက် ခပ်ရှုံ့ရှုံ့ပုံမျိုးနဲ့ပဲ သူတို့ တစ်ဘလောက်ပြီး တစ်ဘလောက် ဖြတ်လာတယ်။ အဲလို နေရခက်တဲ့ အခိုက်အတန့်မှာပဲ သူ တစ်ခုခုကို သိလာတယ်။ သူ သိလာတဲ့ဟာက ရှင်းပြလို့ရတဲ့ဟာမျိုးတော့ မဟုတ်ဘူး။ ရှင်းပြဖို့ ကြိုးစားလိုက်တာနဲ့ ဝါးတားတားဖြစ်သွားတတ်တဲ့ဟာမျိုးပဲ။

ခပ်တိုတို ပြောရရင် ချာတိတ် ဘယ်မှာနေသလဲ သူ သိသွားတယ်။ ကင်းထောက်ဆရာ လုပ်ခဲ့ဖူးတဲ့ အတွေ့အကြုံက ဒီလိုအိမ်မျိုးကို ဝင်ခွင့်ရအောင် ဘယ်လိုလုပ်ရမလဲ အကူအညီ ပေးတယ်။ ဒီလို ပြင်သစ်အိမ်မျိုး

ကိုပေါ့။ ရှိရင်းစွဲ အသက်ထက် ပိုအိုနေပုံရတဲ့ အမေရယ်...၊ ပင်စင်စား ဦးလေးရယ်...၊ ကြောင်နှစ်ကောင်ရယ်...။ နောက်တော့ သူ လုခ်ရဲ့ အိမ်ကို အပတ်တိုင်း ရောက်ဖြစ်တယ်။ အဘွားကြီးက သူ့ကို ကော်ဖီပူပူ တိုက်တိုက်တယ်။ စစ်ကြီးအကြောင်း၊ အလုပ်အကိုင်အကြောင်းတွေ ပြော ဖြစ်ကြတယ်။ ပြီးတော့ လုခ် အကြောင်းရောပေါ့။ ခပ်တုံးတုံး အသီတစ်ခုက အခုတော့ မျဉ်းတွေ ဒီဂရီတွေပါတဲ့ သီအိုရီတစ်ခုလို ဖြစ်လာတယ်။ လူတွေ ပြောပြောနေတဲ့ ကံကြမ္မာဆိုတာမျိုးလို ပုံပေါ်လာတယ်။ အဲဒီအသီကို နေ့စဉ်သုံး စကားလုံးတွေနဲ့ ပြောမယ်ဆို ပြောလို့ရပြီ။ လုခ်ဆိုတာ သူ ကိုယ်တိုင်ပဲ။ သေခြင်းဆိုတာ မရှိဘူး။ ဘာဖြစ်လို့ဆိုတော့ ကျုပ်တို့က မသေနိုင်တဲ့သူ တွေမို့လို့ပဲ။

"လူတိုင်းဟာ မသေနိုင်ဘူးဗျ...။ ဒါပေမယ့် အဲဒါကို ဘယ်သူမှ သက်သေမပြနိုင်ကြဘူး။ ကျုပ်ကျတော့ အဲဒါကို သိခွင့်ရခဲ့တယ်။ ၉၅ ဘတ်စကားတစ်စီးပေါ်မှာပေါ့။ စနစ်ရဲ့ လွဲချော်မှု ပြောမလား၊ အချိန်တွေ ထပ်သွားတာလို့ ပြောမလား။ တစ်ခုပြီးမှတစ်ခု ဖြစ်ရမယ့်အစား တစ်ပြိုင် နက် ဖြစ်နေတာ၊ ထပ်နေတာ၊ တစ်ယောက်မသေခင် နောက်တစ်ယောက်က ပြန်ပြီးမွေးဖွားပြီးရက်သား ဖြစ်နေတာ။ တကယ်က ကျုပ်မသေသေးဘဲနဲ့ လုခ်က မွေးမလာရဘူးလေ။ နောက်ပြီး ဘတ်စကားပေါ်မှာ သူ့ကို တိုက် တိုက်ဆိုင်ဆိုင် သွားတွေ့ရတာ။

ကျုပ်ပြောပြီးသားနဲ့ တူပါတယ်။ သိပ်သေချာတဲ့ အကြောင်း အရာဆိုတာကို။ ဘာစကားလုံးမှကို မလိုတော့တာ။ အဲဒါပဲ။ အဲဒါ အဆုံး သတ်ပဲ။ ဒါပေမယ့် နောက်ကနေ သံသယအတွေးတွေ လိုက်လာတော့တာ ပဲ။ အဲဒါမျိုးကြုံရပြီဆိုရင် ခင်ဗျားကို ခင်ဗျား ငါတော့ရူးပြီလို့ ထင်ရင်ထင် ဒါမှမဟုတ်လည်း စိတ်ငြိမ်ဆေး စသောက်ဖို့ ရှိတာပဲ။ ဒါပေမယ့် သံသယ အတွေးတွေ တစ်ခုပြီးတစ်ခု ပျောက်သွားလိမ့်မယ်။ ခင်ဗျား မရူးဘူးဆိုတာ သက်သေပြနိုင်မယ့် အချက်တွေ တစ်ခုပြီးတစ်ခု ပေါ်လာမယ်။ ဟိုဘဲတွေ ဘာဖြစ်လို့ ထရယ်ကြတာလဲဆိုတဲ့ အပိုင်းကို ခင်ဗျားကို အခု ကျွန်တော် ပြောပြမယ်။

လုခ်ဟာ တခြားအချိန်ကာလတစ်ခုက ကျုပ်ပဲဆိုတာမျိုးလောက် မဟုတ်ဘူး။ တစ်ချိန်ကျရင် ကျုပ် ဖြစ်လာမှာ။ အခု ခင်ဗျားကို စကားပြော နေတဲ့ ခွေးမသား ဖြစ်လာမှာ။ ခင်ဗျား သူ ကစားတဲ့အခါ ကြည့်နေ၊ သူ လဲကျမယ်၊ သူ့ကိုယ်သူ ထိမိမယ်၊ ခြေခေါက်မယ်၊ ညှပ်ရိုး ကျိုးမယ်။ သူ့အမေကလည်း ခင်ဗျားကို ချာတိတ်အကြောင်း ရက်စိတ် တစ်ဝက်နဲ့ ပြောပြတယ်။ ငယ်သွားပေါက်တာကနေ အသက်ရှစ်နှစ်မှာ ပုံတွေ စဆွဲတာ။ အဘွားကြီးကတော့ ဘာမှ သံသယရှိပုံမရဘူး။

ဦးလေးလုပ်တဲ့ လူကတော့ ကျုပ်နဲ့ ချက်စ်တွေဘာတွေတောင် ထိုး သေးတာ။ ကျုပ်လည်း မိသားစုဝင်တစ်ပိုင်းကို ဖြစ်လို့။ လမကုန်ခင် ငွေ ပြတ်လို့ ပိုက်ဆံချေးပေးရတာနဲ့ ဘာနဲ့။ လုခ်ရဲ့အကြောင်းကို လွယ်လွယ် လေးနဲ့ သိလာရတယ်။ သူ့ အမေတွေ သူ့ ဦးလေးရဲ့ စိတ်ဝင်စားမယ့် အကြောင်းအရာတွေထဲကို မေးခွန်းလေးတွေ မသိမသာလေး ညှပ်ထည့်ပေး ရတယ်။ ပြောကြတာကတော့ သူ့ဦးလေးရဲ့ အဆစ်ရောင်ရောဂါတို့၊ နိုင်ငံရေး တို့၊ ရပ်ကွက်လူကြီး မကောင်းကြောင်းတို့ အဲဒါမျိုးတွေပေါ့…။ ခင်ဗျား သိပါတယ်။ လုခ်ရဲ့ကလေးဘဝအကြောင်း သိလာရလေလေ သက်သေက ထုနဲ့ထည်နဲ့ ဖြစ်လာလေလေပဲ။ ဒါပေမယ့် ခင်ဗျား ကျုပ်အပေါ် နားလည် စေချင်တာရှိတယ်။

အဲ… ခဏနေဦးဗျ၊ တစ်ခွက်လောက် မှာကြဦးစို့ရဲ့…။ လုခ်ဟာ ကျုပ်ပဲ။ ကျုပ်ရဲ့ ကလေးဘဝ။ ဒါပေမယ့် အတိအကျ မိတ္တူပွားတာမျိုးတော့ မဟုတ်ပြန်ဘူး။ ယှဉ်ကြည့်လို့ရတယ်ဆိုတာမျိုးပဲ။ ကျုပ် ခုနစ်နှစ်မှာ လက် ကောက်ဝတ်အဆစ်လွဲတယ်။ ဒါပေမယ့် လုခ်အတွက်ကျ ညှပ်ရိုး ဖြစ်နေ တယ်။ ကိုးနှစ်မှာ ကျုပ် ဂျာမန်ဝက်သက်ပေါက်တယ်။ လုခ်ကျတော့ စကားလက်အဖျားဗျ…။ ကျုပ်က ဝက်သက်ပေါက်တာ နှစ်ပတ်လောက် ခံရတယ်။ လုခ် ဖျားတာတော့ ငါးရက်လောက်ပဲကြာတယ်။

ခင်ဗျား မြင်လွယ်အောင် ဥပမာ နောက်တစ်ခု ပေးမယ်ဗျာ…။ လမ်းထောင့်က မုန့်ဖုတ်သမားဟာ နပိုလီယံ ဝင်စားတာပဲဗျ။ ဒါပေမယ့် သူကတော့ ဘယ်တော့မှ အဲဒါကို သိခွင့်ရမယ် မဟုတ်ပေဘူး။ ဘာဖြစ်လို့ လဲဆိုတော့ သူက ကျုပ်လိုမျိုး သူ့ရဲ့ တခြားဘဝနဲ့ ဘတ်စကားပေါ်မှာ

ဆုံမိတာမျိုး ဖြစ်မှမဖြစ်နိုင်ဘဲ။ ဒါပေမယ့် တစ်နည်းမဟုတ် တစ်နည်းနဲ့ သူ့ကိုယ်သူ ငါဟာ နပိုလီယံရဲ့ နောက်ဘဝဆိုတာ သိလာနိုင်တာပဲ။ ဒီဘဲ အရင်တုန်းက ပန်းကန်ဆေးရာကနေ အခု မွန်ပါနာဆေမှာ ကိတ်မုန့်တိုက် ပိုင်လာတာမျိုးဟာ ကော်ဆီကာကနေ ပြင်သစ်ပလ္လင်ပေါ် ရောက်လာတဲ့ နပိုလီယံရဲ့ ဘဝဖြစ်စဉ်နဲ့ အတူတူပဲဗျ…။

သူ့ဘဝ သူ သေချာပြန်လှေ့လာရင် နပိုလီယံတုန်းက အီဂျစ်ကို တိုက်ခဲ့တာတွေ၊ ကွန်ဆူလိတ်ကို၊ အော်စတာလစ်ကို ရောက်ခဲ့တာတွေနဲ့ အလားတူဖြစ်ရပ်တွေ တွေ့ရမှာပဲ။ နှစ်နည်းနည်းလောက်ကြာရင် သူ့ မုန့် တိုက်ကို ပိတ်ရမယ်ဆိုတာရော၊ စိန့်ဟယ်လီနာမှာ သူ့ဘဝ သူအဆုံးသတ် ရမယ်ဆိုတာရောပေါ့…"

သူ ပြောတာတွေကို ကျွန်တော် ကောင်းကောင်း ကြားပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အားလုံး ကလေးဘဝမှာ ရောဂါတွေဘာတွေ တစ်ချိန် တည်းမှာ ဖြစ်နိုင်တာပဲ။ ဘောလုံးကစားရင်း ဘာရင်း တစ်ခုမဟုတ်တစ်ခု ကျိုးခဲ့ ပွဲခဲ့မှာပဲလေ။

"တွေ့နေမြင်နေကျ ပုံမှန်တိုက်ဆိုင်တာတွေမျိုးကလွဲပြီး တခြား ဟာတွေ ခင်ဗျားကို မပြောပြမိသေးဘူးဆိုတာ ကျုပ် သိပါတယ်။ တကယ် တော့ လုခ်က ကျုပ်နဲ့ တူတယ်ဆိုတာလည်း သိပ်ပြီးအရေးမကြီးလှပါဘူး။

တကယ်အရေးကြီးတာက အဖြစ်အပျက်တွေနဲ့ ကြုံ့ရတဲ့အစီအစဉ်ဗျ။ အဲဒါက ရှင်းရတာ ပိုခက်တယ်။ အဲဒီအချိန်တုန်းက ကျုပ် လုခ် အရွယ် လောက်တုန်းကပေါ့ဗျာ…။ ရက်ရှည်ဖျားလိုက်သေးတယ်။ အဲဒါပြီးတော့ သူငယ်ချင်းတွေနဲ့ ကစားရင်း ညှပ်ရိုးအလယ်တည့်တည့်က ကျိုးပါလေရော။ အရိုးကျိုးလို့ ပျောက်ပြီးမကြာခင် ကျောင်းက သူငယ်ချင်းတစ်ယောက်ရဲ့ ညီမကို ကျုပ် ကြိုက်မိတယ်။ တကယ့်ကို ဟန်မကျပါဘူးဗျာ။ ခင်ဗျားက ကောင်မလေးကို စေ့စေ့တောင် မကြည့်ရဲ…။ ကောင်မလေးကကျတော့ ခင်ဗျားကို မတူမတန်တဲ့ ဝိုက်မျိုးဖမ်း အဲလို အဖြစ်မျိုးပါ။

လုခ်လည်း နေမကောင်းဖြစ်တာပဲ။ သူ နေကောင်းလာတော့ သူ့ကို ဆပ်ကပ်သွားပြကြတယ်။ အဲဒီမှာ ချော်လဲပြီး ခြေကျင်းဝတ် အဆစ်လွဲသွား တယ်။ အဲလိုဖြစ်ပြီး မကြာပါဘူး။ ချာတိတ်က အခန်းထဲမှာ လက်ကိုင်ပဝါ

အပြာလေး လက်မှာချည်ပြီး တစ်ယောက်တည်း ငိုနေတာ သူ့ အမေသွား တွေ့တာပဲ။ လက်ကိုင်ပဝါကတော့ သူ့ အမေ အရင်က မတွေ့ဖူးတဲ့ လက်ကိုင်ပဝါပေါ့''

အတိုက်အခံဆိုတာက အမြဲလိုတတ်တာပဲမို့လို့ အသားပုံတာတွေ၊ အရိုးကျိုးတာတွေဆိုတာ ကလေးဘဝမယ် ဖြစ်နေကျပဲ။ အဲဒီလိုပဲ ကလေး ဘဝ အချစ်ဆိုတာလည်း တစ်ချိန်ချိန်မှာ ပေါ်စမြဲပဲလို့ ကျွန်တော့် စိတ်ထဲ မယ် ဖြစ်မိတယ်။ ဒါပေမယ့် လေယာဉ်ပျံကိစ္စကတော့ အဲဒါတွေနဲ့ မတူဘူး ဆိုတာ ဝန်ခံရလိမ့်မယ်။ လုခ်ရဲ့ မွေးနေ့အတွက် ရခဲ့တဲ့ သာရေကွင်းနဲ့ လည်တဲ့ ပန်ကာတပ်ထားတဲ့ လေယာဉ်ပျံပေါ့။

''သူ အဲဒါ ရသွားတော့ ကျုပ်ဆယ့်လေးနှစ်သားတုန်းက အမေ ပေးတဲ့ လေးထောင့်တုံးလေးတွေ ဆက်ပြီး ဆောက်ရတဲ့ ကစားစရာကို သွား သတိရတယ်။ တစ်ရက်နွေရာသီ မုန်တိုင်းမကျခင် ခြံထဲကို ကျုပ် ထွက်သွားမိတယ်။

မိုးချုန်းတဲ့အသံတွေ ကြားရတဲ့အချိန်မှာ ကျုပ်စားပွဲပေါ်မှာ ကရိန်း ရုပ်ဆင်နေတုန်းပေါ့။ တစ်ယောက်ယောက် လှမ်းခေါ်လို့ တစ်မိနစ်လောက် ထွက်သွားလိုက်တယ်။ ကျုပ်ပြန်လာတော့ အရုပ်တွေကော ထည့်ထားတဲ့ သေတ္တာတွေပါ မရှိတော့ဘူး။ တံခါးကလည်း ပွင့်နေတယ်။ ကျုပ်လည်း အော်ရင်းနဲ့ လမ်းထဲကို ပြေးထွက်လာတယ်။ လမ်းပေါ်မှာလည်း ဘယ်သူမှ ရှိမနေဘူး။ အဲဒီအချိန်မှာပဲ အိမ်ကို မိုးကြိုးပစ်တယ်။

လုခ်က လေယာဉ်ပျံ အရုပ်ကလေးရတော့ အဲဒါတွေ အားလုံး ကျွန်တော် ပြန်သတိရလာတယ်။ လေယာဉ်ပျံအရုပ်ရလို့ သူပျော်နေပုံ ကလည်း ဟိုတုန်းက ကျွန်တော် ဖြစ်ခဲ့ပုံနဲ့ တစ်ထေရောတည်းပဲ။ အဘွား ကြီးက ကျုပ်အတွက် ကော်ဖီယူလာ ပေးတယ်။ ပုံမှန်ပဲ ဟိုဟိုဒီဒီ ပြောနေ ကြတုန်း အော်သံကြားလိုက်ရတယ်။ လုခ်ကို ကြည့်လိုက်တော့ ပြတင်း ပေါက်ကို ပြေးသွားနေတယ်။ သူ့ပုံစံက အဲဒီကနေ တစ်ခါတည်း ခုန်ချလိုက် တော့မယ့်အတိုင်းပဲ။ မျက်နှာက ဖြူရော်ပြီး မျက်ရည်တွေလည်း စီးကျ နေတယ်။ လေယာဉ်ပျံက ဘယ်လိုဝိုက်ပြီး ဟထားတဲ့ ပြတင်းပေါက်ကနေ ဘယ်လို ထွက်သွားတယ်ဆိုတာ ပြောပြတယ်။

သားတို့ အဲဒါကို ပြန်တွေ့မှာ မဟုတ်တော့ဘူးလို့လည်း တတွတ်တွတ် ရွတ်နေတယ်။ လုခ် တအင့်အင့် ရှိုက်နေတုန်းမှာပဲ လမ်းဟိုဘက်က အိမ်မီးလောင်နေတယ်ဆိုပြီး သူ့ဦးလေးက လာပြောပါလေရော။ ကဲ… ခင်ဗျားလည်း ခုတော့ သိပြီမဟုတ်လား။ ကျုပ်တို့ နောက်တစ်ခွက်လောက် ချရအောင်''

ကျွန်တော်က ဘာမှပြန်မပြောပေမယ့် ဝေတိက သူ့ ဇာတ်လမ်းကို သူ ဆက်တယ်။ သူ့အနေနဲ့ လုခ်အကြောင်းရယ်၊ လုခ်ရဲ့ ကံကြမ္မာအကြောင်းရယ်ကိုပဲ တွေးနေမိတယ်။ လုခ်ရဲ့အမေက လုခ်ကို အသက်မွေးဝမ်းကျောင်း ပညာသင်တဲ့ ကျောင်းတစ်ကျောင်းပို့ဖို့ စိတ်ကူးနေတယ်။ ဒါမှလည်း လုခ်အတွက် ဘဝလမ်းကြောင်းက ပွင့်လာမယ်တို့ ဘာတို့ ပြောနေတယ်။ ဒါပေမဲ့ လမ်းက ပွင့်နေပြီးသားပဲလေ။ အဲဒါကိုတော့ သူ့ပါးစပ်က ထုတ်မပြောလိုက်ဘူး။ အဲဒါတွေ လျှောက်ပြောရင် သူ့ကို ရူးတယ်ဆိုပြီး လုခ်နဲ့ ဘယ်တော့မှ ပေးတွေ့မှာ မဟုတ်တော့ဘူး။ သူ့တို့ ဘာပဲလုပ်လုပ် ရလဒ်က အတူတူပဲ။ လုခ်တစ်ယောက် အရှက်ကွဲစရာ ကြုံရမှာပဲ။

စိတ်ပျက်စရာကောင်းတဲ့ ဖန်တစ်ရာတေ အလုပ်တွေ လုပ်ရမှာပဲ။ ဘာမှအပြောင်းအလဲ မရှိတဲ့ နှစ်တွေကို ဖြတ်ရမှာပဲ။ အဝတ်အစားကနေ စိတ်ထဲအထိ တတိတိ ကိုက်စားမယ့် အပြစ်ဆိုးတွေလည်း ကြုံရမှာပဲ။ တစ်ယောက်တည်း အထီးကျန်ပြီး ရပ်ကွက်အရက်ဆိုင်လေးထဲ ခေါင်းထိုးသောက်ရတဲ့ဘဝ ရောက်မှာပဲဆိုတာတွေ သူ့ဦးလေးနဲ့ သူ့အမေကို မပြောလိုက်တော့ဘူး။

လုခ်ရဲ့ ကံကြမ္မာက အဲလောက်နဲ့ အဆိုးဆုံး မဟုတ်သေးဘူး။ အဆိုးဆုံးက လုခ်က သူ့အလှည့်ကျလာရင် သေရမှာပဲ။ လုခ်ဟာ တကယ်ပဲ သူ့အတွက် အရေးမပါတော့တဲ့ ပုံစံမျိုးနဲ့ ညည အိပ်မပျော်တဲ့အခါ တခြားလုခ်တွေအကြောင်း တွေးမိတယ်။ ရောဘတ်ဖြစ်ဖြစ်၊ ကလောက်ဖြစ်ဖြစ်၊ မိုက်ကယ်ဆိုတဲ့ နာမည်နဲ့ဖြစ်ဖြစ် တခြားလုခ်တွေပေါ့။ အဆုံးမရှိတဲ့ သံသရာဆိုတဲ့ သီအိုရီမျိုးပေါ့။ သနားစရာအကောင်တွေအနေနဲ့ ဘာမှမသိဘဲ ဒီဘဝ ဖြစ်စဉ်တစ်ခုတည်းကိုပဲ ထပ်ခါထပ်ခါ ဖြစ်နေရတာမျိုးပေါ့။ သူတို့ကိုယ် သူတို့ ကိုယ်ပိုင်ရွေးချယ်ခွင့်တွေ လွတ်လပ်ခွင့်တွေရှိတယ်ဆိုတဲ့ အထင်မျိုးနဲ့

ပေါ့။ ငတိကတော့ ဘီယာမူးပြီး ငိုနေပြီ…။ အခု ဒီမှာတော့ ဝိုင်ပေါ့လေ။ အဲလိုဆိုရင် ခင်ဗျား ဘာလုပ်လို့ရမလဲ။ ဘာမှ လုပ်မလို့မရဘူး။

"လအနည်းငယ်ကြာတော့ လုခ် ဆုံးသွားတယ်ဆိုတာ ပြောလိုက်တော့ သူတို့ ကျုပ်ကို ရယ်ကြတယ်ဗျာ။ ဒီဘဲတွေက ငတုံးတွေပဲ။ အခု ခင်ဗျားလည်း ကျုပ်ကို အဲလို လာကြည့်မနေနဲ့။ လနည်းနည်းကြာပြီးတော့ လုခ် တကယ် ဆုံးသွားတယ်ဗျ။ လေပြွန်ရောင်တာမျိုးပဲ။ အရွယ်ကတော့ ကျွန်တော် အသည်းရောင်ရောဂါရတဲ့ အရွယ်လောက်ပဲ။ ကျုပ်တုန်းကတော့ ဆေးရုံကို ပို့ကြတယ်။ လုခ် အမေကတော့ သူ့ကို အိမ်မှာပဲထားပြီး ပြုစုလေရဲ့…။ ကျုပ်လည်း နေ့တိုင်းလိုလို ရောက်ဖြစ်ပါရဲ့…။

ကျုပ်တူတစ်ယောက်ကို ခေါ်ခေါ်သွားပြီး လုခ်နဲ့ ပေးကစားတယ်။ သူတို့မှာကလည်း စိတ်ပျက်စရာတွေချည်းဆိုတော့ ကျုပ် အဲလို သွားသွားပေးတာလေးကိုက စိတ်သက်သာရာ ရစေတာကလား။ လုခ်အတွက် အဖော်လုပ်ပေးတယ်။ ဒမတ်စကတ်ဆိုင်ကနေ ငါးခြောက်ငါးခြမ်းလေး ဘာလေး ဝယ်သွားပေးတယ်။ ကျုပ်ကို လျှော့ဈေးနဲ့ပေးတဲ့ ဆေးဆိုင်တစ်ဆိုင်ရှိတယ်လည်း ပြောလိုက်ရာ ဆေးဝယ်တဲ့ တာဝန်ပါ ကျုပ်လုံးလုံး ယူလိုက်ရတော့တာပဲ။ နောက်ဆုံးတော့ ကျုပ်က လုခ်ရဲ့ သူနာပြုကြီးလိုကို ဖြစ်လာတော့တာပဲ။

ဒီလို ကိစ္စမျိုးမှာ ဆရာဝန်တွေက သိပ်ဂရုစိုက်လှတယ်မရှိဘဲ ဝင်လိုက်ထွက်လိုက်လောက်ပဲ လုပ်တတ်ကြတာလေ။ အရင်တုန်းက စစ်ထားတာတွေနဲ့ နောက်ဆုံးတွေ့ရတဲ့ လက္ခဏာတွေ ဘယ်လိုဆက်စပ်နေသလဲဆိုတာမျိုးလည်း ဘယ်သူမှ သိပ်ဂရုစိုက်နေကြတာ မဟုတ်ဘူး။ ကျုပ်ကို ဘာကြောင့် စိုက်ကြည့်နေတာတုံး၊ ကျုပ်ပြောတာ မှားလို့လား"

မမှားပါဘူး။ သူပြောတာ တစ်ခုမှ မမှားပါဘူး။ ဝိုင်တော့ မူးနေတာပေါ့။ ခင်ဗျားအနေနဲ့ အဆိုးတွေချည်း လျှောက်တွေးမနေဘူးဆိုရင်ပေါ့လေ။ တစ်ယောက်ယောက်ဟာ စိတ်ကူးစိတ်သန်းများ မြူးလာပြီဆိုရင် ၉၅ ဘတ်စကားပေါ်မယ် စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခု အစပျိုးပြီး သေခါနီး ချာတိတ်တစ်ယောက်ရဲ့ အိပ်ယာဘေးမယ် အဲဒါကို အဆုံးသတ်ပစ်လိုက်နိုင်တယ်ဆိုတာကို သနားစရာ လုခ်ကလေး ဆုံးပါးရတဲ့ကိစ္စက သက်သေပြလိုက်တာပဲ။ သူလည်း စိတ်သက်သာရာ ရသွားအောင် ခင်ဗျားပြောတာ မမှားဘူး

လို့ပဲ ကျွန်တော် ပြောလိုက်တယ်။ ဓာတ်လမ်းကို မဆက်ခင် ငတိက အပြင်ကို ငေးနေသေးတယ်။

"အင်းပါ၊ ခင်ဗျား ဘယ်လိုထင်ထင်ပေါ့။ အမှန်တော့ ရှာပနပြီးလို့ ရက်သတ္တပတ်နည်းနည်း အကြာမှာ ပျော်ရွှင်မှုလို့ ပြောရင်ရမယ့်ဟာမျိုး ကျုပ် ခံစားလာရတယ်။ လုခ်ရဲ့အမေဆီတော့ ရုံခါဆိုသလို သွားတွေ့တုန်းပဲ။ ကွက်ကီးဘူးလေး ဘာလေး သွားပေးရင်းနဲ့ပေါ့။ ဒါပေမယ့် သူမရော အဲဒီ အိမ်ပါ ကျုပ်အတွက် အဓိပ္ပာယ် မရှိတော့ဘူး။ ကျုပ်စိတ်ထဲမယ် ကျုပ်ဖြင့် ပထမဆုံး သေမျိုးဖြစ်ပြီဆိုတဲ့ အတွေးနဲ့ ပြည့်နေတယ်။ တစ်ရက်ပြီး တစ်ရက် ဝိုင်တစ်ခွက်ပြီးတစ်ခွက်နဲ့အမျှ ကျုပ်ဘဝဟာ ကုန်ဆုံးသွားရတော့ မယ်ဆို တာပေါ့။ တစ်ချိန်ချိန် တစ်နေ့ရာရာမှာတော့ အဲဒါ အဆုံးသတ်ရတော့ မယ်။

ကျုပ် တကယ့်ကို သေရမှာပဲဆိုတာ ဘယ်သူမှလည်း မသိဘူး။ ဒီစိတ်ပျက်ငြီးငွေ့စရာဘဝကို ထပ်ကျော်ဖို့ လုခ် ဆိုတာလည်း ဒီစက်ဝန်း ထဲကို ပြန်ဝင်မလာနိုင်တော့ဘူး။ ဟော့… လူ အဲလို ပြီးပြည့်စုံမှုကို ခင်ဗျား သိပ့်မလား။ အဲဒီပျော်ရွှင်မှုကို တည်နေမြဲနေတုန်းလေးမယ်၊ ကျုပ်ကို မနာ လိုတွေ ဘာတွေ ဖြစ်လိုက်စမ်းပါ"

ဒါပေမယ့် အဲဒါက တည်မြဲနေပုံမရပါဘူး။ ဘားဆိုင်ရယ်၊ ဝိုင်ရယ်၊ ခန္ဓာကိုယ်ကြောင့် မဟုတ်တဲ့ အဖျားတစ်မျိုးမျိုးနဲ့ လက်နေတဲ့ မျက်လုံးတွေ ရယ်က အဲဒါကို သက်သေပြနေတာပဲ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ သူ့အနေနဲ့ သူ့ဘဝရဲ့ နိစ္စဓူဝနံချာမှုအပေါ် ဆင်ခြင်ရင်း လနည်းနည်း ကြာသွားခဲ့ တယ်။ သူ့ မိန်းမနဲ့ ကွဲခဲ့တဲ့အကြောင်း၊ အနှစ်ငါးဆယ်စာ အဆုံးအရှုံးတွေ အကြောင်း၊ ပြီးတော့ ချိုးဖျက်မရနိုင်တော့တဲ့ သူ့ရဲ့သေနိုင်စွမ်းသတ္တိ အကြောင်းတွေ တွေးရင်းပေါ့။ တစ်နေ့လယ်ခင်းမှာတော့ လူဇင်ဘတ်ပန်းခြံ ကို ဖြတ်သွားရင်း သူ ပန်းတစ်ပွင့်ကို တွေ့တယ်။

"အဲဒါက ပန်းခင်းလေးတစ်ခု ဘေးမှာဗျ။ ရိုးရိုးအဝါရောင်ပန်းလေး တစ်ပွင့်ပဲ။ အဲဒါကိုကြည့်ရင်း ကျုပ် စိတ်တွေ ထွေထွေပြားပြား ဖြစ်လာ တယ်။ အဲဒီမှာ ရပ်ပြီး ဆေးလိပ်တစ်လိပ် ထုတ်သောက်မိတယ်။ ပန်းကလေး ကလည်း ကျုပ်ကို ကြည့်နေသလိုပဲ။ ဆက်သွယ်မှုတစ်ခု ရှိနေတာမျိုးပေါ့။

ကျုပ် ပြောတာ ခင်ဗျား သိပါတယ်။ လူတိုင်းခံစားရတဲ့ဟာပေါ့။ အလှတရား လို့ ခေါ်ကြတဲ့ဟာမျိုးပေါ့။

ပန်းတွေဟာ လှပါတယ်။ အဲဒီ ပန်းပွင့်ကလေးကတော့ အရမ်းကို မြတ်နိုးစရာ ကောင်းတာမျိုးပေါ့။ ကျုပ်ကတော့ အကြောင်း မကောင်းသူပါ။ တစ်နေ့ကျရင် ကျုပ်က ထာဝရသေဆုံးရမှာလေ။ ပန်းပွင့်လေးတွေ လှ တယ်ဗျာ။ နောင်ကိုလည်း လူတွေ အတွက် ပန်းတွေက ရှိနေဦးမှာပဲ။ ရုတ်တရက်ဆိုသလို ကျုပ် မရှိခြင်းဆိုတာကို သဘောပေါက်လာတယ်။ မရှိခြင်းတရားကို ကျုပ် ပြောချင်တာ။ အဲဒါဟာ ငြိမ်းချမ်းခြင်းပဲ။ စက်ဝန်း ကြီးရဲ့ အဆုံးပဲလို့ ကျုပ်ထင်ခဲ့တယ်။ ကျုပ် တစ်နေ့နေ့ သေရမှာပဲ။ လုခ်ဆို သေတောင်သေသွားပြီ။

ကျုပ်တို့ လူတွေအတွက် ပန်းတစ်ပွင့်တလေတောင် ရှိမှာမဟုတ်တော့ ဘူး။ ဘာဆိုဘာမှ ရှိမှာ မဟုတ်တော့ဘူး။ လုံးဝ မရှိခြင်းပဲ ရှိလိမ့်မယ်။ မရှိခြင်းဆိုတာ အဲဒါပဲ။ ပန်းဝါဝါလေးတစ်ပွင့်တောင် မရှိတော့တာမျိုးပဲ။ ဆေးလိပ်မီးကျွမ်းသွားလို့ ကျုပ်လက်တောင် နာသွားတယ်။ နောက်ရင်ပြင် တစ်ခုနားရောက်တော့ ကျုပ်ဘယ်ကိုသွားမှန်းမသိတဲ့ ဘတ်စကားတစ်စီးပေါ် တက်လိုက်တယ်။ ပြီးတော့ ဘေးဘီကို လျှောက်ကြည့်မိတယ်။ လမ်းထဲ တွေ့သမျှလူတိုင်း ကားပေါ်မှာ တွေ့သမျှ လူတိုင်းကို လိုက်ကြည့်မိတယ်။ ဂိတ်ဆုံးရောက်တော့ ကားပေါ်က ဆင်းလိုက်တယ်။ ဆင်ခြေဖုံးတွေဘက် တက်သွားတဲ့ နောက်ကားတစ်စီးပေါ်တက်တယ်။

တစ်နေ့ခင်းလုံး ညရောက်တဲ့အထိ ကျုပ် ဘတ်စ်ကားတွေပေါ် တက် လိုက်ဆင်းလိုက် လုပ်နေခဲ့တယ်။ ခေါင်းထဲမှာလည်း လုခ်နဲ့ ပန်းပွင့်တွေ အကြောင်းပဲ တွေးနေမိတယ်။ ခရီးသည်တွေကြားမှာ လုခ်နဲ့တူတဲ့လူများ ပါမလား။ ကျုပ်နဲ့ဖြစ်ဖြစ်၊ လုခ်နဲ့ဖြစ်ဖြစ် တူတဲ့လူများ ပါမလား။ ကျုပ် ဖြစ်နိုင်မယ့် လူတစ်ယောက်များ ပါလေမလား။ တစ်ချက်ကြည့်လိုက်တာနဲ့ အဲဒါကျုပ်ပဲလို့ သိနိုင်လောက်မယ့်လူများ ပါမလားရှာနေမိတယ်။ တွေ့များ တွေ့ရင် အဲဒီလူကို ဒီအတိုင်းပဲ ဆက်ပေးသွားမယ်။ ဘာစကားမှ သွား မပြောဘဲ ကားပေါ်က ပေးဆင်းမယ်။ သူ့ရဲ့ သနားစရာ စိတ်ပျက်ငြီးငွေ့

စရာဘဝကို ဆက်ပြီးရှင်သန်နိုင်အောင် အကာအကွယ်ပေးထားလိုက်မယ်။ သူ့ရဲ့ သုံးစားမရတဲ့ဘဝ....၊ နလပိန်းတုံးဘဝ...။ နောက်ထပ် သုံးစားရတဲ့ ဘဝ....၊ နောက်ထပ် နလပိန်းတုံးဘဝ...၊ နောက်ထပ်..."

ကျွန်တော် ပိုက်ဆံ ရှင်းလိုက်တယ်။

ဂျူလီယို ကော်တာဇာ (**Julio Cortazar**) ၏ **A Yellow flower** ကို ပြန်ဆိုသည်။

# ကလာရာ

**ရော်ဘတ်တို ဘိုလာနို** – ကဗျာဆရာအဖြစ် သူ့ကိုယ်သူ သတ်မှတ်ပေမယ့် တစ်ကမ္ဘာလုံးက ဝတ္ထု (တို/ရှည်) ဆရာအဖြစ်သာ အသိအမှတ်ပြုထား။ သူကိုယ်တိုင်ကတော့ ကဗျာရေးတဲ့ဝင်ငွေနဲ့ မလုံလောက်လို့ ဝတ္ထုတွေ ရေးနေတာလို့ အင်တာဗျူးတစ်ခုမှာ ပြောခဲ့။ တကယ်လည်း အသက်လေးဆယ်ကျော် ကလေးတစ်ယောက်ရပြီးမှ ဝတ္ထုတွေ စက်နဲ့လှည့်ထုတ်သလို ရေးခဲ့။ သူ့ကလေးတွေ နောင်ရေးအတွက် အချိန်ယူပြီး တစ်အုပ်စီခွဲထုတ်ဖို့ ထုတ်ဝေသူကို ဝတ္ထုငါးပုဒ်ပေးခဲ့။ အဲဒါတွေကို ထုတ်ဝေသူက တစ်အုပ်တည်း ပေါင်းထုတ်ပစ်လိုက်တဲ့ (ပေပါဘက်ခ်မှာတောင် လက်တစ်ဝါး အထူရှိတဲ့) ၂၆၆၆ ဝတ္ထု (ဝတ္ထုလို့ မခေါ်လည်း တခြားနာမည်ခေါ်စရာ မရှိတဲ့စာအုပ်) နဲ့ ကမ္ဘာကျော်ခဲ့။

ချီလီမှာမွေး၊ လူငယ်ဘဝမှာ မက္ကဆီကိုကို ပြောင်းရွှေ့။ အဲဒီမှာ ကဗျာလှုပ်ရှားမှုတစ်ခုမှာ ပါဝင် (အဲဒါကို သူ့ရဲ့ နောက်ထပ် နာမည်ကျော်လက်ရာတစ်ခုဖြစ်တဲ့ *Savage Dectectives* မှာ ပြန်လည် ထင်ဟပ်ထား)။ နောက်တော့ စပိန်ကို ပြောင်းလာ။ အဲဒီမှာ နေ့ဆို ပန်းကန်ဆေး၊ အမှိုက်သိမ်း၊ ညဆို စာရေး၊ ၁၉၈၁ ကနေ သေတဲ့အထိ ကတ်တလန် ကမ်းခြေမြို့လေး ဘလန်းနက်စ်မှာ နေသွားခဲ့။

သူ့ကို *The Boom* (၁၉၆၀ ပြည့်လွန် လက်တင်အမေရိက စာပေ ပေါက်ကွဲမှု) မျိုးဆက်အလွန် အကြီးကျယ်ဆုံး လက်တင်အမေရိက စာရေးဆရာအဖြစ် အသိအမှတ်ပြုထားကြပေမယ့် သူ့မှာ နိုင်ငံမရှိ၊ သူ့နိုင်ငံဟာ သူ့မိန်းမနဲ့ သူ့ကလေးနှစ်ယောက်ပဲလို့ ဆိုခဲ့။ ဘိုဟီးမီးယန်းစတိုင်နဲ့နေခဲ့တဲ့ နှစ်များစွာအပြီး တဖြည်းဖြည်း ယိုယွင်းလာတဲ့ အသည်းကို အစားထိုးခွင့်ရခါနီးမှာ ကွယ်လွန်။

✿

# ကလာရာ

"ရင်သားခပ်ကြီးကြီး၊ ခြေတံသွယ်သွယ်၊ မျက်လုံးပြာပြာ"

အဲဒါ သူမကို ကျွန်တော် အမှတ်ရနေတဲ့ ပုံစံပါပဲ။ သူမကို ဘယ်လိုကနေ ဘယ်လို အရူးအမူး ချစ်မိသွားသလဲ၊ ကျွန်တော် မသိဘူး။ အစပိုင်းတော့ အားလုံး အဆင်ပြေနေခဲ့တယ်။ ပထမဆုံးရက်တွေ၊ ပထမဆုံးနာရီတွေ အားလုံးပေါ့။ နောက်တော့ ကလာရာဟာ စပိန်တောင်ပိုင်းမှာရှိတဲ့ သူမရဲ့ မြို့ကို ပြန်သွားတယ်။ (သူမက ဘာစီလိုနာကို အလည်အပတ်ရောက်နေခဲ့တာပါ) အရာအားလုံးလည်း တစစီ ပြိုကွဲ ပျက်စီးသွားတော့တာပဲ။

တစ်ညတော့ နတ်သားတစ်ယောက်ကို ကျွန်တော် အိပ်မက်တယ်။ ကြီးမားပြီး ဟာလာဟင်းလင်းဖြစ်နေတဲ့ အရက်ဘားထဲ ကျွန်တော် ဝင်သွားခဲ့တယ်။ နတ်သားက စားပွဲမှာ တံတောင်ဆစ်ထောက်ထားပြီး ထိုင်နေတယ်။ သူ့ရှေ့မှာ နို့ခပ်များများ ကော်ဖီတစ်ခွက်…။

"သူမဟာ သင့်အတွက် တစ်သက်လုံး ချစ်ရမယ့်သူပဲ" လို့ ကျွန်တော့်ကို မော့ကြည့်ရင်း သူက ပြောလိုက်တယ်။ သူ့မျက်လုံးထဲမှာ မီးလျှံတွေ ရှိတယ်။ သူ့ရဲ့ စူးစိုက်တဲ့အကြည့်ကြောင့် ကျွန်တော် အခန်းတစ်ဖက်ကို လွင့်သွားတယ်။ ကျွန်တော် အော်ဟစ်လိုက်တယ်။

"ဝိတ်တာ… ဝိတ်တာ… "

ဒီ စိတ်ဆင်းရဲစရာ အိပ်မက်က ကျွန်တော် လွတ်မြောက်သွားတယ်။

နောက်ညတွေမှာ အိပ်မက်တော့ ထပ်မမက်တော့ဘူး။ ဒါပေမယ့် နိုးလာတိုင်း မျက်ရည်တွေနဲ့ ဖြစ်နေတယ်။ ကြားထဲမှာ ကလာရာနဲ့ ကျွန်တော် စာတွေ အပြန်အလှန် ရေးကြတယ်။ သူမရဲ့ စာတွေက ခပ်တိုတိုပဲ။

"ဘယ်လိုလဲ၊ မိုးရွာတယ်၊ ငါနင့်ကို ချစ်တယ်၊ ဘိုင့်ဘိုင်"

ဒါမျိုးတွေပဲ။ ပထမတော့ ဒီစာမျိုးတွေဖတ်ရတာ ကြောက်တောင် ကြောက်မိတယ်။ ဓာတ်လမ်းတော့ ပြီးပြီလို့ တွေးမိတယ်။ ဒါပေမယ့် စာတွေကို သေသေချာချာ ပြန်ဖတ်ပြီး သူမရဲ့ စာတွေ တိုတိုပြတ်ပြတ် ဖြစ်ရတာဟာ သဒ္ဒါအမှားတွေကို ရှောင်ချင်လို့ပဲလို့ ကျွန်တော် ကောက်ချက် ချလိုက်တယ်။ ကလာရာက မာန ခပ်ကြီးကြီး။ စာကောင်းကောင်းမရေး တတ်ပေမယ့် အဲဒါကို လူ မသိစေချင်ဘူး။ စာတွေ အေးစက်စက်ဖြစ်နေလို့ ကျွန်တော် နာကျင်ချင် နာကျင်ရပစေပေါ့။ အဲဒီလိုမျိုး…။

ကလာရာက ဆယ့်ခြောက်နှစ် ရှိပြီ။ အထက်တန်းကျောင်းက ထွက်ပြီး ပုဂ္ဂလိကကျောင်းတစ်ခုမှာ ဂီတ သင်တယ်။ အနားယူနေတဲ့ ရှမ္ပော်ခင်း ပန်းချီဆရာတစ်ယောက်ဆီက ပန်းချီသင်တယ်။ ဒါပေယ့် ဂီတမှာ လုံးဝစိတ်ဝင်စားတာ မဟုတ်ဘူး။ ပန်းချီကိုလည်း ဒီလိုပဲ။ ပန်းချီဆွဲရတာ သဘောတော့ကျတယ်။ သိပ်ပြီး စွဲစွဲလမ်းလမ်း ဖြစ်နေတာမျိုး မဟုတ်ဘူး။

တစ်နေ့တော့ ကျွန်တော်ရတဲ့ စာထဲမှာ သူမ အလှပြိုင်ပွဲတစ်ခု ဝင်မယ်လို့ ခပ်တိုတိုရေးထားတာ ဖတ်ရတယ်။ ကျွန်တော်က သူမရဲ့ အလှဘွဲ့ကို စာရွက်သုံးရွက်ကို ဟိုဘက်ဒီဘက်အပြည့် ရေးပြီး စာပြန်လိုက် တယ်။ သူမရဲ့ မျက်လုံးတွေက ဘယ်လို၊ သူမရဲ့ အပြစ်ကင်းတဲ့ ပုံပန်းလေး က ဘယ်လို စသည်ဖြင့်ပေါ့။ စာရေးပြီးတဲ့ အချိန်မှာ ပို့သင့် မပို့သင့် စဉ်းစားနေသေးတယ်။ နောက်ဆုံးတော့ ပို့လိုက်ပါတယ်။

စာပြန်လာဖို့ သီတင်းပတ်နည်းနည်းစောင့်လိုက်ရတယ်။ ကျွန်တော် ဖုန်းခေါ်မယ်ဆို ခေါ်လို့ရပါတယ်။ ဒါပေမယ့် သူမ အနှောင့်အယှက် မဖြစ်စေချင်ဘူး။ ပိုက်ဆံပြတ်နေတာကလည်း တစ်ကြောင်းပေါ့လေ။ ပြိုင်ပွဲ မှာ ကလာရာ ဒုတိယရတယ်။ သူတစ်ပတ်လောက် စိတ်တွေဆင်းရဲနေ

တယ်။ အံ့သြစရာကောင်းလောက်အောင် ကျွန်တော့်ဆီကို ကြေးနန်း တစ်စောင် ပို့လိုက်တယ်။

"ဒုတိယဆု၊ ရပ်…၊ နင့်စာကို ရတယ်၊ ရပ်…၊ ငါ့ကို လာတွေ့"

တစ်ပတ်ကြာတော့ သူမနေတဲ့ မြို့ကိုသွားတဲ့ ရထားပေါ် ကျွန်တော် ရောက်နေတယ်။ အဲဒီနေ့အဖို့ အစောဆုံးထွက်တဲ့ ရထားပဲ။ အဲဒီမတိုင်ခင် (ကြေးနန်းရပြီးမှ) ကျွန်တော်တို့ ဖုန်းနဲ့ စကားပြော ဖြစ်သေးတယ်။ အလှပြိုင်ပွဲအကြောင်းကိုလည်း ခဏခဏ နားထောင်ပြီးသား ဖြစ်နေပြီ။ ကြည့်ရတာ အဲဒီကိစ္စဟာ ကလာရာကို တော်တော်သက်ရောက်မှု ရှိပုံပဲ။

ဒါနဲ့ ကျွန်တော်လည်း အထုပ်အပိုးပြင်ပြီး ရထားပေါ် မြန်မြန်တက်ခဲ့ ရတယ်။ နောက်တစ်နေ့ မနက်စောစောကြီး တစ်ခါမှ မရောက်ဖူးတဲ့ သူမတို့ မြို့ကို ရောက်သွားတယ်။ ဘူတာရုံမှာ ကော်ဖီသောက် အချိန်ဖြုန်းတဲ့အနေနဲ့ စီးကရက်နည်းနည်းသောက်ပြီး ကိုးနာရီခွဲလောက်မှာ ကလာရာရဲ့ တိုက်ခန်း ကို ရောက်သွားတယ်။

ဆံပင်တွေ ရှုပ်ပွနေတဲ့ မိန်းမဝဝကြီးတစ်ယောက်က တံခါးဖွင့် ပေးတယ်။ ကျွန်တော်က ကလာရာနဲ့ တွေ့ဖို့လာတာပါလို့ပြောတော့ သား သတ်ရုံကို သွားနေတဲ့ သိုးတစ်ကောင်ကို ကြည့်တဲ့မျက်လုံးမျိုးနဲ့ ကျွန်တော့် ကို ကြည့်တယ်။ ခဏလောက် (အဲဒီတုန်းကတော့ အတော်ကြာတယ်လို့ ထင်မိတယ်။ နောက်ပိုင်း ပြန်စဉ်းစားကြည့်တော့ တကယ်လည်း ကြာပါ တယ်) ကလာရာကို ဧည့်ခန်းထဲမှာ ထိုင်စောင့်နေရတယ်။ စိတ်ရှုပ်စရာ ကောင်းပေမယ့် အလင်းရောင် ကောင်းကောင်းရပြီး ဧည့်သည်ကို လိုလား လက်ခံတဲ့ပုံပါပဲ။ ကလာရာဝင်လာတော့ နတ်ဘုရားမတစ်ပါး ကိုယ်ထင်ပြ လာသလားတောင် ထင်မိရဲ့…။ ဒီလိုတွေးမိတာ၊ ဒီလို ပြောရတာ ရူးမိုက် မှန်းသိပေမယ့် အဲဒီလို တကယ် ဖြစ်ခဲ့တာပါပဲ။

နောက်ပိုင်းရက်တွေကတော့ သာယာတာလည်းရှိ၊ မသာယာတာ လည်းရှိပေါ့လေ။ ကျွန်တော်တို့ ရုပ်ရှင်တွေ တော်တော် ကြည့်ဖြစ်တယ်။ တစ်နေ့ တစ်ကားနှုန်းလောက်ပဲ။ ကျွန်တော်တို့ ချစ်ကြတယ် (ကျွန်တော်က ကလာရာနဲ့ အတူတူအိပ်ခွင့်ရတဲ့ ပထမဆုံးယောက်ျားပဲ။ အဲဒါက တိုက်ဆိုက် တာလိုလို၊ ဟာသလိုလိုပဲ။ ဒါပေမယ့် နောက်ဆုံးမှာ အဲဒါကြောင့် ကျွန်တော်

ပေးဆပ်မှုကြီးကြီး လုပ်ရတော့တယ်။ ကျွန်တော်တို့ လမ်းတွေ လျှောက်ကြတယ်။ ကလာရာရဲ့ သူငယ်ချင်းတွေနဲ့ တွေ့တယ်။ စိတ်ပျက်စရာကောင်းတဲ့ ပါတီပွဲနှစ်ခုလည်း တက်ခဲ့သေးတယ်။ ကျွန်တော်က သူမကို ဘာစီလိုနာလာပြီး ကျွန်တော်နဲ့နေဖို့ ပြောတယ်။ တကယ်တော့ အဲဒီအခြေအနေမှာ သူမ ဘယ်လိုတုံ့ပြန်မယ်ဆိုတာ ကျွန်တော် သိပြီးသားပါ။ တစ်လအကြာမှာ ညရထားတစ်စီးနဲ့ ဘာစီလိုနာကို ပြန်ခဲ့တယ်။ ကျွန်တော် မှတ်မိတာက အတော်ဆိုးရွားတဲ့ ခရီးတစ်ခုဆိုတာပဲ။

မကြာခင်မှာ ကလာရာက ကျွန်တော့်ကို ဖြေရှင်းချက် စာတစ်စောင်ပို့တယ်။ သူမ ပို့ခဲ့သမျှ စာထဲမှာတော့ အရှည်ဆုံးပဲ။ သူမ ဘာဖြစ်လို့ ဇာတ်လမ်း မဆက်နိုင်တော့သလဲဆိုတာကို ရှင်းပြထားတယ်။

"အတူတူနေရအောင်လို့ ပြောခြင်းအားဖြင့် သူမကို ကျွန်တော်က မခံမရပ်နိုင်လောက်တဲ့ ဖိအားပေးတယ်။ ခုတော့ အားလုံးပြီးသွားပြီ" လို့ စာထဲမှာ ပါတယ်။

အဲဒီနောက်မှာ ဖုန်းသုံးလေးခါတော့ ပြောဖြစ်သေးတယ်။ သူမကို အပြစ်တင်တာတွေ၊ ဘယ်လောက်ချစ်တယ်ဆိုတာတွေပါတဲ့ စာရှည်ကြီးတစ်စောင် ရေးဖြစ်သေးတယ် ထင်တယ်။ တစ်ခါ ကျွန်တော် မော်ရိုကိုကို သွားနေတုန်း တည်းနေတဲ့ Algeciras မှာရှိတဲ့ ဟိုတယ်တစ်ခုကနေ သူမဆီ ဖုန်းခေါ် ဖြစ်သေးတယ်။ အဲဒီ အခေါက်တော့ ကျွန်တော်တို့ ယဉ်ကျေးပျူငှာ ပြောဖြစ်ကြတယ်။ အနည်းဆုံးတော့ အဲလိုထင်တာပဲ။

နှစ်တွေကြာပြီးတော့ ကလာရာက ကျွန်တော် မသိတဲ့ သူမဘဝရဲ့ အစိတ်အပိုင်းတွေအကြောင်း ပြောပြတယ်။ နှစ်တွေ တော်တော်ထပ်ကြာပြီးတော့ ကလာရာနဲ့ သူ့ သူငယ်ချင်းတွေက သူမရဲ့ ဘဝဇာတ်ကြောင်းကို ကျွန်တော်တို့ ခွဲခွာခဲ့ကြတဲ့ဆီကနေစပြီး ပြောပြတယ်။ ဝန်ခံရတာ မလွယ်ပေမယ့် ကျွန်တော်က သူတို့အတွက် ဒါမှမဟုတ် ကျွန်တော့်အတွက် ဘာမှ မထူးခြားတဲ့ ပါးမွှားဇာတ်ကောင်တစ်ကောင်ပါပဲ။ ကျွန်တော်တို့ရဲ့ အချိတ်အဆက် အဆုံးသတ်သွားပြီး မကြာခင်ပဲ ထင်ပါတယ်။ (အချိတ်အဆက်လို့ သုံးရတာတောင် ပိုကောင်းပိုနေမယ်။ ဒါပေမယ့် ကျွန်တော် ရှာလို့ရသမျှ အကောင်းဆုံး စကားလုံးပါပဲ) ကလာရာ အိမ်ထောင်ကျတယ်။ ဖိုး

ကံကောင်းကတော့ သူတို့မြို့ဆီ ကျွန်တော် ပထမအကြိမ် ရောက်သွားတုန်းက တွေ့ခဲ့ရတဲ့ သူငယ်ချင်းတွေထဲက တစ်ယောက်ပါပဲ။

အဲဒါမတိုင်ခင် သူမမှာ စိတ်ပိုင်းဆိုင်ရာ ပြဿနာတွေ ရှိနေခဲ့တယ်။ သူမဟာ ကြွက်တွေအကြောင်း အိပ်မက် မက်လေ့ရှိတယ်။ ညဆိုရင် အိပ်ခန်းထဲမှာ သူတို့ရဲ့ အသံတွေကို သူမ ကြားနေတတ်တယ်။ လပေါင်းများစွာကြာတဲ့အထိ ဧည့်ခန်းထဲက ဆိုဖာပေါ်မှာပဲ အိပ်ခဲ့ရတယ်။ လက်ထပ်တဲ့အထိပေါ့။ လက်ထပ်ပြီးတော့ အဲဒီသောက်ကြွက်တွေလည်း ပျောက်သွားတယ်။

ကလာရာ လက်ထပ်လိုက်ပြီ။ သူမရဲ့ ခင်ပွန်းက လူတိုင်းကို အံ့အားသင့်စေခဲ့တယ်။ သူမ အပါအဝင်ပေါ့။ တစ်နှစ်၊ နှစ်နှစ်လောက်ကြာတော့ သူတို့ လမ်းခွဲလိုက်တယ်။ ကလာရာက အဲဒီလို ပြောတယ် ထင်တာပဲ။ ကျွန်တော်လည်း သိပ်မမှတ်မိဘူး။ ညင်ညင်သာသာ လမ်းခွဲတာမျိုးတော့ မဟုတ်ဘူး။ ဟိုကောင်က အော်တယ်။ သူမက ပြန်အော်တယ်။ သူမက ဟိုကောင်ကို စပြီးရိုက်တယ်။ ဟိုကောင်က ပြန်ထိုးလိုက်တာ သူမ မေးပြုတ်သွားတယ်။ တစ်ခါတလေ တစ်ယောက်တည်း အိပ်မရတဲ့အခါ အခန်းမီးကလေးပိတ်ပြီး ကလာရာအကြောင်းကို တွေးနေမိတယ်။ အလှပြိုင်ပွဲဝင်ခဲ့တဲ့ ကလာရာတစ်ယောက် အောက်မေးပြုတ်နေတာကို မြင်ယောင်ကြည့်မိတယ်။သူမဘာသာ သူမ မေးပြန်စေ့လို့ မရလို့ လက်တစ်ဖက်က စတီယာရင်ကိုကိုင်၊ တစ်ဖက်က ပြုတ်နေတဲ့မေးကိုထိန်းပြီး အနီးဆုံးဆေးရုံကို မောင်းလိုက်ရသေးတယ်။ အဲဒါကို ရယ်စရာလို့ သဘောမထားချင်ပေမယ့် မရဘူး။

တကယ် ရယ်စရာကောင်းတာကိုတော့ သူမ လက်ထပ်တဲ့ညမှာ ကျွန်တော် တွေ့ရတော့တယ်။ အဲဒီ တစ်ရက်မတိုင်မခင်က သူမရဲ့ သွေးကြောရောင်ရောဂါအတွက် ခွဲစိတ်ခန်းဝင်ရတယ်။ ကျွန်တော်ထင်တာ သူမ နည်းနည်းတော့ ဂနာမငြိမ် ဖြစ်နေလိမ့်မယ်။ ဖြစ်ချင်မှလည်း ဖြစ်လိမ့်မယ်။ မင်္ဂလာဦးညမှာ သူမ အမျိုးသားနဲ့ ချစ်တောင် ချစ်နိုင်ရဲ့လားလို့တော့ ကျွန်တော် မမေးခဲ့မိဘူး။ ကျွန်တော် ထင်တာကတော့ သူတို့ ခွဲစိတ်မှု မတိုင်ခင် အဲဒါ လုပ်ချင်လည်း လုပ်ကြမယ်လို့။ အဲဒီလိုဆိုတော့ ဘာဖြစ်

သလဲ။ အခုလို အသေးစိတ်တွေ လျှောက်ပြောနေတော့ သူမ အကြောင်းထဲ ကျွန်တော့်အကြောင်းက ပိုပေါ်ကုန်ပြီ။

ဘာပဲဖြစ်ဖြစ် တစ်နှစ်၊ နှစ်နှစ်လောက်ကြာတော့ ကလာရာတစ်ယောက် ယောက်ျားနဲ့ ကွဲပြီး စာပြန်ဖတ်နေတော့တာပဲ။ သူမ တက္ကသိုလ်တော့ မတက်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အထက်တန်း မအောင်လို့ဘဲ။ ဒါပေမယ့် တခြားဟာတွေတော့ အကုန်လျှောက်စမ်းကြည့်တာပဲ။ ဓာတ်ပုံ၊ ပန်းချီ (ဘာကြောင့်လဲတော့ မသိဘူး။ သူမကိုယ်သူမ ပန်းချီဆရာမဖြစ်တယ်ထင်လိုက်သေးတယ်) ဂီတ၊ စာစီစာရိုက်၊ အိုင်တီ။ လူငယ်တွေ အရှုံးအမှုးဖြစ်ကြတဲ့ အလုပ်အကိုင်မျိုးတွေ ရစေမယ်ဆိုတဲ့ တစ်နှစ် ဒီပလိုမာတန်းတွေ အကုန်လျှောက်တက်လိုက်သေးတယ်။ သူမကို ရိုက်နှက်တတ်တဲ့ ယောက်ျားနဲ့ ကွဲခဲ့ပေမယ့် ကလာရာရဲ့ အတွင်းစိတ်ကတော့ လေနေပုံပဲ။

ကြွက်တွေ ပြန်လာတယ်။ ပြီးတော့ စိတ်ကျရောဂါ။ ပြီးတော့ ထူးဆန်းတဲ့ အဖျားအနာ သူမရဲ့ အစာအိမ်အနာကို ကုလိုက်တာ နှစ်နှစ်၊ သုံးနှစ်လောက်ကြာတယ်။ နောက်ဆုံး သူမရဲ့ အစာအိမ်ဟာ ဘာမှမဖြစ်ဘူးလို့ ဆရာဝန်တွေက ဆုံးဖြတ်တဲ့အထိပဲ။ အဲဒီအချိန်လောက်မှာ သူမ လူးဝစ်နဲ့တွေ့တယ်။ အကြီးတန်းအရာရှိတစ်ယောက်ပဲ။ သူ့တို့ ချစ်သူတွေ ဖြစ်သွားတယ်။ သူက သူမကို စီးပွားရေးအုပ်ချုပ်မှုနဲ့ ပတ်သက်တာ လေ့လာခိုင်းတယ်။ ကလာရာရဲ့ သူငယ်ချင်းတွေ အပြောအရတော့ နောက်ဆုံးမှာ ကလာရာတစ်ယောက် တကယ့်ဖူးစာရှင်နဲ့ တွေ့တာဆိုပဲ။ သိပ်မကြာခင်ပဲ သူတို့ အတူနေကြတယ်။ ကလာရာက ရုံးတစ်ရုံးမှာ အလုပ်ရတယ်။ ဥပဒေလုပ်ငန်း ဒါမှမဟုတ် အေဂျင်စီတစ်ခုပဲ။ တကယ်လန်းတဲ့ အလုပ်ပဲလို့ ကလာရာက ထွေငေါ့သံ မပါဘဲ ပြောတယ်။ သူမရဲ့ ဘဝဟာ ဒီတစ်ခါတော့ လမ်းမှန်ပေါ် တကယ် ရောက်သွားပြီလို့ ထင်ရတယ်။

လူးဝစ်ကလည်း ခံစားမှုသမားပဲ (သူမကိုတော့ ဘယ်တော့မှ မရိုက်ပါဘူး)။ နောက် ယဉ်လည်း ယဉ်ကျေးတယ် (ကျွန်တော် သိသလောက်တော့ စပိန်တွေ သန်းချီရှိတဲ့ အထဲမှာ မိုးဇက်ခွေတွေ အကုန်အရစ်ကျစနစ်နဲ့ ဝယ်နားထောင်တာ သူတစ်ယောက်ပဲ ရှိလိမ့်မယ်)။ ပြီးတော့ စိတ်လည်း ရှည်တယ် (သူမပြောတာတွေကို ညဘက်ရော၊ ရုံးပိတ်ရက်တွေပါ နား

ထောင်ပေးတယ်) ကလာရာမှာ သူမ အကြောင်းပြောစရာ သိပ်မရှိပါဘူး။ ဒါပေမဲ့ သူမက အဲဒါကိုပဲ မမောနိုင်မပန်းနိုင် ပြောတတ်တယ်။ သူမရဲ့ အလုပြိုင်ပွဲ အကြောင်းတော့ စိတ်ထဲ သိပ်မရှိတော့ဘူး။ အဲဒီအကြောင်း ခဏခဏ မပြောတော့ဘူး။ အခု သူမ ပြောတာက သူမ စိတ်ကျခဲ့တဲ့ အချိန်က အကြောင်းတွေပဲ။ သူမရဲ့ စိတ်တည်ငြိမ်မှု မရှိတဲ့အကြောင်း၊ သူမ ရေးချင်ပေမယ့် မရေးဖြစ်ခဲ့တဲ့ ပန်းချီကားတွေ အကြောင်းပဲ ပြောတော့တယ်။

သူတို့ ဘာဖြစ်လို့ ကလေးမရလဲတော့ ကျွန်တော်လည်း မသိဘူး။ အချိန်မရှိလို့ ဖြစ်ချင်ဖြစ်မယ်။ ကလာရာ ပြောတာတော့ လူးဝစ်က ကလေး ရှုးဆိုပဲ။ သူမက အချိန်တွေကို စာဖတ်ဖို့ သုံးရတယ်။ ဂီတနားထောင်ဖို့ သုံးရတယ် (မိုးဇက်ပေါ့၊ နောက်ပိုင်းတော့ တခြား တေးရေးဆရာတွေလည်း ပါလာတယ်)။ နောက် ဓာတ်ပုံလည်း ရိုက်ရသေးတယ်။ ရိုက်ထားတဲ့ ပုံတွေကိုတော့ ဘယ်သူ့ကိုမှ ပြလေ့မရှိဘူး။ ကလာရာဟာ သူမရဲ့ ကိုယ်ပိုင်လျှို့ဝှက်ပြီး အသုံးမကျတဲ့ နည်းလမ်းတွေနဲ့ သူမရဲ့ လွတ်လပ်မှုကို ကာကွယ်ဖို့ ကြိုးစားလေ့ရှိတယ်။ တစ်ခုခုကို သင်ယူဖို့ ကြိုးစားလေ့ ရှိတယ်။

အသက်သုံးဆယ့်တစ်နှစ်မှာ သူမ ရုံးက ကောင်တစ်ကောင်နဲ့ အိပ်တယ်။ ဒါမျိုးက ဖြစ်တတ်ပါတယ်။ ဒီလောက်လည်း မဟုတ်ပါဘူး။ ဒါပေမယ့် ကလာရာက အမှားတစ်ခု လုပ်လိုက်တယ်။ အဲဒါကတော့ လူးဝစ်ကို သွားပြောတာပဲ။ ရန်ပွဲက ကြောက်ဖို့တောင် ကောင်းတယ်။ လူးဝစ်က ကုလားထိုင်တစ်လုံးနဲ့ သူ ဝယ်ထားတဲ့ ပန်းချီကားတစ်ချပ်ကို ချိုးပစ်လိုက်တယ်။ အရက်တွေ သောက်တယ်။ သူမကိုလည်း တစ်လ လောက် စကားမပြောဘူး။ ကလာရာပြောတာတော့ အဲဒီနေ့ကစပြီး အရာရာ ဟာ ပုံမှန်ပြန်မဖြစ်တော့ဘူး။ ပင်လယ်ကမ်းခြေ မြို့လေးတစ်မြို့ကိုသွားပြီး ပြန်ပေါင်းထုတ်ခဲ့ကြပေမယ့် အဲဒီခရီးစဉ်ကလည်း ဝမ်းနည်းစရာ အေးစက် စက်ခရီးပဲ ဖြစ်ခဲ့တယ်။

အသက် သုံးဆယ့်နှစ်မှာ သူမရဲ့ လိင်မှုဘဝဟာ မရှိသလောက် ဖြစ်လာတယ်။ သုံးဆယ့်သုံး မပြည့်ခင်ကလေးမှာ လူးဝစ်က သူမကို

ပြောလာတယ်။ သူမကို ချစ်ပါတယ်။ လေးစားပါတယ်။ သူမကို ဘယ်တော့မှ မေ့မှာ မဟုတ်ပါဘူး။ ဒါပေမယ့် သူ အလုပ်ကတစ်ယောက်နဲ့ တွေ့တွေ့နေတာ လနည်းနည်းကြာသွားပြီ။ အဲဒီတစ်ယောက်က တစ်ခုလပ်၊ ကလေးတွေ ရှိတယ်။ နားလည်နိုင်စွမ်းရှိတဲ့ မိန်းမကောင်းတစ်ယောက်လို့ လူးဝစ်က ဆိုတယ်။ သူ အဲဒီတစ်ယောက်နဲ့ သွားနေတော့မယ်လို့ သူ့အစီအစဉ်ကို ပြောပြတယ်။

အပေါ်ယံကြည့်ရင်တော့ ကလာရာဟာ လင်မယားကွဲတာကို အေးအေးလူလူ လက်ခံလိုက်တယ် (သူမကို တစ်ယောက်ယောက်က ထားသွားတာ ဒါ ပထမဆုံးပဲ) ဒါပေမယ့် လနည်းနည်းကြာတော့ သူမ စိတ်ကျရောဂါ ပြန်စတယ်။ အလုပ်က ခွင့်ယူလိုက်ရတယ်။ စိတ်ကုဆရာဝန်နဲ့ပြပေမယ့် သိပ်ထူးမလာဘူး။ ဆေးတွေက သူမကို စိတ်တွေ ကြွစေတယ်။ ကျွန်တော် အပါအဝင် တခြားယောက်ျားတွေနဲ့ ဆက်ဆံရေး ထူထောင်ဖို့ ကြိုးပမ်းပေမယ့် မအောင်မြင်ဘူး။

သူမ ကြွက်တွေအကြောင်း ပြောပြန်တယ်။ သူတို့က သူမကို အလွတ်မပေးဘူး။ စိတ်တွေ မငြိမ်တော့ဘူး ဆိုရင် သူမ ရေချိုးခန်းသွားတယ်။ (သူမနဲ့ သွားပြန်အိပ်တဲ့ ပထမညမှာ သူမ အပေါ့ဆယ်ခါလောက်သွားတယ်)။ သူမ အကြောင်း သူမ ဘေးလူတစ်ယောက်ရဲ့ အမြင်နဲ့ ပြောပြတယ်။ တကယ်လည်း သူမရဲ့ ဝိညာဉ်ထဲမှာ ကလာရာ သုံးယောက် ရှိတယ်လို့ ကျွန်တော့်ကို ပြောဖူးတယ်။ ကလေးလေး၊ မိသားစုထဲမှာ ပိတ်မိနေတဲ့ အဘွားအို၊ မိန်းမငယ် (တကယ့် ကလာရာ)။

တကယ့် ကလာရာကတော့ မြို့ကနေ ထွက်သွားချင်တယ်။ ပန်းချီဆွဲချင်တယ်။ ဓာတ်ပုံတွေ ရိုက်ချင်တယ်။ ခရီးတွေ ထွက်ချင်တယ်။ သူမနဲ့ ပြန်ဆုံပြီး အစောပိုင်းနေ့တွေမှာ သူမရဲ့ အသက်ကိုတောင် ကျွန်တော် စိတ်ပူမိတယ်။ ကျွန်တော် အပြင်ထွက်ပြီး ပြန်လာရင် သူမ သေနေတာကို တွေ့ရမှာစိုးလို့ ဈေးတွေ ဘာတွေတောင် ထွက်မဝယ်ဖြစ်ဘူး။ ဒါပေမယ့် ရက်တွေ ကြာလာတာနဲ့ ကျွန်တော့် ပူပန်မှုတွေလည်း လျော့သွားတယ်။ ကလာရာဟာ သူ့ကိုယ်သူတော့ သတ်သေမှာ မဟုတ်ဘူးလို့ ကျွန်တော်

သိလာတယ် (ကျွန်တော့်ကို ကျွန်တော် အဲဒီလို မြင်စေတာလည်း ဖြစ်နိုင်တယ်) သူမကိုယ်သူမ ဝရန်တာပေါ်ကနေ ပစ်ချမှာ မဟုတ်ဘူး။ သူမ ဘာမှ လုပ်မှာ မဟုတ်ပါဘူး။

အဲဒါပြီးတော့ သိပ်မကြာခင် သူမကို ကျွန်တော် ထားပစ်ခဲ့တယ်။ ဒါပေမဲ့ ဒီတစ်ခါ သူမကို မကြာမကြာ ဖုန်းဆက်တယ်။ သူမရဲ့ သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ် မပြတ်အောင်နေတယ်။ အဲဒါကြောင့် သိဖို့ မလွယ်တဲ့ တချို့ကိစ္စတွေကို သိခဲ့ရတယ်။ စိတ်သက်သာရာရဖို့ အကြောင်းမမြင်တဲ့ ဓာတ်လမ်းတွေလည်း ကြားရတယ်။ ကိုယ့်ကိုယ်ကိုယ် စိတ်မဆင်းရဲစေချင်တဲ့ သူတစ်ယောက် ရှောင်ရမယ့် သတင်းမျိုးတွေ ကြားရတယ်။

ကလာရာ အလုပ်ပြန်လုပ်တယ်။ (ဒီတစ်ခါ သောက်တဲ့ဆေးက သူမရဲ့အမြင်ကို အံ့အားသင့်လောက်အောင် ပြောင်းပစ်လိုက်တယ်။ မကြာခင်မှာပဲ သူမကို သိပ်အဝေးကြီး မဟုတ်တဲ့ အင်ဒါလူးရှားဘက်က ရုံးခွဲကို ပြောင်းပစ်လိုက်တယ်။ အဲဒီမှာ သူမ ဂျင်တွေ ဘာတွေ စပြီး သွားတယ်။ (သုံးဆယ့်လေးနှစ်အရွယ်မှာ ကျွန်တော် သူမကို စသိခဲ့တဲ့ ဆယ်ခုနစ်နှစ်က လိုတော့ မလှတော့ဘူးပေါ့)။ သူငယ်ချင်း အသစ်တွေလည်း ရတယ်။ အဲဒီလိုနဲ့ ပါကိုနဲ့ စတွေ့တာပဲ။ ပါကိုကလည်း လင်မယားကွဲထားတာပဲ။

သိပ်မကြာခင် သူတို့ လက်ထပ်ကြတယ်။ ပထမတော့ ပါကိုက ကလာရာ ဓာတ်ပုံတွေ၊ ပန်းချီတွေအကြောင်း နားထောင်မယ့်သူရှိရင် ပြောတာပဲ။ ကလာရာကလည်း ပါကိုဟာ ဉာဏ်ရည်ထက်မြက်တယ်။ အနုပညာကို ခံစားတတ်တယ်ပေါ့။ အချိန်ကြာလာတော့ ကလာရာရဲ့ အနုပညာဖန်တီးမှုအပေါ် ပါကိုရဲ့ စိတ်ဝင်စားမှုက လျော့လာတယ်။ သူ ကလေးလိုချင်တယ်။ ကလာရာက သုံးဆယ့်ငါးနှစ်ရှိနေပြီ။ စစချင်းတော့ သူမက ကလေးယူဖို့ စိတ်မဝင်စားဘူး။ ဒါပေမယ့် သူမ အလျှော့ပေးလိုက်တယ်။ သူတို့ ကလေးတစ်ယောက် ရတယ်။

ကလာရာပြောတဲ့အတိုင်း ပြောရရင် ကလေးက သူမရဲ့ လိုအင်တွေကို အကုန်ဖြည့်ပေးလိုက်တယ်။ သူငယ်ချင်းတွေ ပြောတာကတော့ ဖြည်းဖြည်းချင်း အခြေအနေ ပိုဆိုးလာတယ်။

တစ်ခါတော့ ဒီဝတ္ထုနဲ့ မဆိုင်တဲ့ အကြောင်းတစ်ခုနဲ့ ကလာရာနေတဲ့ မြို့ကို ကျွန်တော် တစ်ညအိပ် ရောက်သွားတယ်။ ဟိုတယ်ကနေ သူမဆီကို ဖုန်းဆက်လိုက်တယ်။ ကျွန်တော် ဘယ်မှာရှိနေတယ်ဆိုတာပြောပြီး နောက် နေ့မှာတွေ့ဖို့ ချိန်းလိုက်တယ်။ ကျွန်တော်ကတော့ အဲဒီညထဲက သူမနဲ့ တွေ့ချင်တာ။ ဒါပေမယ့် နောက်ဆုံးတစ်ခေါက် တွေ့အပြီးမှာ ကလာရာက ကျွန်တော့်ကို သိပ်ကြည်ပုံမရလို့ ကျွန်တော်လည်း အတင်း မတိုက်တွန်း တော့ဘူး။

သူမ ပုံစံက မှတ်မိစရာတောင် မရှိဘူး။ ပေါင်ချိန်တွေ တိုးနေတယ်။ မိတ်ကပ်လိမ်းထားပေမယ့် နွမ်းဖတ်ဖတ် ဖြစ်နေတယ်။ အရွယ်ကြောင့် မဟုတ်ဘဲ တစ်ခုခုကို အားမလိုအားမရတဲ့ပုံလို ဖြစ်နေတယ်။ ဖြစ်ချင်တာ တစ်ခုခုမဖြစ်လို့ ဖြစ်ပုံရတယ်။ ကလာရာက အရင်က ဟိုဟာဖြစ်ချင်တာ၊ ဒီဟာဖြစ်ချင်တာ မရှိတာမို့ ကျွန်တော့်ကို အံ့အားသင့်စေတယ်။

ဟုတ်တယ်လေ...။ မဖြစ်ချင်ရင် ဘယ်လိုလုပ် အားမလိုအားမရ ဖြစ်စရာ ရှိမှာလဲ။ သူမရဲ့ပြုံးပုံကတောင် ပြောင်းလဲနေသလိုပဲ။ အရင်တုန်းက တောမြို့ခပ်ကြီးကြီးတစ်ခုက မိန်းကလေးငယ်တစ်ယောက်ရဲ့ နွေးထွေးပြီး နည်းနည်းရိုးအပုံရတဲ့ အပြုံးမျိုး။ အခုတော့ ကြည့်တဲ့လူကို အနှောင့်အယှက် ဖြစ်စေတဲ့ ခပ်ညစ်ညစ် အပြုံးမျိုး။ အပြုံးရဲ့နောက်က အမျက်၊ ဒေါသနဲ့ မစ္ဆရိယကို မြင်နေရတယ်။ ကျွန်တော်တို့ ခပ်တုံးတုံးပုံစံနဲ့ တစ်ယောက်ပါး တစ်ယောက် နမ်းကြတယ်။ ခဏကြာ ထိုင်နေပြီးတဲ့အထိ ဘာပြောရမှန်း မသိ ဖြစ်နေကြတယ်။

ကျွန်တော်ကပဲ တိတ်ဆိတ်မှုကို စတင်ချိုးဖျက်လိုက်တယ်။ သူမရဲ့ ကလေးအကြောင်း မေးလိုက်တယ်။ သူမက ကလေးကို နေ့ကလေးထိန်း ပို့ထားတယ်လို့ ပြောတယ်။ ကျွန်တော့်အကြောင်း ပြန်မေးတယ်။ သူ အဆင်ပြေပါစေလို့ ကျွန်တော် ပြန်ဖြေလိုက်တယ်။ တစ်ခုခုမလုပ်ရင် ကျွန် တော်တို့ရဲ့ တွေ့ဆုံမှုဟာ သည်းမခံနိုင်လောက်အောင် စိတ်ထိခိုက်စရာ ဖြစ်လာတော့မယ်လို့ နှစ်ယောက်စလုံး သိလိုက်တယ်။ ကလာရာက သူမ ပုံစံ ဘယ်လိုနေလဲလို့ မေးတယ်။ သူမကို ဖြတ်ရိုက်လိုက်ဖို့ ပြောနေသလိုပဲ။ အလိုလိုနေရင်း အရင်တုန်းက အဖြေမျိုး ကျွန်တော် ပြန်ပေးလိုက်တယ်။

ကျွန်တော်တို့ ကော်ဖီသောက်တယ်။ ပြီးတော့ လမ်းတစ်လျှောက် သစ်ပင်တွေ ရှိတဲ့ ရိပ်သာလမ်းတစ်ခုအတိုင်း လမ်းလျှောက်ကြတယ်။

လမ်းက ဘူတာရုံဆီ တည့်တည့်ရောက်သွားတယ်။ ကျွန်တော် စီးရမယ့် ရထားက ထွက်ခါနီးနေပြီ။ ဘူတာရုံအဝမှာ သူမကို နှုတ်ဆက်လိုက်တယ်။ အဲဒါ သူမကို ကျွန်တော် နောက်ဆုံးအကြိမ် တွေ့ရတာပဲ။ သူမ မသေခင် ဖုန်းနဲ့တော့ စကားတွေ ပြောဖြစ်ခဲ့တယ်။ ကျွန်တော်က သူမဆီ တစ်လ သုံးလေးခါ ဖုန်းဆက်တယ်။ သူမရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေ သိပ်မပြောဘူး။ (အရက်ဘားမှာ သူစိမ်းတွေနဲ့ ဘောလုံးပွဲအကြောင်းလေး ဘာလေးပဲ ပြောသလိုပေါ့)။ သူမ မိသားစုအကြောင်းတော့ ပြောဖြစ်တယ်။ ကလေးအကြောင်း၊ အလုပ်အကြောင်းတွေလည်း ပြောဖြစ်တယ်။

သူမနဲ့ စကားပြောရတာ ကျူဗစ်ဇင်ကဗျာ ဖတ်ရသလို ဖြစ်နေတယ်။ အရင်အလုပ်ကိုပဲ သူမ ဆက်လုပ်နေတယ်။ နှစ်တွေကြာလာတော့ လုပ်ဖော်ကိုင်ဖက်တွေအကြောင်း၊ အကြီးအကဲတွေရဲ့ ပြဿနာတွေ အကြောင်းတောင် အတော်သိနေပြီ။ သူများ လျှို့ဝှက်ထားတာလေးတွေ သိရရင် သူမ အတော်ပျော်နေပုံပဲ။

တစ်ခါတော့ သူမရဲ့ ယောက်ျားအကြောင်း ကျွန်တော် စကားစကြည့်တယ်။ သူမက အဲဒါကို လုံးဝ အစမခံဘူး။ မင်းဟာ အကောင်းဆုံးနဲ့ပဲ တန်ပါတယ်လို့ ကျွန်တော်ပြောတော့ အဆန်းပါလားလို့ သူမက ပြန်ပြောတယ်။ ဘာဆန်းတာလဲလို့ ကျွန်တော်က မေးတယ်။ လူတိုင်းက အဲဒီလို ပြောတာ ဆန်းတာပေါ့လို့ သူမက ဖြေတယ်။ ကျွန်တော် စကားလမ်းကြောင်းပြောင်းဖို့ ကြိုးစားတယ်။ ကျွန်တော့်မှာ အကြွေစေ့ ကုန်တော့မယ်လို့ ပြောပြီး ဖုန်းချလိုက်တယ်။ (ကျွန်တော့်မှာ ဖုန်းတစ်လုံး ဘယ်တော့မှ မရှိခဲ့ဘူး။ နောက်လည်း ရှိမှာမဟုတ်ဘူး။ အများသုံးဖုန်းကိုပဲ အမြဲသုံးတယ်)၊ ကလာရာနဲ့ နောက်တစ်ခေါက် အငြင်းအခုံဖြစ်လို့ မရတော့ဘူးလို့ ကျွန်တော် သိတယ်။ သူမရဲ့ မဆုံးနိုင်တဲ့ သုံးသပ်စီရင်ချက်တွေကို နားမထောင်နိုင်တော့ဘူး။

သိပ်မကြာသေးတဲ့ တစ်ညကတော့ သူမမှာ ကင်ဆာဖြစ်နေပြီလို့

ကျွန်တော့်ကို ပြောတယ်။ သူမရဲ့အသံက ခါတိုင်းလို ခပ်အေးအေးပဲ။ သူမရဲ့ ဘဝအကြောင်းကို ပြန်ပြန်ပြောတဲ့အခါ သုံးတတ်တဲ့ ခပ်ညှံ့ညှံ့ ပုံပြောဆရာရဲ့ စိတ်မပါလက်မပါ လေသံမျိုးပဲ။ "ဟာ…" တွေ၊ "ဟင်…" တွေကလည်း သူ့နေရာနဲ့သူ မဟုတ်ဘူး။ ဆရာဝန်နဲ့ တွေ့ထားလားလို့ ကျွန်တော်က မေးလိုက်တယ်။ ကင်ဆာဆိုတာ သူမဘာသာ ဆုံးဖြတ်ထားတာလားပေါ့။ (ပါကိုရဲ့ အကူအညီနဲ့လည်း ဖြစ်နိုင်တယ်)၊ ဆရာဝန် ပြပြီးပြီလို့ သူမက ပြောတယ်။ လိုင်းရဲ့တစ်ဖက်မှာ ခပ်အုပ်အုပ် အသံတစ်ခု ကြားရတယ်။ သူမ ရယ်နေတာ။ ကျွန်တော်တို့ ကလေးတွေ အကြောင်း နည်းနည်းပြောကြတယ်။ (သူမ အထီးကျန်ဆန်နေ ဒါမှမဟုတ် ငြီးငွေ့နေတာလည်း ဖြစ်ချင်ဖြစ်မယ်) ကျွန်တော့်ဘဝအကြောင်း ပြောပြပါလားလို့ မေးလာတယ်။

ကျွန်တော် အဖြေတစ်ခု ချက်ချင်း စဉ်းစားမိတယ်။ နောက်အပတ် ဖုန်းပြန်ဆက်လိုက်မယ်လို့ ပြောလိုက်တယ်။ အဲဒီညက ကျွန်တော် အိပ်မရဘူး။ အိပ်မက်ဆိုးတွေ တစ်ခုပြီးတစ်ခု မက်တယ်။ ရုတ်တရက်နိုးလာပြီး အော်ဟစ်ပစ်လိုက်တယ်။ ကလာရာ ကျွန်တော့်ကို လိမ်တာပဲလို့ ကိုယ့်ကိုယ်ကိုယ် အယုံသွင်းပစ်လိုက်တယ်။ သူမ ကင်ဆာ မဖြစ်ပါဘူး။ တခြား တစ်ခုခုဖြစ်တာ နေလိမ့်မယ်။ အနှစ်နှစ်ဆယ်လုံးလုံး သူမ တစ်ခုမဟုတ် တစ်ခု ဖြစ်နေတာပဲလေ။

အမျိုးစုံပဲ။ ဒါပေမယ့် ကင်ဆာတော့ မဖြစ်ခဲ့ပါဘူး။ နံနက်ငါးနာရီမှာ အိပ်ရာကထပြီး ပါဆီယိုမာရီတီမိုဘက်ကို လျှောက်လာခဲ့တယ်။ လေက ကျောဘက်ကနေ တိုက်နေတယ်။ ဆန်းတော့ဆန်းတယ်။ ပုံမှန်တော့ လေက ပင်လယ်ဘက်က တိုက်နေတာကိုး။ ပါဆီယိုမှာရှိတဲ့ ကော်ဖီဆိုင်တွေထဲက အကြီးဆုံးတစ်ဆိုင်နားမှာရှိတဲ့ ဖုန်းဆိုင်ကို ရောက်တဲ့အထိ မရပ်ဘဲ ဆက်လျှောက်သွားတယ်။ ကော်ဖီဆိုင်မျက်နှာစာမှာ ခုံတွေ လွတ်နေတယ်။ ခုံတွေကို စားပွဲတွေနဲ့ သံကြိုးခတ်ထားတယ်။ ခပ်လှမ်းလှမ်း ပင်လယ်စပ်က ခုံတန်းတစ်ခုမှာ အိမ်ခြေယာမဲ့ လူတစ်ယောက် အိပ်စက်နေတယ်။ သူ့ဒူးတွေကို ထောင်ထားတယ်။ တစ်ချက်ချက် ပခုံးကို တွန့်လိုက်တယ်။ အိပ်မက်ဆိုးတွေ မက်နေပုံပဲ။

ကျွန်တော့် ဖုန်းစာအုပ်ထဲမှာ ကလာရာနေတဲ့မြို့ ဖုန်းနံပါတ်တစ်ခုပဲ ရှိတယ်။ ကျွန်တော် အဲဒီနံပါတ်ကို နှိပ်လိုက်တယ်။ အတော်လေးကြာမှ မိန်းမတစ်ယောက် လာကိုင်တယ်။ ကျွန်တော် ဘယ်သူလဲပြောလိုက်ပြီး ဘာမှ ဆက်မပြောနိုင်ဘူး ဖြစ်နေတယ်။ ဟိုဘက်က ဖုန်းချသွားပြီလားလို့ ထင်လိုက်မိတယ်။ ဒါပေမယ့် မီးခြစ်ခြစ်သံ၊ စီးကရက်မီးခိုးကို ရှုတ်ခမ်း ကြားထဲ ရှိုက်သွင်းသံတွေ ကြားလိုက်ရတယ်။ ဟဲလို… ဟိုဘက်က အသံထွက်လာတယ်။ ဟဲလို… ကျွန်တော် ပြန်ထူးလိုက်တယ်။ ရှင်ကလာ ရာနဲ့ စကားပြောပြီးပြီလား။ ဟုတ်ကဲ့… လို့ ပြန်ဖြေလိုက်တယ်။ သူမ ကင်ဆာ ဖြစ်နေတာ ရှင့်ကို ပြောလား။ ဟုတ်ကဲ့… လို့ ကျွန်တော် ထပ်ဖြေတယ်။ ဟုတ်တယ်၊ အဲဒါ တကယ်ပဲ။

ကလာရာနဲ့ ကျွန်တော် တွေ့ခဲ့ကြပြီး နောက်ပိုင်းနှစ်ကာလတွေဟာ ကျွန်တော့်အပေါ် ရုတ်တရက်ပြန်ပြီး ပုံကျလာသလိုပါပဲ။ တကယ်တော့ အဲဒီ အချိန်တော်တော်များများဟာ သူမနဲ့ ဘာမှ ပတ်သက်မှု မရှိခဲ့ပါဘူး။ မိုင်တွေ အများကြီးကိုဖြတ်ပြီး ဟိုဘက်က အမျိုးသမီး ဘာဆက်ပြောသလဲ ဆိုတာ ကျွန်တော် မကြားတော့ပါဘူး။ သတိလက်လွတ်ဖြစ်ပြီး ရှုဘင်ဒါရီ ယိုရဲ့ ကဗျာထဲကလို ကျွန်တော် ငိုမိတော့မယ်လို့တောင် ထင်မိတယ်။ ကျွန်တော် အိတ်ကပ်ထဲမှာ စီးကရက် လိုက်စမ်းကြည့်တယ်။ ဓာတ်လမ်းရဲ့ အစိတ်အပိုင်းတစ်ခုစီကို နားထဲမှာ ပြန်ကြားလာတယ်။ ဆရာဝန်၊ ခွဲစိတ်မှု၊ ကွဲပြားခြားနားတဲ့အမြင်၊ ကျွန်တော် မသိတဲ့၊ ထိစမ်းကြည့်လို့မရတဲ့၊ ဘာမှ လုပ်မပေးနိုင်တဲ့ ကလာရာရဲ့ လှုပ်ရှားမှုတွေ…။ ကျွန်တော့်ကို ဘယ်တော့မှ မကယ်ခဲ့တဲ့ ကလာရာ…။

ကျွန်တော် ဖုန်းချလိုက်တဲ့အချိန်မှာ အိမ်ခြေယာမဲ့ပုဂ္ဂိုလ်ဟာ ငါးပေ အကွာလောက်မှာ ရပ်နေတယ်။ သူ ကပ်လာတာ ကျွန်တော် မသိလိုက်ဘူး။ အရပ်မြင့်မြင့် ပြီးတော့ ရာသီဥတုနဲ့ လိုက်ဖက်အောင် ဝတ်ထားစားထား တယ်။ အဝေးမှုန် နေသလိုမျိုး ဒါမှမဟုတ်ရင် ကျွန်တော် ထွက်ပြေးသွားမှာ စိုးရိမ်နေသလိုမျိုး၊ ကျွန်တော့်ကို သူ စိုက်ကြည့်နေတယ်။ ကျွန်တော်ကတော့ စိတ်ထိခိုက်လွန်းလို့ ကြောက်ရမှန်းလည်း မသိတော့ဘူး။ မြို့ရဲ့ မြေလိမ် မြေကောက် လမ်းတွေအတိုင်း လမ်းလျှောက်ပြီး ပြန်လာခဲ့တယ်။ အဲဒီ

လူကို တွေ့လိုက်ရလို့ ကလာရာကိုတောင် ပထမဆုံးအကြိမ်အဖြစ် အခိုက်အတန့် မေ့သလိုဖြစ်သွားတာ ကျွန်တော် သတိပြုမိလိုက်တယ်။

အဲဒီနောက်မှာ ကျွန်တော်တို့ မကြာမကြာ ဖုန်းပြော ဖြစ်တယ်။ တချို့အပတ်တွေမှာ သူမကို တစ်နေ့နှစ်ခါ ဖုန်းခေါ် ဖြစ်တယ်။ ကျွန်တော်တို့ ပြောတာတွေက ခပ်တိုတို။ တောရောက် တောင်ရောက်တွေ။ ကျွန်တော် တကယ်ပြောချင်တာကိုလည်း ဘယ်လိုမှ ပြောလို့မရဘူး။ အဲဒါကြောင့် ခေါင်းထဲရောက်လာတဲ့ ဘယ်အကြောင်းအရာမဆို လျှောက်ပြောပစ်လိုက်တယ်။ သူမ ရယ်ချင်လည်း ရယ်မှာပဲလို့တောင် တွေးမိသေးတယ်။

တစ်ခါတော့ စိတ်ခပ်ထွေထွေနဲ့ အရင်တုန်းက နေ့တွေအကြောင်း ပြောမိတယ်။ ကလာရာကတော့ ရေခဲတုံး လုပ်မြဲပဲ။ ကျွန်တော်လည်း လက်လျှော့ပြီး လွမ်းနာထပြတာကို ရပ်လိုက်ရတယ်။ ခွဲစိတ်မယ့်နေ့ နီးလာတာနဲ့ ကျွန်တော် ဖုန်းခေါ်တာ ပိုစိပ်လာတယ်။ တစ်ခါတော့ ကျွန်တော် သူ့သားနဲ့ ပြောဖြစ်တယ်။ နောက်တစ်ခါကျ ပါကိုနဲ့။ ကျွန်တော့်လောက်တော့ သူတို့ ဂနာမငြိမ် ဖြစ်မနေဘူး။ ကျွန်တော် လွဲတာလည်း ဖြစ်ချင်ဖြစ်မယ်။ တကယ်လည်း လွဲနေတယ်။ လူတိုင်းက ကျွန်တော့်အတွက် စိတ်ပူနေရတယ်လို့ တစ်နေ့လယ်မှာ ကလာရာက ပြောတယ်။ ကျွန်တော်က "လူတိုင်း" ဆိုတာ သူမရဲ့ ယောကျ်ားနဲ့ သားကို ရည်ရွယ်တာလို့ ထင်တယ်။ တကယ်က လူတိုင်းဆိုတာ တကယ်လူတိုင်းကို ပြောတာ။

သူမ ဆေးရုံမတက်ခင်ရက် နေ့ခင်းဘက် ကျွန်တော် ဖုန်းခေါ်လိုက်တယ်။ ပါကိုက ဖုန်းဖြေတယ်။ ကလာရာ မရှိဘူး။ သူမကို ဘယ်သူမှ မတွေ့တာ နှစ်ရက်လောက်ရှိပြီလို့ ဆိုတယ်။ ပါကိုရဲ့အသံက သူမ ကျွန်တော်နဲ့ ရှိနေတယ်လို့ သံသယဝင်နေပုံပဲ။ ကျွန်တော်က ကလာရာ မရှိဘူးဆိုတာ ရှင်းရှင်းပဲပြောလိုက်တယ်။ ဒါပေမယ့် အဲဒီညမှာ သူမ ကျွန်တော့်ဆီလာဖို့ မျှော်နေမိတယ်။ အခန်းမီးတွေ ဖွင့်ထားပြီး သူမကို စောင့်နေခဲ့တယ်။

နောက်ဆုံး ဆိုဖာပေါ်မှာတင် အိပ်ပျော်သွားတဲ့အထိပဲ။ အိပ်မက်ထဲမှာ မိန်းမချောချောတစ်ယောက်နဲ့ တွေ့တယ်။ ကလာရာတော့ မဟုတ်ဘူး။ အရပ်မြင့်မြင့်၊ ခပ်သွယ်သွယ်၊ ရင်သားသေးသေး၊ ခြေတံရှည်ရှည်၊ အညိုရောင် မျက်လုံးတွေနဲ့။ ဘယ်လိုမှ ကာလရာ မဖြစ်နိုင်တဲ့ပုံမျိုး။

အဲဒီမိန်းမရဲ့ ရုပ်သွင်က ကလာရာကို အသက်လေးဆယ်ကျော် ခပ်နွမ်းနွမ်း မိန်းမတစ်ယောက် တုန်လှုပ်နေတဲ့ ပုံစံမျိုး ပြောင်းသွားစေတယ်။

သူမ ကျွန်တော့်အခန်းကို မလာဘူး။ နောက်တစ်နေ့ ပါကိုဆီ ကျွန်တော် ဖုန်းဆက်တယ်။ နှစ်ရက်အကြာမှာ ကျွန်တော် သူ့ကို ထပ်ခေါ်တယ်။ ကလာရာရဲ့ အရိပ်အယောင်တောင် မတွေ့ရဘူးလို့ ဆိုတယ်။ ပါကို ကို တတိယအကြိမ်ခေါ်တော့ သူတို့သားအကြောင်း ပြောပြတယ်။ ကလာရာ လုပ်သွားပုံနဲ့ပတ်သက်လို့ သူ့ မကျေနပ်ချက်တွေကို ရင်ဖွင့်တယ်။ ကလာရာ ဘယ်ရောက်နေသလဲလို့ ညတိုင်း တွေးမိတယ်လို့ သူက ပြောတယ်။ သူ့ရဲ့ အသံနဲ့ ပြောပုံဆိုပုံအရ သူ့ မိတ်ဆွေ သူငယ်ချင်း တစ်ယောက်လောက် လိုချင်ပုံရတယ်ဆိုတာ ကျွန်တော် သိလိုက်တယ်။ ဒါပေမယ့် ကျွန်တော် ကိုယ်တိုင်လည်း သူ့ကို နှစ်သိမ့်မှု ပေးနိုင်မယ့် အနေအထား ရှိမနေခဲ့ဘူး။

ရော်ဘတ်တို ဘိုလာနို **(Roberto Bolano)** ၏ **Clara** ကို ပြန်ဆိုတယ်။

✤

# အနိဋ္ဌာဘုံ

***ဂီယေမို မာတီနက်ဇ်*** *(၁၉၆၂-) အာဂျင်တီးနား ဝတ္ထုတို/ရှည်ရေး ဆရာဖြစ်။ သင်္ချာလော့ဂျစ်ဘာသာနဲ့ ဒေါက်တာဘွဲ့ရထား။ (The Oxford Murders လို့ လူသိများတဲ့) Crimenes Imperceptibles ဟာ သူ့ရဲ့ အကျော်ကြားဆုံး ဝတ္ထုဖြစ်သလို ရုပ်ရှင်ရိုက်ကူးခြင်းလည်း ခံခဲ့ရ။*

*(ဒီစာအုပ်မှာ ဘာသာပြန်ဆိုထားတဲ့ ဝတ္ထုတိုကို ခေါင်းစီးအဖြစ် သုံးထားတဲ့ ဝတ္ထုတို ပေါင်းချုပ်စာအုပ်ကို ၁၉၈၉ မှာ ထုတ်ဝေခဲ့)*

✤

# အနိဋ္ဌာဘုံ

"မြို့ငယ်လေ ဆင်းရဲဒုက္ခက ကြီးမားလေပဲ"
(အာဂျင်တီးနား စကားပုံ)

ကုန်စုံဆိုင်မှာတော့ မကြာခဏဆိုသလို ပစ္စည်းပြတ်နေတတ်တယ်။ ဆိုင်ထဲ ဝင်လိုက်ရင် ယင်ကောင်တွေရဲ့ တဝီဝီအသံကို ကြားရမယ်။ ကျုပ်ကတော့ နာမည်တောင် မသိလိုက်ရတဲ့၊ သူ့အကြောင်းလည်း ဘယ်သူမှ မပြောကြတော့တဲ့ ကောင်လေးတစ်ယောက်အကြောင်း တွေးနေမိတယ်။ ဘာရယ်ကြောင့်လို့တော့ မဟုတ်ဘူး။ သူ့ကို ပထမဆုံး တွေ့လိုက်ရတဲ့ ပုံစံကို မြင်ယောင်ကြည့်နေမိတယ်။ ဖုန်တွေ ပေနေတဲ့အင်္ကျီ၊ မုတ်ဆိတ်မွေး ထိုးထိုးထောင်ထောင်၊ ဖွာလံကျဲနေတဲ့ ဆံပင်က မျက်လုံးကို ဖုံးမတတ် ဖြစ်နေတယ်။

အချိန်ကတော့ နွေဦးပေါက်ရာသီပဲ…။ အဲဒါကြောင့် သူ ဆိုင်ထဲ ဝင်လာတော့ တောင်ဘက်ကိုသွားမယ့် ခရီးသွားတစ်ယောက်ပဲလို့ ထင်လိုက်မိတယ်။ စည်သွပ်ဘူးနည်းနည်းနဲ့ ကော်ဖီမှုန့်ဝယ်တယ်။ ကျုပ်က ကျသင့်ငွေတွက်နေတုန်း ကောင်လေးက မှန်ထဲမှာ သူ့ အရိပ် သူ ပြန်ကြည့်နေတယ်။ ပြီးတော့ နဖူးပေါ်က ဆံပင်တွေကို သပ်တင်ရင်း မြို့ထဲမှာ ဆံပင်ညှပ်ဆရာ ရှိလားလို့ မေးလိုက်တယ်။

အဲဒီအချိန်က ပွန်တီဗီဂျိုမှာ ဆံပင်ညှပ်ဆရာနှစ်ယောက် ရှိတယ်။ အခုမှ ကျုန်တော် စဉ်းစားမိတာက သူသာ အဲဒီတုန်းက အဘိုးကြီးမယ်ချော

ဆိုင်ကို သွားခဲ့ရင် ပြင်သစ်မနဲ့တွေ့မှာ မဟုတ်ဘူး။ သူတို့အကြောင်းလည်း ဘယ်သူမှ တီးတိုး တီးတိုး သဖန်းပိုးလုပ်စရာ ဖြစ်လာမှာ မဟုတ်ဘူးရယ် လို့ပဲ။ ဒါပေမယ့် မယ်ချောရဲ့ နေရာက မြို့ရဲ့တစ်ဖက်စွန်းမှာ ဖြစ်တဲ့အပြင် ဖြစ်ပျက်လာခဲ့တာတွေကို ကြိုတွက်ကြည့်စရာ အကြောင်းကလည်း မရှိခဲ့ ဘူးလေ။

ကျုပ်က သူ့ကို ဆာဗီနိုရဲ့ဆိုင်ကိုပဲ ညွှန်လိုက်မိတယ်။ ဆာဗီနိုက သူ့ကို ဆံပင်ညှပ်ပေးနေတုန်း ပြင်သစ်မ ပေါ်လာတာပဲ။ ပြင်သစ်မက ယောကျ်ားတွေကို သူ ကြည့်နေကျ အကြည့်မျိုးနဲ့ ကောင်လေးကို ကြည့် တယ်။ အဲဒီမှာ ဇာတ်လမ်းစတော့တာပဲ။ ကောင်လေးက မြို့ထဲမှာ ဆက်နေနေတယ်။ ကျုပ်တို့အားလုံးကတော့ ပြင်သစ်မကြောင့် သူမြို့ထဲမှာ ဆက်နေ နေတာလို့ ယူဆကြတယ်။

တကယ်တော့ ဆာဗီနိုနဲ့ သူ့မိန်းမ ပွန်တီဗီဂျိုမှာ လာနေတာ တစ်နှစ်တောင် မရှိသေးဘူး။ သူတို့အကြောင်း ကျုပ်တို့လည်း သိပ်မသိသေး ဘူး။ သူတို့က လူတွေနဲ့ သိပ်မရောဘူး။ ပြီးခဲ့တဲ့ နွေရာသီကမှ မြို့ကြီး ပြကြီးကနေ ပြောင်းလာတာ။ ဆာဗီနို ဆိုင်ဖွင့်တော့ မယ်ချောတော့ ဒုက္ခရောက်ပြီလို့ ကျုပ် ထင်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆာဗီနိုက ဆံသပညာ ဒီပလိုမာနဲ့၊ နောက်ပြီးတော့ ဆံသပြိုင်ပွဲတစ်ခုမှာလည်း ဆုရဖူးတယ်ဆိုပဲ။ သူ့ဆီမှာ လျှပ်စစ်ကတ်ကြေး၊ ဆံပင်ခြောက်စက်နဲ့ ဆံပင်ညှပ်ကုလားထိုင်လည်း ရှိသဗျ။ ခင်ဗျား ခုံမှာ ထိုင်လိုက်တာနဲ့ ဟင်းသီး ဟင်းရွက် အဆီအနှစ်တွေနဲ့ ဖျန်းတော့တာ၊ ခပ်မြန်မြန် မတားလို့ကတော့ ခေါင်းလိမ်းဆီတွေပါ ဆက်လိမ်းတော့မှာ။

နောက်ဆုံးထုတ် အားကစားစာစောင်တွေလည်း ဆာဗီနို့ဆိုင်မှာ ရှိတယ်။ အဲဒါတွေအားလုံးအပြင် ပြင်သစ်မကလည်း ရှိသေးတယ်လေ။ လူတွေက သူမကို ဘာလို့ ပြင်သစ်မလို့ ခေါ်သလဲဆိုတာ ကျုပ်တော့ မသိဘူး။ သိဖို့လည်း မကြိုးစားပါဘူး။ သေချာတာကတော့ သူ့လို မိန်းမမျိုး ကျုပ် မတွေ့ဖူးဘူးဆိုတာပါပဲ။ သူမက ဘရာတွေ ဘာတွေလည်း ဝတ်ပုံ မရဘူး။ ဆောင်းတွင်းမှာတောင် ဆွယ်တာအောက်က ဘာမှ ခံဝတ်ထားပုံ မရဘူး။ ခပ်ပါးပါး ဝတ်စားပြီး ဆံသဆိုင်ထဲ ဝင်လာမယ်။ ပြီးရင် လူတိုင်း

မျက်စိရှေ့မှာ မိတ်ကပ်လိမ်းတာ သူမရဲ့ အကျင့်ပဲ။ ဒီလောက်ပဲလားဆိုတော့ မဟုတ်သေးဘူး။ သူမရဲ့ ဂနာမငြိမ်တဲ့ အမူအရာ ကျန်သေးတယ်။ သူက ခင်ဗျား မျက်လွှာချလိုက်ရတဲ့အထိ ခင်ဗျား မျက်လုံးထဲကို စိုက်ကြည့်တတ်သေးတယ်။ သူမရဲ့ အကြည့်က နှိုးဆွမှုအပြည့်နဲ့၊ ကတိကဝတ်အပြည့်နဲ့၊ သရော်တဲ့အရိပ်အငွေ့ကလေးက စွက်နေသေးတယ်။ သူမက ခင်ဗျားကို စမ်းသပ်နေသလိုပဲ။ သူမရဲ့ စိန်ခေါ်မှုကို ခင်ဗျား လက်မခံရဲဘူးဆိုတာ ကြိုသိနေပုံမျိုးနဲ့။ ကျုပ်တို့ကို အကြည့်တွေနဲ့ ကောင်းကောင်းနှိပ်စက်လို့ဝမှ ဆိုင်ထဲက လစ်သွားတာ။

ဒါတွေ အားလုံးဟာ ဆာဗီနိုရဲ့ မျက်မှောက်မှာ ဖြစ်နေပေမယ့် သူကတော့ ဘာမှသတိပြုမိပုံမရဘူး။ ကျုပ်တို့ရဲ့ ပခုံးပေါ် တိတ်တဆိတ် ငုံ့ကိုင်းရင်း လေထဲမှာ ကတ်ကြေးကို တဖြတ်ဖြတ် ညှပ်ကစားနေတတ်တယ်။

ဟုတ်ပ…၊ စစချင်းတော့ ပြင်သစ်မဟာ ဆာဗီနို့ဆိုင်ရဲ့ ရေပန်းအစားဆုံး အကြောင်းအရာဖြစ်ပြီး သူ့ဆိုင်လည်း ဆံပင်ညှပ်မယ့်လူတွေ ပြည့်နေတော့တာပဲ။ ဒါပေမယ့် မယ်ချောနဲ့ပတ်သက်လို့ ကျုပ်ထင်တာကတော့ မှားသွားတယ်။ အဘိုးကြီးက အချည် မဟုတ်ဘူး။ သူ့ ဖောက်သည်တွေကို ဖြည်းဖြည်းချင်း ပြန်ဆွယ်ယူတယ်။ အဲဒီတုန်းက အာဏာပိုင်တွေ ပိတ်ပင်ထားတဲ့ ပေါ်နိုမဂ္ဂဇင်းတွေ ရအောင်ရှာလာပြီး ဆိုင်မှာထားတယ်။

ကမ္ဘာ့ဖလားကာလမှာ သူ စုထားတဲ့ ပိုက်ဆံအားလုံးသုံးပြီး ကာလာတီဗွီတစ်လုံး ဝယ်လိုက်တယ်။ ပွန်တီဗီဂျိုမှာတော့ ပထမဆုံးပဲ။ နောက်ပြီးတော့ ပွန်တီဗွီဂျိုမှာ ယောကျာ်းတွေအတွက် ဆံပင်ညှပ်ဆိုင်တစ်ဆိုင်ပဲ ရှိတယ်။ ဆာဗီနို့ဆိုင်က ခပ်ခြောက်ခြောက်ကောင်တွေအတွက်လို့လည်း သူက ပြောသေးတယ်။

ဒါပေမယ့် ကျုပ်ကတော့ မယ်ချောရဲ့ဆိုင်ကို ပြန်သွားတဲ့သူတွေဟာ ပြင်သစ်မကြောင့်လို့ပဲ ထင်တယ်။ မိန်းမတစ်ယောက်ရဲ့ လှောင်ပြောင်သိက္ခာချတာကို ခပ်ကြာကြာခံနိုင်တဲ့သူတွေပဲ ဆာဗီနို့ဆီမှာ ကျန်ခဲ့တော့တယ်။

ကျုပ်ပြောခဲ့သလိုပဲ ကောင်လေးက မြို့ထဲမှာ ဆက်ပြီးနေနေတယ်။ မြို့စွန်က သဲတောင်ကုန်းတွေနောက်မှာ တဲတစ်လုံး ဆောက်တယ်။ မုဆိုးမ အက်စ်ပီနိုဇာရဲ့ အိမ်နဲ့ သိပ်မဝေးတဲ့ နေရာမှာပေါ့။ သူက ကုန်စုံဆိုင်ကို တော့ သိပ်မလာဘူး။ လာရင်လည်း နှစ်ပတ်စာ ဒါမှမဟုတ် တစ်လစာ လောက် တစ်ခါတည်း ဝယ်သွားတယ်။ ဒါပေမယ့် ဆံပင်ညှပ်ဆိုင်ကိုတော့ နေ့တိုင်း ရောက်တယ်။

အားကစား စာစောင်တွေ ဖတ်ဖို့ သက်သက်ချည်း သွားတယ်ဆိုတာ တော့ဖြင့် ယုံဖို့ ခပ်ခက်ခက်ပဲ။ အစပိုင်းမှာ လူတွေက ဆာဗီနို့ကို သနား ကြတယ်။ တကယ်တမ်းက ဆာဗီနို့လို ရိုးပုံရိုးပန်းနဲ့ ခပ်ပြုံးပြုံးနေတတ်တဲ့ လူကို သနားဖို့ကလည်း မခက်ဘူး မဟုတ်လား။ သူက စကား ခပ်နည်း နည်းရယ်။

တစ်ခါတလေ တခြားကမ္ဘာကို ရောက်နေသလိုမျိုး ဘရိတ်ဓားကို အဆုံးမရှိ သွေးချင်သွေးနေ၊ ကတ်ကြေးကို တဖြတ်ဖြတ် လုပ်ချင်လုပ်နေ တတ်တာ။ သူ့ကို သတိလေး ဘာလေး ဝင်လာအောင် ခင်ဗျားက ချောင်း လေး ဘာလေး ဟန့်ပေးရတာ။ ဒီအမျိုးသမီးက သူ့မိန်းမဖြစ်နေတာကို မယုံနိုင်တဲ့ပုံစံမျိုးနဲ့ ပြင်သစ်မကို တမြတ်တနိုး သူကြည့်ကြည့်နေတာ ကျုပ် တောင် မှန်ထဲကနေ နှစ်ခါလောက် တွေ့ဖူးတယ်။ အဲဒီအကြည့်က ကျုပ်တို့ ကို ပိုပြီး ကရုဏာ ပွားစေတယ်။

တစ်ဖက်ကကြည့်ရင်လည်း ကျုပ်တို့အနေနဲ့ ပြင်သစ်မကို အပြစ် တင်ဖို့လွယ်တယ်။ ယောက်ျားတွေအနေနဲ့လည်း သူ့ကိုမုန်းတဲ့သူက ခပ်များ များ။ အထူးသဖြင့် ဂျူးကြီးနီယယ်လ်ဆင်တို့လို ပွန်တီဗီဂျိုက ကိုဖိုးစွံတွေ ပေါ့ဗျာ။

ကမ္ဘာ့ဖလားပြီးသွားလို့ပဲဖြစ်ဖြစ်၊ တခြားပြောစရာအကြောင်း မရှိလို့ပဲ ဖြစ်ဖြစ် မြို့ထဲမှာ ပြောကြဆိုကြသမျှဟာ ပြင်သစ်မနဲ့ ကောင်လေးရဲ့ အကြောင်းတွေပဲ ဖြစ်လာတယ်။ ကောင်တာနောက်ကနေ ကျွန်တော် ထပ်ခါ တလဲလဲ ကြားရတာက ဒီအကြောင်းအရာပဲ၊ နီယယ်လ်ဆင်က ညဘက် ကြီး ကမ်းခြေမှာ ဘာတွေတွေ့ခဲ့တယ်။ (ညကတော်တော်အေးတဲ့ညဖြစ်ပြီး အမျိုးသမီးတွေ မရှိတဲ့အချိန်မှာတောင် နီယယ်လ်ဆင် ပြန်ပြောမပြနိုင်တာ

တစ်ခုခု သူတို့ လုပ်နေခဲ့တယ်) မုဆိုးမ အက်စ်ပီနိုဇာက ဘာတွေပြော တယ် (သူမရဲ့ ပြတင်းပေါက်နေတစ်ဆင့် ကောင်လေးရဲ့တဲဆီ ရယ်သံတွေ၊ ညဉ်းညူသံတွေကြားရတယ်။ လူနှစ်ယောက် လူးလိမ့်နေတဲ့ အသံတွေပါ ကြားရတယ်) ဗီဒယ်ရဲ့သား အကြီးကောင်က ပြောတာတွေ (ဆာဗီနိုနဲ့ ဗီဒယ်ရဲ့သား ရေမှာတင်…)။ ဘယ်ဟာကမှန်တယ်ဆိုတာတော့ ဘယ်သူက သိမှာလဲ။

တစ်နေ့တော့ ကောင်လေးရော ပြင်သစ်မပါ ပျောက်သွားတယ်။ ကျုပ် ပြောချင်တာက ကောင်လေးကို ဟိုမှာ ဒီမှာ မတွေ့ရတော့ဘူး။ ပြင်သစ်မကိုလည်း ဘယ်သူမှ မတွေ့ကြတော့ဘူး။ ဆံပင်ညှပ်ဆိုင်မှာရော၊ သူမ လမ်းလျှောက်နေကျ ကမ်းခြေဘက်မှာရောပေါ့။ ပထမဆုံး ကျုပ်တို့ တွေးမိတာက သူတို့ ခိုးပြေးသွားကြပြီလို့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ခိုးပြေး တယ်ဆိုတာက စိတ်ကူးယဉ်ကြည့်စရာကောင်းတယ်လေ။

မြို့က မိန်းမတွေကလည်း အခုတော့ ပြင်သစ်မကို ခွင့်လွှတ်နိုင်သွား ကြပြီ။ သူ့ အိမ်ထောင်က အစကတည်းက မှားယွင်းမှုတစ်ခုပဲလို့ တောင် ပြောကြတယ်။ ဆာဗီနိုဟာ သူမအတွက် အသက်ကြီးလွန်းတယ်။ ကောင်လေးကတော့ ရုပ်ကလေးကလည်း ရှိတယ်။ အဲ… သူတို့တောင် ဒါမျိုး လုပ်ရင်လုပ်မိမှာလို့ ရယ်သံစွက်ပြီး ပြောကြသေးတယ်။

တစ်နေ့လယ်ခင်းတော့ အဲဒီအကြောင်းပြောနေကြတုန်း မုဆိုးမ အက်စ်ပီနိုဇာ ဆိုင်ထဲ ဝင်လာတယ်။ အဘွားကြီးက ထိတ်လန့်အံ့ဩဖွယ် အသံမျိုးနဲ့ ဆိုးဝါးတာတစ်ခုခု ဖြစ်ခဲ့တယ်လို့ သူမ ထင်တဲ့အကြောင်း ပြောလိုက်တယ်။ ကျုပ်တို့ သိထားတဲ့အတိုင်း ကောင်လေးက ရွက်ဖျင်တဲကို သူမရဲ့ အိမ်နားမှာ ထိုးထားတာလေ။ သူမလည်း ကျုပ်တို့လိုပဲ ကောင်လေး တို့ မတွေ့ရဘူး။ ဒါပေမယ့် တဲက ဒီအတိုင်းရှိတာ ဆန်းတော့ဆန်းတယ်။ "ဆန်းတော့ဆန်းတယ်" ဆိုတဲ့စကားကို သူမက ထပ်ခါထပ်ခါ ပြောတယ်။

သူတို့ ရွက်ဖျင်တဲကို ယူမသွားတာ ဆန်းတယ်တဲ့။ တစ်ယောက် ယောက်က ရဲကို အကြောင်းကြားသင့်တယ်လို့ ပြောလိုက်တယ်။ အဘွား ကြီးက ဆာဗီနိုကို စောင့်ကြည့်သင့်တယ်လို့ တတွတ်တွတ် ရွတ်နေတယ်။

ကျုပ်ကတော့ ဒေါသလည်းထွက်၊ ဘာလုပ်ရမှန်းလည်းမသိ ဖြစ်နေတယ်။ ဈေးဝယ်နှင့် အငြင်းအခုံ မလုပ်ဖို့ ကျုပ်က မှုချထားတာကိုး။

လေသံ ခပ်ဖျော့ဖျော့နဲ့ သက်သေ အထောက်အထားမရှိဘဲ ဘယ်သူ့ကိုမှ စွပ်လားစွဲလား မလုပ်သင့်ဘူးလို့တော့ ပြောလိုက်တယ်။ ကျုပ်ရဲ့ အမြင်မှာလည်း ဆာဗီနိုလိုလူမျိုးက ဘယ်လိုမှ ဒီလိုမလုပ်လောက်ဘူးလို့ ထင်တာပဲ။ ဒါပေမယ့် မုဆိုးမကြီးက ရက်သလိုကြောက်သလို လူမျိုးတွေဟာ အဖိနှိပ်ခံရလွန်းရင် အစွန်းရောက်သွားတတ်တယ် မဟုတ်လားဆိုပြီး ဖြတ်ပြောလိုက်တယ်။

ဆာဗီနို တံခါးဝမှာ ပေါ်လာတော့ ကျုပ်တို့ ငြင်းကောင်းတုန်း ရှိသေးတယ်။ အားလုံး တိတ်သွားတယ်။ သူ့အကြောင်း ပြောနေကြတယ်ဆိုတာ ဆာဗီနို သိလောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတိုင်းက မျက်လွှာ ချတဲ့လူချ။ မျက်နှာလွှဲတဲ့လူလွှဲ ဖြစ်နေတာကိုး။ သူ့ကို ကြည့်ရတာလည်း အရင်ကထက်တောင် ရက်သွေးရောင် ပြေးနေသလိုပဲ။ ဘယ်တော့မှ ရင့်ကျက်မလာတဲ့ ကလေးလေးတစ်ယောက်နဲ့တောင် တူနေသေးတော့တယ်။ သူ့ ဈေးစာရင်းကို ကျုပ်ကြည့်လိုက်တော့ ပစ္စည်းက နည်းနည်းလေးရယ်။ နောက်ပြီး ဒိန်ချဉ်လည်း မပါတာတွေ့ရတယ်။ သူပိုက်ဆံချေနေတုန်း အက်စ်ပီနိုဇာက ပြင်သစ်မအကြောင်း ဖြတ်မေးလိုက်တယ်။

သူ့မိန်းမရဲ့ အဖေ နေမကောင်းလို့ သွားကြည့်တယ်လို့ သူက ပြန်ပြောတယ်။ ဒါပေမယ့် တစ်ပတ်လောက်နေရင် ပြန်ရောက်မှာပါလို့လည်း ဆက်ပြောတယ်။ သူ ပြန်ဖြေနေတဲ့အချိန်မှာ ဘေးက မျက်နှာတွေအားလုံးပေါ်က စိတ်ထက်သန်မှုဟာ စိတ်ပျက်မှုအဖြစ် တဖြည်းဖြည်း ပြောင်းသွားတယ်။ ဆာဗီနို ပြန်သွားတာနဲ့ အဘွားကြီးက သူ့ဇာတ်လမ်းကို ပြန်စတော့တာပဲ။ ငါတော့ သူ နှပ်ချတာ လက်မခံဘူး။ ငါတို့ ပြင်သစ်မကို ဘယ်တော့မှ ပြန်တွေ့ရမှာ မဟုတ်ဘူးလို့ အဘွားကြီးက ပြောတယ်။ ပြီးတော့ အသံနှိမ့်လိုက်ပြီး ပွန်တီဗီဂျိုမှာ လူသတ်သမားတစ်ယောက် လွတ်နေပြီ။ နောက်တစ်ခေါက် ဓားစာခံကတော့ ကျုပ်တို့ထဲကတစ်ယောက် ဖြစ်မှာပဲလို့ သူက ဆက်ပြောတယ်။

ဒီလိုနဲ့ တစ်ပတ်ကုန်သွားတယ်။ နောက်တော့ တစ်လကုန်သွားတယ်။ ပြင်သစ်မ ပြန်မလာဘူး။ ကောင်လေးကိုလည်း ဘယ်သူမှ ထပ်မတွေ့ရဘူး။ ကလေးတွေတောင် သူ့တဲမှာ ကောင်းဘွိုင်နဲ့ အင်ဒီးယန်းတမ်း ဆော့နေကြပြီ။ ပွန်တီဗီဂျိုလည်း နှစ်ခြမ်း ကွဲသွားတော့တယ်။ ဆာဗီနိုကို ရာဇဝတ်သားလို့ ယူဆတဲ့ဘက်နဲ့ ပြင်သစ်မ ပြန်လာမယ်လို့ထင်တဲ့ ကျုပ်တို့ဘက်ပဲ။ ကျုပ်တို့ဘက်က ကာလေ အင်အားနည်းလေ ဖြစ်လာတယ်။

လူတွေက ဆာဗီနိုဟာ ကောင်လေးကို ဆံပင်ညှပ်ပေးနေတုန်း လည်ပင်းကို သင်တုန်းဓားနဲ့ လှီးလိုက်တာဆိုပြီး ပြောကြတယ်။ အမေလုပ်သူတွေကလည်း သူတို့ကလေးတွေကို ဆံပင်ညှပ်ဆိုင်နားက လမ်းမှာတောင် ပေးမကစားတော့ဘူး။ သူတို့ယောကျ်ားတွေကိုလည်း မယ်ချောဆိုင်ကိုပဲ သွားဖို့ နားချကြတယ်။ ဒါပေမယ့် ထူးဆန်းတာ တစ်ခုက ဆာဗီနို့ဆီမှာ ဆံပင်ညှပ်တဲ့သူတွေ ရှိနေတာပဲ။ မြို့ထဲက ကောင်လေးတွေက ချောက်ချားစရာ ဆံသခုံမှာ သွားထိုင်ပြီး သင်းတုံးဓားနဲ့ ခေါင်းရိတ်ဖို့ပြောပြီး သတ္တိပြိုင်ကြတယ်။ စပရေးဖျန်းထားတဲ့ ဆံပင်ထောင်ထောင်ဟာ ရဲရင့်မှုရဲ့ သင်္ကေတ ဖြစ်လာတယ်။

ပြင်သစ်မအကြောင်း ကျုပ်တို့က မေးလိုက်ရင် ယောကျ်ာမ နေမကောင်းတဲ့ အကြောင်းပဲ ဆာဗီနိုက ပြန်ဖြေတယ်။ လူတွေက သူ့ကို နှုတ်တွေ ဘာတွေ မဆက်ကြတော့ဘူး။ မုဆိုးမအက်စ်ပီနိုဇာက ဆာဗီနိုကို ဖမ်းဖို့ ရဲကို သွားပြောတယ်။ ရဲက အလောင်းမတွေ့ရဘဲ ဘာမှလုပ်လို့မရဘူးလို့ ပြန်ပြောလိုက်တယ်။

မြို့ထဲမှာ အလောင်းတွေနဲ့ ပတ်သက်တဲ့ ခန့်မှန်းချက်တွေ ထွက်လာတယ်။ တချို့က ဆာဗီနို့အိမ်အောက်မှာ မြှုပ်ထားတယ်လို့ ဆိုကြတယ်။ အလောင်းတွေကို အပိုင်းပိုင်းခုတ်ထစ်ပြီး ပင်လယ်ထဲ ပစ်လိုက်ပြီလို့ ပြောတဲ့သူလည်း ရှိတယ်။ တဖြည်းဖြည်းနဲ့ မြို့က လူတွေရဲ့ အာရုံထဲမှာ ဆာဗီနိုဟာ တကယ့် မကောင်းဆိုးဝါးတစ်ကောင်လို ဖြစ်လာတော့တယ်။

ဆိုင်ထဲမှာ တစ်နေ့တစ်နေ့ ဒါကိုချည်း ကြားနေရတော့ ကျုပ်လည်း ကြောက်ကြောက်လန့်လန့် ဖြစ်လာတယ်။ မုဆိုးမ အက်စ်ပီနိုဇာကတော့ စိတ်ဖောက်သွားပုံရတယ်။ ငန်းပြားလေးတစ်လက်နဲ့ ဟိုးနား တူးလိုက်

ဒီနား တူးလိုက် ဖြစ်နေတယ်။ အလောင်းတွေ မတွေ့မချင်း လမ်းမလျှော့ဘူးဆိုပြီး ကြုံးဝါးလိုက်သေးတယ်။

အဲဒီလိုနဲ့ တစ်နေ့တော့ သူမ တွေ့သွားတယ်။ နိဝင်ဘာလဆန်း တစ်နေ့ခင်းမှာပေါ့။ အဘွားကြီး ဆိုင်ထဲ ဝင်လာပြီး ငန်းပြားတွေ ရှိလာမေးတယ်။ ပြီးတော့ သူမကို ရဲအင်စပိတ်တော်က ငန်းပြားတွေနဲ့ သဲတောင်ကုန်းတွေကို တူးဖို့ ဖော်လန်တီယာတွေ ရှာရအောင် လွှတ်လိုက်တယ်ဆိုတာကို လူတိုင်း ကြားလောက်တဲ့အသံနဲ့ အော်ပြောတယ်။ ပြီးတော့ သူမ ဘာတွေမြင်ခဲ့ရတယ်ဆိုတာ တစ်လုံးချင်း ပြောပြတယ်။ လူလက်တစ်ဖက်ကို ကိုက်နေတဲ့ ခွေးတစ်ကောင်ကို မျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာဆိုပဲ။ ကျုပ်ဖြင့် ကြက်သီးတောင် ထသွားတယ်။ ငန်းပြားတွေ လိုက်ရှာနေတုန်းမှာရော၊ ဆိုင်ကို သော့ခတ်နေတုန်းမှာရော၊ ကျုပ်နားထဲမှာ "ခွေး" "အလောင်း" "လက်တစ်ဖက်" ဆိုတဲ့ စကားလုံးတွေကိုပဲ ကြားနေမိတယ်။

အဘွားကြီးက လူအုပ်ကို ဦးဆောင်သွားတယ်။ ဆိုင်မှာ မုန့်ကြွပ်လေး၊ လက်ဖက်ခြောက်လေးဝယ်ဖို့ ရောက်နေတဲ့သူတွေလည်း ပါလာတယ်။ ပတ်ဝန်းကျင်ကို ကျုပ်လိုက်မကြည့်ဘူး။ လေကလည်း မတိုက်ဘူး။ တိတ်ဆိတ်နေတယ်။ တခြား နေ့ခင်းတွေလိုပဲ။ နေ့လယ်နေ့ခင်း တရေးနိုးပြီး ဘာလုပ်ရမှန်း မသိတဲ့ အချိန်မျိုးပေါ့။ အောက်ဘက်မှာ အိမ်တွေက အနိမ့်ပိုင်းကို စီတန်းပြီး ဆောက်ထားတယ်။ ပင်လယ်ပြင်ကလည်း ငြိမ်သက်နေတယ်။ ရုတ်တရက် ကျုပ်ဖြင့် ယုံကို မယုံနိုင်ဘူးဆိုတဲ့ ခံစားချက်မျိုး ပေါ်လာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုဟာမျိုးက ဒီမှာ မဖြစ်နိုင်လို့ပဲ။ ပွန်တီဗီဂျီမှာပေါ့ ...။

သဲတောင်ကုန်းတွေဆီ ကျုပ်တို့ ရောက်သွားတော့ အင်စပိတ်တော်လည်း ဘာမှရှာမတွေ့သေးပါဘူး။ အကျီဗလာနဲ့ မြေတူးနေတဲ့ သူ့ရဲ့ ငန်းပြားဟာ မြောက်တက်လာလိုက် ပြန်ကျသွားလိုက် ဖြစ်နေတယ်။ သူက ဘေးပတ်လည်ကို အမူအရာနဲ့ ပြတယ်။ ကျုပ်က ငန်းပြားတွေ ဝေပေးလိုက်တယ်။ ကျုပ်ကိုယ်တိုင်လည်း ဘေးကင်းမယ်ထင်တဲ့ တစ်နေရာကိုရွေးပြီး စတူး

တယ်။ အချိန်တော်တော်ကြာတဲ့အထိ သဲနဲ့ ငန်းပြားနဲ့ ထိသံပဲ ထွက်လာနေတယ်။

ကျုပ်လည်း ကြောက်စိတ်လျော့လာတာယ်။ အဘွားကြီးတော့ လွဲပြီလို့ ထင်လာတယ်။ ရုတ်တရက် ခွေးဟောင်သံတစ်သံ ထွက်လာတယ်။ စောစောတုန်းက အဘွားကြီး တွေ့ခဲ့တဲ့ ခွေးနေမှာပဲ။ အားနည်းနေပုံရတဲ့ ခွေးလေးဟာ ကျုပ်ကို ပတ်ပြီး ပြေးနေတယ်။ အင်စပိတ်တော်က လှန့်တဲ့အနေနဲ့ ခုတ်ခဲနဲ့ ပစ်လိုက်တယ်။ ဒါပေမယ့် ခွေးက ပြန်ပြန်လာတယ်။ တစ်ချက်ဆို အင်စပိတ်တော်ရဲ့ လည်ပင်းကို ဟပ်လိုက်ပြီးတောင် ထင်မိတယ်။

ဒီနေရာ အမှန်ပဲလို့ ကျုပ်တို့ သိလိုက်တယ်။ အင်စပိတ်တော်က စပြီး ပြန်တူးတယ်။ ခပ်မြန်မြန်တူးတယ်။ သူ့ရဲ့ တက်ကြွမှုက ပျံ့နှံ့သွားတယ်။ ငန်းပြားတွေဟာ တညီတညာတည်း လှုပ်ရှားနေတယ်။ အင်စပိတ်တော်က ရုတ်တရက် အော်ဟစ်လိုက်တယ်။ သူ တစ်ခုခုကို ထိမိတယ်။ သူ နည်းနည်း ထပ်တူးလိုက်တာနဲ့ ပထမဆုံး အလောင်းတစ်လောင်း ထွက်လာတယ်။

တခြားလူတွေက ကြည့်ရှုံလှမ်းကြည့်ပြီး ဆက်တူးကြတယ်။ စိတ်ထက်သန်မှုအပြည့်နဲ့။ ပြင်သစ်မကို ဆက်ရှာကြတယ်။ ကျုပ်က ခုနက အလောင်းဆီသွားပြီး အနီးကပ်ကြည့်လိုက်တယ်။ သဲတွေပြည့်နေတဲ့ မျက်လုံးနှစ်လုံး အလယ်မှာ အနက်ရောင် အပေါက်တစ်ပေါက် တွေ့ရတယ်။ ဒါကောင်လေး အလောင်း မဟုတ်ဘူး။

အင်စပိတ်တော်ကို သတိပေးဖို့ ဘေးကို လှည့်ကြည့်လိုက်တယ်။ အိပ်မက်ဆိုးတစ်ခုထဲကို တစ်လှမ်းချင်း လှမ်းဝင်နေရသလိုမျိုးပဲ။ လူတိုင်း လူတိုင်း အလောင်းတွေ တူးမိကြတယ်။ အလောင်းတွေဟာ မြေကြီးထဲက ထိုးထိုးထွက်လာနေသလိုပဲ။ ငန်းပြားတစ်ချက် စိုက်လိုက်တိုင်း ခေါင်းတစ်လုံး ဒါမှမဟုတ် ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု ပေါ်ထွက်လာတယ်။ ကြည့်လိုက်တဲ့နေရာတိုင်း အလောင်းတွေချည်းပဲ။ ခေါင်းတွေ။ ပြီးတော့ နောက်ထပ် ခေါင်းတွေ။

တစ်နေ့ရာကနေတစ်နေရာ ကြောက်ကြောက်နဲ့ လျှောက်နေမိတယ်။ ဘာမှလည်း မစဉ်းစားနိုင်တော့ဘူး။ ဘာမှလည်း နားမလည်နိုင်တော့ဘူး။ ကျည်ဆန်ရာတွေ ဖွနေတဲ့ ကျောကုန်းတစ်ခုကို မတွေ့ခင်အထိပေါ့။ နောက်တော့ မျက်လုံးကို အဝတ်နဲ့စည်းထားတဲ့ ခေါင်းတစ်လုံး။ ဒါဘာလဲဆိုတာ ကျုပ် သိလိုက်တယ်။ အင်စပိတ်တော်ကို လှမ်းကြည့်တော့ သူလည်း သဘောပေါက်သွားပုံပဲ။ သူက ကျုပ်တို့ကို ငြိမ်ငြိမ်လေးနေဖို့ပြောပြီး မြို့ထဲကို ပြန်သွားတယ်။ ဘာလုပ်ရမလဲဆိုတာ သူ့အထက်လူကြီးတွေကို သွားမေးတာ ဖြစ်မယ်။

သူ ပြန်မလာခင် ကျုပ်မှတ်မိနေတာကတော့ အဆက်မပြတ် ထွက်နေတဲ့ ခွေးဟောင်သံနဲ့ လူသေတွေရဲ့ အနံ့ပဲ။ အဘွားကြီးကတော့ သူ့ရဲ့ ငန်းပြားကို ထောက်ရင်းရပ်ပြီး ပြင်သစ်မကို မတွေ့မချင်း ဆက်တူးကြဖို့ ကျုပ်တို့ကို ပြောနေတယ်။ အင်စပိတ်တော် ပြန်ရောက်လာတယ်။ သူ ခါးကို မတ်ထားပြီး တည်တည်ငြိမ်ငြိမ် ပုံစံမျိုး ဖြစ်နေတယ်။ တစ်ခုခု အမိန့်ပေးတော့မယ်ပုံမျိုး။

သူက ကျုပ်တို့ရှေ့မှာရပ်ပြီး အလောင်းတွေကို ပြန်မြှုပ်ဖို့ ပြောတယ်။ ကျုပ်တို့ ငန်းပြားတွေကို ပြန်ကောက်ကိုင်ကြတယ်။ ဘယ်သူမှ စကားတစ်ခွန်း မဟကြဘူး။

အလောင်းတွေကို သဲနဲ့ဖုံးနေရင်း ကျုပ်ကိုယ်ကျုပ် မေးခွန်းထုတ်မိတယ်။ ကောင်လေး ဒီမှာ ရှိနိုင်လားဆိုတာ။ ခွေးကတော့ ဆက်ဟောင်နေတယ်။ ရူးသွားသလိုပဲ ခုန်ပေါက်နေတယ်။ အင်စပိတ်တော်က ဒူးထောက်ထိုင်လိုက်ပြီး သေနတ်ကို ထုတ်လိုက်တယ်။ တစ်ချက်ပဲ ပစ်လိုက်ရတယ်။ ခွေးငြိမ်ကျသွားတယ်။ သေနတ် ကိုင်ထားရင်း ခွေးသေကို ခြေထောက်နဲ့ ကန်ထုတ်လိုက်တယ်။ အဲဒါကိုပါ မြှုပ်ပစ်လိုက်ဖို့ ကျုပ်တို့ကို အမူအရာနဲ့ ပြတယ်။ မြို့ကို မပြန်ခင် ကျုပ်တို့ မြင်ခဲ့တာတွေ ဘယ်သူ့ကိုမှ မပြောဖို့ ကျုပ်တို့ကို မှာတယ်။ ရှိနေတဲ့ လူအားလုံးရဲ့ နာမည်ကို ရေးမှတ်တယ်။

ရက်နည်းနည်းကြာတော့ ပြင်သစ်မ ပြန်လာတယ်။ သူမရဲ့ ဖခင် နေပြန်ကောင်းလာပြီလို့ ပြောတယ်။ ကောင်လေး အကြောင်းတော့ ဘယ်သူမှ

မပြောကြတော့ဘူး။ အားလပ်ရက်ရာသီရောက်တာနဲ့ တစ်ယောက်ယောက်က ရွက်ဖျင်တဲကို ခိုးသွားတော့တယ်။

**ဂီယေမို မာတီနက်ဇ် (Guillermo Martinez) ၏ Vast Hell ကို ပြန်ဆိုပါသည်။**

✤

# ရုပ်တု

**ကားလို့စ် ဖွင်းန်တက်စ် (၁၉၂၈-၂၀၁၂)** - ကားလို့စ်ဖွင်းန်တက်စ်ကို ဖခင်ဖြစ်သူက သံအရာရှိအဖြစ် ရောက်နေတဲ့ ပနားမားစီးတီးမှာ မွေး။ ဖခင် တာဝန်ကျရာလိုက်ရင်း လက်တင်အမေရိက နိုင်ငံတော်တော်များများရဲ့ မြို့တွေမှာ နေခဲ့။ ဖခင် အမေရိကန်မှာ တာဝန်ကျတော့ ဖွင်းန်တက်စ်အနေနဲ့ အမေရိကန်ပညာရေးနဲ့ အကျွမ်းတဝင် ဖြစ်ခဲ့ (နောင် နာမည်ကျော်စာရေးဆရာ ဖြစ်လာပြီး ဟားဗတ် ပရင့်စတန် ကောနဲလ် စတဲ့ အမေရိကန် တက္ကသိုလ် တော်တော်များများမှာ လက်တင်အမေရိက စာပေ ပို့ချခဲ့)။

နောက်တော့ မက္ကဆီကို ပြန်ရောက်ပြီး ဖခင်လိုပဲ သံတမန်တစ်ဦး ဖြစ်လာဖို့ ရည်မှန်းရင်း တက္ကသိုလ်တက်။ ၁၉၅၇ မှာ နိုင်ငံခြားရေးရာ ဌာန အကြီးအကဲဖြစ်လာ။ အဲဒီအချိန်လောက်မှာ *Where The Air is Clear* ကို ထုတ်ခဲ့။ အဲဒီစာအုပ်ရဲ့ အောင်မြင်မှုက မူလ ရည်မှန်းထားတဲ့ သံတမန်အဖြစ်ထက် စာရေးဆရာအဖြစ် ရပ်တည်ဖို့ လမ်းကြောင်းပြောင်း စေခဲ့။

သူ့ရဲ့ အကျော်ကြားဆုံး ဝတ္ထုတစ်ပုဒ်ဖြစ်တဲ့ *The Death of Artemio Cruz* ဟာ လက်တင်အမေရိက စာပေပေါက်ကွဲမှု (*The Boom*) ကို ရေချိန်အမြင့်ဆုံး ရောက်စေခဲ့။ နောက်ထပ် သူ့ရဲ့ ကျော်ကြားတဲ့ ဝတ္ထုတွေကတော့ *Terra Nostra* နဲ့ *The Boom* ခေတ်အလွန်မှာ ရေးတဲ့ *The Old Gringo* တို့ဖြစ်။

လက်တင်အမေရိကရဲ့ အမျိုးကွဲပြားစုံလင်တဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေမှာ တစ်နည်းမဟုတ်တစ်နည်း ပါဝင်ခဲ့။ ၁၉၅၉ ကျူးဘားတော်လှန်ရေးကာလမှာ ဟာဗားနားကို ရောက်နေခဲ့။ ကတ်စထရိုကို ထောက်ခံတဲ့ စာတွေရေးခဲ့။ ၁၉၇၅ ကနေ ၁၉၇၇ အထိ မက္ကဆီကို ပြင်သစ်နိုင်ငံဆိုင်ရာ သံအမတ်အဖြစ် ဆောင်ရွက်။ ယခင် သမ္မတကို သံအမတ်အဖြစ် ခန့်အပ်တာကို ကန့်ကွက်တဲ့အနေနဲ့ သံအမတ်ရာထူးကနေ နုတ်ထွက်။ နောက်ပိုင်း တောက်လျှောက်လည်း တစ်ပါတီတည်းက လွှမ်းမိုးထားတာများတဲ့ မက္ကဆီကို နိုင်ငံရေးအပေါ် အစဉ်တစိုက် ဝေဖန်။

၁၉၈၀ ပြည့်နှစ်တွေမှာ နီကာရာဂွာက ဆန်ဒီနစ်စတာတွေကို ထောက်ခံ။ အဲဒီထောက်ခံမှုကပဲ သူ့ရဲ့ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်တဲ့ နိုဘယ်ဆုရှင် ကဗျာဆရာ အောက်တေဗီယို ပါ့ဇ်နဲ့ သဘောကွဲလွဲ။ ဆန်ဒီနစ်စတာတွေကို ထောက်ခံခဲ့တာ အပါအဝင် အမေရိကန် နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက် ဝေဖန်ခဲ့လို့ အမေရိကန်ပြည်ဝင်ခွင့် အကြိမ်ကြိမ်ငြင်းပယ်ခံရသလို အက်ဖ်ဘီအိုင်ကလည်း အနီးကပ် စောင့်ကြည့်ခဲ့။

စာအုပ်တစ်အုပ်ရဲ့ ညာဘက်စာမျက်နှာတွေမှာပဲ စာတွေရေးပြီး ဘယ်ဘက်စာမျက်နှာတွေမှာ ပြင်ချက် ဖြည့်ချက်တွေ ထည့်လေ့ရှိတဲ့ စာရေးဆရာအိုကြီး ၂၀၁၂ မေ မှာ ကွယ်လွန်။ ကမ္ဘာကျော်စာရေးဆရာတွေသာမက နိုင်ငံ့ခေါင်းဆောင်တွေကပါ ဝမ်းနည်းကြောင်း ဖော်ပြခဲ့ကြ။ အသုဘကို မက္ကဆီကို သမ္မတကိုယ်တိုင် လိုက်ပါပို့ဆောင်။

✤

# ရုပ်တု

အကာပါလ်ကိုမယ် ဖီလ်ဘာတိုတစ်ယောက် ရေနစ်တာ ဘာကြာသေးလို့တုံး။ အီစတာပွဲတော်ရက်တုန်းကလောက်ပဲ။ အစိုးရအလုပ်က ပြုတ်သွားပေမယ့် ဖီလ်ဘာတိုကတော့ဖြင့် ဗျူရိုကရက် လုပ်ခဲ့တုန်းက စရိုက်ကို မဖျောက်နိုင်ဘဲ ဟိုဂျာမန်ဟိုတယ်ကလေးဆီ တစ်နှစ်တစ်ခေါက်တော့ ရောက်ရောက်နေတာလား။ အဲဒီမယ် အပူပိုင်းဟင်းလျာ ခပ်ချိုချိုတွေကို ဂေါ်ဖီချဉ်လေးနဲ့ စားမယ်။ သန့်ရှင်းသော တနင်္ဂနွေနွေဆို လာဂွီဘရာဒါတီးလုံးလေးနဲ့ ကမယ်။ ဟိုးမော့စ်ကမ်းခြေက မှုန်တိမှုန်မွှားအလင်းထဲမယ် ဟန်ကျပန်ကျနိုင်တဲ့ လူတွေထဲက တစ်ယောက်ပဲရယ်လို့ သူ့ကိုယ်သူ ထင်နေမယ်။ ဖီလ်ဘာတို ငယ်ငယ်တုန်းက ရေကူးကောင်းတာဖြင့် ကျုပ်တို့အားလုံး သိခဲ့ကြသားပဲ။ ဒါပေမယ့် အသက်လေးဆယ်မယ် ဒီလိုကိုယ်ခန္ဓာကြီးနဲ့ ဒီလောက် အကွာအဝေးကို ညသန်းခေါင်ကြီးကူးဖို့ ဆိုတာကတော့ တစ်ဘာသာပဲလေ။

ဖရောမူလာကတော့ သူ့ဟိုတယ်မယ် အသုဘအခမ်းအနား လုပ်တာမျိုးလက်ခံမယ့် လူမျိုးတော့ မဟုတ်ဘူး။ သေတဲ့ လူက ပုံမှန်ဖောက်သည်ဖြစ်နေခဲ့ရင်တောင်မှပေါ့။ ဖီလ်ဘာတိုတစ်ယောက် သူ့အခေါင်းထဲမယ် ဖြူဖပ်ဖြူရော်နဲ့ လှဲနေရင်း မနက်စောစော ဂိတ်ကနေ ပထမဆုံးထွက်မယ့် ဘတ်စကားကို စောင့်နေတုန်း ဖရောမူလာကတော့ ဟိုတယ်ရှေ့မယ် ကပွဲတစ်ခု လုပ်နေခဲ့တယ်။ ဖီလ်ဘာတိုကတော့ သူ့ဘဝအသစ်ရဲ့ ပထမဆုံးနေ့ကို ထင်းရှူးပုံးတွေ၊ အထုပ်အပိုးတွေ ကြားထဲမယ် စပြီးဖြတ်သန်းနေလေရဲ့။

အခေါင်း ကားပေါ်တင်တာကို ကြည့်ရှုပေးဖို့ မနက်စောစော ကျုပ်ရောက်သွားတော့ ဖီလ်ဘာတိုတစ်ယောက် အုန်းသီးပုံအောက် ရောက်နေပြီ။ ကားဆရာက သူ့ကို ပစ္စည်းခန်းထဲ မြန်မြန်ထည့်ပစ်လိုက်ချင်တယ်။ ခရီးသည်တွေ လန့်မသွားအောင်ရော၊ လမ်းမယ် ကံဆိုးမိုးမှောင် မကျအောင်ရော၊ အဝတ်နဲ့ အုပ်ထားရမယ်လို့လည်း ပြောသေးတယ်။

ကျုပ်တို့ အကာပါလ်ကိုက ထွက်လာတော့ လေကလေး တဖြူးဖြူးနဲ့။ တီယာရာ ကော်လိုရာဒါရောက်မှ အလင်းရောင် စူးလာပြီး ပူလည်း ပူလာတော့တယ်။ ဝက်အူချောင်းလေး ကြက်ဥလေးနဲ့ပဲ မနက်စာ စာရင်း ဖီလ်ဘာတိုရဲ့ အိတ်ကို ဖွင့်ကြည့်မိတယ်။ အိတ်ကို အရင်တစ်နေ့ထဲက မူလာရဲ့ ဟိုတယ်ကနေ သူ့ရဲ့ တခြားတိုလီမုတ်စတွေနဲ့အတူ သွားယူလာခဲ့တာ၊ ပီဆို နှစ်ရာ၊ သတင်းစာဟောင်း တစ်စောင်၊ ရက်လွန်နေတဲ့ ထီလက်မှတ်တွေ၊ အာကာပါလ်ကို ကိုလာတဲ့ အသွားလက်မှတ် (အသွားလက်မှတ် တစ်စောင်တည်းဗျ)၊ ပြီးတော့ ပုံဆွဲစာရွက်လို စက္ကူမျိုးတွေနဲ့ အပေါ်စား မှတ်စုစာအုပ်တစ်အုပ်။

လမ်းကလည်း အတက်အဆင်းများများ၊ အနံ့ထားတဲ့အနံ့ကလည်း ပျံ့နေတဲ့ကြားထဲက ဘတ်စကားပေါ်မယ် အဲဒီစာအုပ်ကို ကျုပ်ဖတ်ကြည့်တယ်။ သေသွားတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာကို လေးစားသမှုနဲ့ ဖတ်ကြည့်တာမျိုးပါ။ အဲဒါက မှတ်တမ်းစာအုပ်လိုပါပဲ။ ကျုပ်တို့ တစ်နေ့တစ်နေ့ ရုံးမှာ ဘာလုပ်ရတယ် ဆိုတာမျိုးတွေကို စမှတ်ထားတယ်။ ကျုပ်အနေနဲ့တော့ကာ ဖီလ်ဘာတိုတစ်ယောက် ဘာပြုလို့ အလုပ်တွေ ပျက်ခဲ့သလဲ၊ အကြောင်းအရင်း မည်မည်ရရမရှိ၊ ခွင့်ပြုချက်လည်းမရဘဲ ဘာပြုလို့ ရုံးစာတွေကို ထုတ်ခဲ့သလဲဆိုတာတွေ သိချင်မိတယ်။ သူ ဘာကြောင့် အလုပ်ပြုတ်သွားတယ်၊ လူကြီးတွေက သူ့ကို ဘာလို့ပစ်ထားကြတယ်၊ ပင်စင်တောင် မရအောင် ဖြစ်သွားရတယ်ဆိုတဲ့ အကြောင်းအရင်းတွေပေါ့။

ဒီနေ့ ပင်စင်ကိစ္စနဲ့ ရှေ့နေကို ကျုပ်သွားတွေ့တယ်။ ငတိက တော်တော်ကြီးကို သဘောကောင်းသဗျ။ ကျုပ်ဖြင့် ပျော်လွန်းလို့ ကဖေးဆိုင်ထဲဝင် ငါးပီဆိုလောက်တော့ ဖြုန်းပစ်လိုက်မယ်လို့တောင် စိတ်တုံးတုံးချမိ

တယ်။ ကဖေးဆိုင်မှာတော့ ကျုပ်တို့ ငယ်ငယ်တုန်းက သွားနေကျပဲ။ အခုနောက်ပိုင်း ကျုပ် လုံးဝ မသွားတော့တဲ့ ကဖေးဆိုင်ဆိုလည်း ဟုတ်တယ်။ ဘာပြုလို့လဲဆိုတော့ အဲဒီဆိုင်ရောက်ရင် ကျုပ် အသက်နှစ်ဆယ် အရွယ်တုန်းက အခုလေးဆယ်ထက်ပိုပြီး ဟန်ကျပန်ကျ ရှိခဲ့တယ်ဆိုတာ ပြန်သတိရရ လာလို့ပဲ။ အဲဒီတုန်းကဖြင့် ကျုပ်တို့အားလုံး ကြမ်းတပြေးတည်း ပဲရယ်။

တစ်ယောက်အကြောင်းတစ်ယောက် မကောင်းပြောမယ်ဆိုလည်း ဘယ်သူမှ လက်ခံကြမယ် မဟုတ်ဘူး။ ဆိုင်ထဲမယ် တစ်ယောက်ယောက်ကများ ဘယ်ကောင်ကဖြင့် သူ့မိသားစုက အဆင့်မရှိဘူးတို့၊ ဝတ်ပုံစားပုံ အတန်းမရှိဘူးတို့များ ပြောမိလို့ကတော့ သေနတ်နဲ့တောင် အပစ်ခံရ မလားဘဲ။ အဲဒီတုန်းကဖြင့် ကျုပ်တို့ထဲက တော်တော်များများဟာ တော်တော်ပေါက် ပေါက်ရောက်ရောက် ဖြစ်ကြလိမ့်မယ်၊ ဘဝပင်လယ်ကို သတ္တိဗျတ္တိနဲ့ ကူးကြဖြတ်ကြလိမ့်မယ်ရယ်လို့ ထင်ခဲ့မိတာကလား။ ဒါပေမယ့် အဲဒီလိုတော့ ဖြစ်မလာဘူးဗျ။

တချို့ကိစ္စတွေက ပုံသေကားကျ တွက်လို့မရဘဲကိုး။ တချို့တွေက ပြတ်ကျန်ခဲ့တယ်။ တချို့တွေကျတော့လည်း ကျုပ်တို့ ထင်ခဲ့တာထက်တောင် အပေါ်ရောက်ကုန်ကြပြီ။ အထွန်းပေါက်ဆုံးဖြစ်မယ် ထင်ခဲ့တဲ့ ငတိ တချို့လည်း လမ်းမယ် ရပ်ကျန်ခဲ့တယ်။ ဘာတွေ လျှောက်လုပ်မိမှန်းမသိဘဲ တလွဲတွေ ဖြစ်ကုန်တယ်။ အရမ်းကို အောင်မြင်သွားတဲ့သူတွေနဲ့ ဘာမှ မည်မည်ရရ မဖြစ်မြောက်တဲ့သူတွေကြားမယ်လည်း ချောက်ကမ်းပါးကြီး ခြားသွားတော့တယ်။

အဲဒီလိုအချိန်တွေ လွန်ပြီး ကနေ့တော့ အဲဒီခုံတွေပေါ် ကျုပ် ပြန်လာထိုင်နေမိတယ်။ ဆိုဒါပုလင်းရောင်းတဲ့ စက်ကြီးလိုလို ကျူးကျော်မှုကို တားဆီးမယ့် တံတိုင်းကြီးလိုလို ခပ်တည်တည်နဲ့ပေါ့။ ဘစ်ဇနက်သတင်းစာတွေပဲ ဖတ်နေသလိုလို ပုံမျိုးဖမ်းရင်းပေါ့။ မြင်နေကျ မျက်နှာတွေ ပြန်တွေ့ရတယ်။ မှတ်မိတစ်ချက်၊ မမှတ်မိတစ်ချက်။ မျက်နှာတွေကလည်း နီယွန်မီးအောက်မယ် အရောင်က ပြောင်းနေသေးတာကိုး။ အဆင်တော့ ပြေကြပုံ ရတယ်။

တကယ်တန်းက ကဖေးဆိုင်ကိုတောင် မှတ်မိဖို့ အနိုင်နိုင်ရယ်။ မြို့ကြီးတစ်ခုလုံးလည်း ဒီလိုပါပဲ။ သူတို့ဟာ ကျုပ်နဲ့မကိုက်တော့တဲ့ အခြေအနေတစ်ရပ်ဆီ တဖြည်းဖြည်းချင်း ပြောင်းလဲသွားနေသလိုပဲ။ သူတို့တွေထဲမယ် ကျုပ်ကို တကယ်မမှတ်မိတော့တဲ့လူလည်း ပါမယ်။ မမှတ်မိချင်တော့တဲ့ လူလည်း ပါမှာပဲ။ တစ်ယောက်စ နှစ်ယောက်စကတော့ဖြင့် ကျုပ် ပခုံးကို ပုတ်သွားလေရဲ့။ ဟေ့··· လူကြီး မတွေ့တာကြာပြီ။ ဘယ်လိုနေလဲ၊ ဘာညာပေါ့။ ကျုပ်တို့ ကြားထဲမယ် ကန်းထရီးကလပ်ရဲ့ ကျင်းဆယ့်ရှစ်ကျင်းက ခြားနေတယ်။ ကျုပ်ကိုယ်ကျုပ် သတင်းစာထဲပဲ နှစ်ထားလိုက်တယ်။ စိတ်ကူးတွေယဉ်ခဲ့တဲ့ နှစ်တွေ၊ အကောင်းဘက်ကို မျှော်လင့်ထားတဲ့အချိန်တွေဟာ ကျုပ်ရှေ့မယ် အစီအရီ ပြန်ပေါ်လာတယ်။ အဲဒါတွေ ကျုပ်မရလိုက်အောင် အဟန့်အတားဖြစ်ခဲ့တဲ့အရာတွေနဲ့ အတူတူပေါ့။

ကျုပ်အနေနဲ့ အတိတ်ကို လက်ကုန်နှိုက်ပြီး မေ့လျော့နေတဲ့ အပိုင်းအစတွေကို ပြန်ဆက်စပ်မရတော့တာကိုပဲ စိတ်တိုနေမိတယ်။ တကယ်တော့ အရုပ်ကလေးရဲ့ ကိုယ်ပိုင်းတစ်ပိုင်းကလည်း အတိတ်ရဲ့ အစိတ်အပိုင်းတစ်ခုပဲ။ အားလုံးပြီးဆုံးသွားတဲ့အခါ သူ့ရဲ့ ခေါင်းတွေက ဘယ်မှာ၊ ခေါင်းဆောင်းက ဘယ်မှာ၊ သစ်သားဓားလေးက ဘယ်မှာဆိုတာ ဘယ်သူကကော သိနိုင်ပါတော့မလဲ။ ကျုပ်တို့ကြိုက်တဲ့ ယုံတမ်းဆိုတာ ဤမျှသာပါ။ ယုံတမ်းဟာ ယုံတမ်းပဲ။ ကျုပ်လည်း ကြိုးစားခဲ့တာပဲ၊ စည်းနဲ့ စနစ်နဲ့ နေခဲ့တာပဲ။

အလုပ်ထဲ ဘဝကို ပုံအပ်ခဲ့တာပဲ။ အဲဒါက မလုံလောက်ခဲ့တာလား။ လိုတာထက် ပိုသွားခဲ့တာလား။ ရစ်လ်ကီရေးခဲ့တာ ပြန်သတိရမိရင် ကျုပ်ကို ဖြတ်ရိုက်လိုက်သလိုပဲ။ ငယ်ဘဝ စွန့်စားခန်းအတွက် အကြီးဆုံး ဆုလာဘ်ကဖြင့် သေခြင်းပဲဆိုတာလေ။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတာကောင်းတယ်။ ကျုပ်တို့ရဲ့ လျှို့ဝှက်ချက်တွေလည်း ကျုပ်တို့နဲ့ ပါသွားရော။ ငွေရှင်းတော့ ငါးပီဆို ကျတယ်။ နှစ်ပီဆို ဘောက်ဆူးပေးခဲ့တယ်။

ပဲပဲတစ်ယောက်ကဖြင့် စီးပွားရေးဥပဒေဆိုတာကို စွဲစွဲလမ်းလမ်းဖြစ်တတ်တာမျိုးအပြင် သီအိုရီတွေ ဘာတွေလည်း ထုတ်ရတာလည်း ဝါသနာပါတဲ့ကောင်မျိုး။ တစ်နေ့တော့ ကျုပ် ဘုရားကျောင်းထဲက ထွက်လာ

တာ သူတွေ့သွားတယ်။ သူနဲ့ ကျုပ် သမ္မတအိမ်တော်ဘက်ကို လမ်းဆက်လျှောက်ခဲ့ကြတယ်။ သူက ဘာမှကိုးကွယ်တဲ့သူမျိုးတော့ မဟုတ်ဘူး။ ဒါပေမယ့် အဲလောက်နဲ့လည်း ကျေနပ်ပုံမရဘူး။ ဘလောက်တစ်ဝက်လောက်လျှောက်ပြီးတာနဲ့ သူရဲ့ သီအိုရီတစ်ခုကို ထုတ်ပြတော့တာပဲ။ တကယ်လို့ ငါသာ မက္ကဆီကန်တစ်ယောက် မဟုတ်ဘူးဆိုရင် ခရစ်တော်ကိုလည်း မကိုးကွယ်ဘူးကွာ။ ကြည့်လေ…၊ စပိန်ကောင်တွေ ရောက်လာပြီး ဒီဘုရားကို ကိုးကွယ်ကြပေ့ဆိုပြီး ခိုင်းတာမျိုးပဲ။

လက်ဝါးကပ်တိုင်မယ် သံရိုက်ခံပြီး သွေးသံရဲရဲနဲ့သေတာ။ စတေးခံပစ်လိုက်တာ။ ပေးလှူပစ်တာ။ မင်းရဲ့ ရိုးရာ၊ မင်းရဲ့ဘဝနဲ့ နီးစပ်တာတစ်ခုခုကို လက်ခံလိုက်တာလောက် အဆင်ပြေတာရှိဦးမလားကွာ။ မက္ကဆီကန်တွေကို နိုင်သွားတာ ဗုဒ္ဓဘာသာတွေ၊ မွတ်စလင်တွေ ဖြစ်မယ်လို့ လှည့်တွေးကြည့်ရင်ကော။ အစာမကြေဖြစ်ပြီး သေတဲ့သူမျိုးကို ကျုပ်တို့ အင်ဒီးယန်းတွေ ကိုးကွယ်ရမယ်ဆိုတာမျိုးကြတော့ စိတ်ကူးကြည့်လို့တောင် မရဘူး။

ဒါပေမယ့် မင်းအတွက် အစတေးခံပစ်လိုက်တဲ့ အိုကွာ… သူ့နှလုံးသားကိုတောင် ထုတ်ပေးတဲ့ ဘုရားမျိုးဆိုရင်ကော ဘယ်နှယ့်လဲ။ အနန္တ တန်ခိုးတော်ရှင်ပေါ့။ ဟူဇီလိုပေါ့ချ်လီကို[၁] တစ်ခါတည်း ပွဲသိမ်းပစ်လိုက်တော့တာပေါ့။

ခရစ်ယာန်ဘာသာကတော့ သူ့ရဲ့ စိတ်လှုပ်ရှားစရာတွေ၊ အစတေးခံတာတွေ၊ ထုံးတမ်းတွေနဲ့ ဒေသခံ ဘာသာတရားပေါ်ကနေ သာသာယာယာပဲ ဆန်းသစ်လိုက်ပုံမျိုးနဲ့ ထွန်းကားလာတော့တာပဲ။ ဒါနပြုရမယ်တို့၊ မေတ္တာ ပွားရမယ်တို့၊ ခန္တီတရား လက်ကိုင်ထားရမယ်တို့ ဆိုတာတွေကိုတော့ ပယ်ပစ်လိုက်ကြတယ်။ အဲဒါ မက္ကဆီကိုပဲလေ။ တစ်ယောက်ယောက်ကို ယုံနိုင်ဖို့ အဲဒီလူကို သတ်ပစ်ဖို့လိုတဲ့နေရာ မဟုတ်လား။

ကျုပ် ငယ်ငယ်တည်းက မက္ကဆီကန် အင်ဒီးယန်းတွေရဲ့ အနုပညာလက်ရာတွေကို အရူးအမူးဖြစ်နေခဲ့တယ်ဆိုတာ ပဲပဲက သိသဗျ။ ကျုပ်ကလည်း အဲဒီကတည်းက ရုပ်တုကလေးတွေ၊ အိုးခွက်လေးတွေ အဲဒါမျိုးတွေကို စုနေဆောင်းနေခဲ့တာဗျ။ ရုံးပိတ်ရက်တွေများဆို တလက်စ်ကာလာ

ဘက်ဖြစ်ဖြစ် တီယိုတီဟွာကန်ဘက်ဖြစ်ဖြစ် ရောက်နေတာကလား။ အဲဒါကြောင့်လည်း ပဲပဲက ရိုးရာ အယူအဆတွေနဲ့ ပတ်သက်တဲ့ သီအိုရီတွေ ကျုပ်ကို လာထုတ်ပြနေတာ ဖြစ်ချင်ဖြစ်မှာပေါ့။

ချာက်ခ်-မူးလ်လို့ခေါ်တဲ့ ရုပ်တုမျိုး ကျုပ်ရှာနေတာ တော်တော်ကြာပြီဆိုတာလည်း ပဲပဲက သိနေတယ်။ ဒီနေ့တော့ လာလက်ဂူနီလားက အဟောင်းဆိုင်ကလေး တစ်ဆိုင်မယ် အဲလိုရုပ်တုမျိုး တစ်ခုရောင်းနေတယ်ဆိုတာ ကျုပ်ကို လာပြောတယ်။ ဈေးကလည်း သင့်သတဲ့။ တနင်္ဂနွေနေ့ကျမှ ကျုပ်သွားကြည့်လိုက်ဦးမယ်။

နောက်တောက်တောက် လုပ်တတ်တဲ့ တစ်ယောက်ယောက်က ကျုပ်တို့ ရုံးက ရေအေးစက်ထဲကို ဆေးနီရောင်တွေ ထည့်သွားသဗျ။ အလုပ်လုပ်ရတာ အနှောင့်အယှက် ဖြစ်ကုန်တာပေါ့။ ဘယ်ကောင်လုပ်လဲဆိုတာ ညွှန်မှူးကို ကျုပ် တိုင်ပစ်လိုက်တယ်။ ဒါရိုက်တာကတော့ ရယ်စရာလို့ပဲ သဘောထားပုံရပါတယ်။ အဲဒီတော့ ဇေတိက ကျုပ်ကို တစ်နေကုန် လိုက်လှောင်နေတော့တာပေါ့။ မအေ…။

ဒီနေ့ တနင်္ဂနွေဗျ။ လာလက်ဂူနီလားသွားဖို့ အချိန်လည်းရတယ်။ ရုပ်တုကို ပဲပဲ ပြောတဲ့ ခပ်ပေါပေါ ဈေးဆိုင်ကလေးမှာပဲ သွားတွေ့တယ်။ တကယ့်ဟာကြီးပါဗျာ။ လူတစ်ယောက် အရွယ်အစတိုင်းပဲ။ ရောင်းတဲ့ကောင်က တကယ့်ရှေးလက်ရာ အမှန်အကန်လို့ ပြောတယ်။ ကျုပ်ကတော့ သိပ်မယုံချင်ဘူး။ ကျောက်သားကတော့ တွေ့နေကျပဲ။ ဒါပေမယ့် ရုပ်တုက အဟန့်ကောင်းကောင်း၊ ထုထည် ကြီးကြီးရယ်။ တိုးရစ်တွေများလာရင် တကယ့်ရှေးလက်ရာဆိုတာ ယုံအောင် ဇေတိက ရုပ်တုဗိုက်မယ် ခရမ်းချဉ်သီး အချဉ်ရည်တွေတောင် သုတ်ထားသေးတယ်။

ရုပ်တုကို အိမ်ကို သယ်ရတာက ဝယ်ရတာထက် ပိုကုန်သွားတယ်။ ဒါပေမယ့် အခုတော့ ဒီကို ရောက်လာပါပြီ။ ကျုပ် တခြားစုထားတာလေးတွေကို ပြန်နေရာမချရခင် ရုပ်တုကို မြေအောက်ခန်းမှာပဲ ခဏထားလိုက်တယ်။ ဒီရုပ်တုတွေက နေရောင်ပြင်းပြင်းနဲ့ တိုက်ရိုက်ထိဖို့လိုတယ်။ အဲဒါ သူတို့ရဲ့ သဘာဝပဲ။ မြေအောက်ခန်း မှောင်မှောင်ထဲမတော့ သူ့ရဲ့ ဂုဏ်သတ္တိလည်း ပျောက်ပြီပေါ့။ တခြား သက်မဲ့ပစ္စည်းတွေလိုပဲပေါ့။

အလင်းရောင်နဲ့ ပေးမထိလို့ ဒင်းမျက်နှာက မဲ့နေသလားလို့တောင် ကျုပ် ထင်မိတယ်။ ရောင်းတဲ့ကောင်ဆီမယ်တုန်းကတော့ ဆလိုက်မီးတွေ ဘာတွေ ထိုးထားတာ။ ကျုပ်လည်း သူ့လို လုပ်ဦးမှပါ။

ရေပိုက်တွေ ပေါက်ထွက်နေလို့ ကျုပ် နိုးလာတယ်။ ကျုပ် မသိ လိုက်ခင် မီးဖိုခန်းမယ် ရေတွေပြည့်ပြီး မြေအောက်ခန်းထဲထိ လျှံကျကုန် တယ်။ ရုပ်တုကိုတော့ မထိခိုက်ပါဘူး။ ကျုပ် အဝတ်အစား သေတ္တာ တစ်လုံးတော့ ထိသွားတယ်။ ရုံးဖွင့်ရက်ကြီး ဖြစ်တာဆိုတော့ ရုံးကို နောက်ကျမှ ရောက်သွားတယ်။

နောက်ဆုံးတော့ ပိုက်ပြင်သမား ရောက်လာတယ်။ သေတ္တာ ကတော့ သုံးမရတော့ဘူး။ ရုပ်တု အောက်ခြေမယ် ရေညှိတွေ ကပ်ကျန် ခဲ့တယ်။

ညတစ်နာရီကြီး ကျုပ် နိုးလာတယ်။ ညည်းသံကြားရတယ်။ အိမ်မျှား ဖောက်ခံရပလား တွေးမိတယ်။ စိတ်က ထင်တာဖြစ်မှာပါ။ ညဘက် ညဘက် ညည်းသံတွေ ဆက်ကြားနေရတယ်။ ဘယ်က ထွက်နေလဲတော့ ကျုပ် မသိဘူး။ ကျုပ်ကို စိတ်ကယောက်ကယက် ဖြစ်စေတာတော့ အမှန်ပဲ။ အရေးထဲ အရာပေါ်ဆိုသလို ပိုက်တွေ တစ်ခါထပ်ပေါက် ပြန်တယ်။ မြေအောက်ခန်းထဲ ရေတွေ ပြည့်ပြန်ပြီ။

ပိုက်ပြင်သမား ပေါ်မလာဘူး။ ကျုပ်တော့ စိတ်တော်တော် ညစ် နေပြီ။ မြို့နယ် ရေဌာန အကြောင်းကတော့ မပြောလေ ကောင်းလေပါပဲ။ လျှံတဲ့ရေတွေက ရေဆင်းပိုက်ကနေ မဆင်းဘဲ မြေအောက်ခန်းထဲချည်း စီးကုန်တာ ဒါပထမဆုံးပဲ။ ညည်းသံတော့ တိတ်သွားတယ်။ ဘဲစားဘဲခြေ ပေါ့လေ။

မြေအောက်ခန်းထဲက ရေတွေ စုပ်ထုတ်ပစ်လိုက်ကြတယ်။ ရုပ်တု တစ်ခုလုံးကို ရေညှိတွေ ဖုံးနေပြီ။ အရေပြားရောဂါတစ်ခုခုကြောင့် တစ်ကိုယ် လုံး အစိမ်းရောင်လွှမ်းနေတဲ့ လူလို ဖြစ်နေတယ်။ မျက်လုံးတစ်ခုပဲ ကွက် ကျန်တော့တယ်။ တနင်္ဂနွေနေ့ကျရင်တော့ ရေညှိတွေကို တိုက်ပစ်ရမယ်။ ဒီရေဘေးဒုက္ခကနေ လွတ်အောင် အထပ်မြင့် အခန်းတစ်ခန်းကို ပြောင်းပါ လားလို့ ပဲပဲက ပြောတယ်။ ကျုပ်အိမ်ကို ကျုပ်မထားခဲ့နိုင်ဘူး။ အိမ်က

ကျုပ်အတွက် ကြီးလွန်းနေတယ်။ ရာစုနှစ်တစ်စုလောက် ခေတ်နောက်ကျနေတဲ့ပုံစံနဲ့။ ဒါပေမယ့် ဒီဟာက တစ်ခုတည်းသော မိဘ အမွေအနှစ်ပဲ။ ကျုပ်မိဘတွေနဲ့ ပတ်သက်လို့ တစ်ခုတည်းသော အမှတ်ရစရာပဲ။ မြေအောက်ထပ်မယ် သီချင်းပါ ဖွင့်လို့ရတဲ့ ဆိုဒါရောင်းတဲ့စက်နဲ့ မြေညီထပ်မယ် အိမ်တွင်းအလှပြင်ဆိုင်နဲ့ နေရမယ်ဆို ကျုပ်ဘယ်လိုများ ဖြစ်သွားမလဲ မသိဘူး။

ပန်းရုံတွေသုံးတဲ့ သန်လျက်နဲ့ ရုပ်တုက ရေညှိတွေကို ကျုပ်ခြစ်ထုတ်ပစ်လိုက်တယ်။ ရေညှိတွေက ရုပ်တုနဲ့ တစ်သားတည်းလိုတောင် ဖြစ်နေပြီ။ တစ်နာရီမက ကြာသွားတယ်။ ကိစ္စဝိစ္စတွေပြီးတော့ ညနေခြောက်နာရီလောက်ရှိပေါ့။ အမှောင်ထဲမယ် ဘာမှသေချာမမြင်ရတော့ဘူး။ ရုပ်တုကို ကျုပ်လက်နဲ့ လိုက်စမ်းနေမိတယ်။ ကျောက်သားက ပျော့တော့တော့ ဖြစ်နေသလိုပဲ။ မယုံနိုင်စရာ။ နယ်ထားတဲ့ မုန့်သားလို ဖြစ်နေတယ်။ လာလက်ဂူနီလားက ကောင်ကဖြင့် ကျုပ်ကို ညာချလိုက်ပြီ။ သူ့ရဲ့ ကိုလံဘီယာ ခေတ်မတိုင်မီ ရုပ်တုဆိုတာကြီးက ပလာစတာလောင်းထားတာကြီးပါကလား။ အခုရေစိုတော့ ပျက်ကုန်ပြီပေါ့။ ကျုပ် အဲဒါကို အဝတ်စုတ်တွေနဲ့ ပတ်ထားလိုက်တယ်။ လုံးဝ အရည်ပျော်မသွားခင် မနက်ဖြန်တော့ ဒါကြီးကို အပေါ်ထပ် ပြန်တင်ရမယ်။

အဝတ်စုတ်တွေ ကြမ်းပေါ်ကျနေတယ်။ ဘာဖြစ်တာလဲ။ ရုပ်တုကို ကျုပ် ထပ်စမ်းကြည့်တယ်။ မာတော့ ခပ်မာမာပဲ။ ဒါပေမယ့် ကျောက်သားလိုတော့ မဟုတ်ဘူး။ ကိုယ်ပိုင်းက အသားလို နည်းနည်းဖြစ်နေတယ်။ ဖိကြည့်တော့ ရာဘာလိုပဲ။ ဒီလျောင်းနေတဲ့ ရုပ်တုထဲတစ်ခုခု ဖြတ်စီးနေသလိုပဲ။ ညဘက် ကျုပ်တစ်ခေါက် ထပ်ဆင်းကြည့်တယ်။ သံသယတွေ အကုန်ရှင်းသွားတယ်။ ရုပ်တုရဲ့ လက်မောင်းမယ် အမွေးတွေ ပေါက်နေပြီ။

ဒီလိုအဖြစ်မျိုး ကျုပ်တစ်ခါမှ မကြုံဖူးဘူး။ အလုပ်ထဲမှာလည်း အလွဲလွဲ အချော်ချော်တွေ ဖြစ်ကုန်တယ်။ ခွင့်ပြုချက်မရဘဲ ပေးစရာရှိတာ တစ်ခု သွားပေးမိတယ်။ ညွှန်မှူးက ကျုပ်ကို သတိပေးတော့တာပေါ့။ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံမိပုံပဲ။ ကျုပ်တော့ ဆရာဝန် ပြမှဖြစ်မယ်။ အဲဒါ ကျုပ် စိတ်ထဲလျှောက်ထင်နေတာလား။

ကယောင်ကတမ်း ဖြစ်နေတာလား။ ဒါမှမဟုတ် ဒီသောက်ရုပ်တုကို လွှင့်ပစ်လိုက်ရမလား။

*ဒီနေရာအထိတော့ ကျုပ်အနေနဲ့ ဖီလ်ဘာတိုရဲ့ လက်ရေးကို မှတ်မိသေးတယ်။ စာတွေ၊ ပုံစံတွေမယ်၊ ကျုပ် ခဏခဏ မြင်ခဲ့ဖူးတဲ့ ခပ်ကြီးကြီး ခပ်ဝိုင်းဝိုင်း လက်ရေး။ ဩဂုတ် ၂၅ မယ် ရေးထားတာကတော့ဖြင့် တခြားတစ်ယောက် ရေးထားတာကျနေတာပဲ။ တစ်ခါတလေ ကလေး လက်ရေးလို စာလုံးတွေက တောင်တစ်လုံးမြောက်တစ်လုံး၊ တစ်ခါတစ်ခါ ကျပြန်တော့ ကယောက်ကယက်နဲ့ ခပ်သွက်သွက် ရေးထားတာ ဖတ်မရအောင်ဘဲ။ သုံးရက်ကတော့ လွတ်နေတယ်။ နောက်တော့ ဆက်ရေးပြန်တယ်။*

အားလုံးဟာ သိပ်ကို သဘာဝကျနေတယ်။ ပုံမှန်ကတော့ တကယ့်အရှိတရားကိုမှ ယုံကြတာ မဟုတ်လား။ ဒီကိစ္စကတော့ ယုံနိုင်တာထက်ကို ပိုတဲ့ တကယ့်အရှိတရားပဲလို့ ပြောရတော့မယ်။ ရေအေးပေးစက်ဆိုတာ တကယ့်ရှိတာပဲလေ။ တကယ့်အရှိဆိုတာထက် ပိုပါတယ်။ နောက်တီးနောက်တောက် လုပ်တတ်တဲ့လူ တစ်ယောက်လောက်က ရေကို အနီရောင်ပြောင်းအောင် လုပ်လိုက်တဲ့အခါ ရေအေးပေးစက် တကယ်ရှိနေတယ်ဆိုတာ ကျုပ်တို့ လုံးဝဥဿုံ သိခဲ့ရတယ် မဟုတ်လား။

စီးကရက် မီးခိုးအကွင်းလေးတွေကလည်း တကယ်ရှိတာပဲ။ ကစားကွင်းက မုန့်ထဲမယ်ပေါ်တဲ့ ရွှဲရွှဲစောင်းစောင်း ပုံရိပ်တွေကလည်း တကယ်ရှိတာပဲ။ လူတစ်ယောက် အိပ်မက်ထဲမယ် နတ်ပြည်ရောက်သွားတယ် ဆိုကြစို့ရဲ့ဗျာ။ နတ်ပြည်မယ် ဟိုဟိုဒီဒီ လျှောက်သွားနေတုန်း တစ်ယောက်ယောက်က သူ့ကို ပန်းတစ်ပွင့် ပေးလိုက်တယ်။ နိုးလာတဲ့အခါ သူ့လက်ထဲမယ် ပန်းတစ်ပွင့် တွေ့တယ်။ ကဲ… ဘယ်လိုပြောရမလဲ။ တကယ့်အရှိဆိုတာ တစ်နေ့ကျတော့ ပြိုကွဲသွားတတ်တာမျိုးပဲ။ ခေါင်းက အရှေ့ဘက် အမြီးက နောက်ဘက် လွင့်ချင်လွင့်သွားတတ်တယ်။

ကျုပ်တို့ လက်ထဲမယ် ကျန်ခဲ့တာတော့ ကိုယ်ခန္ဓာအစိတ်အပိုင်း တစ်ခုတလေ ဖြစ်ချင်ဖြစ်မှာပေါ့။ လွန်ခဲ့တဲ့ သုံးရက်အထိ ကျုပ်ရဲ့ တကယ့်အရှိတရားက သုံးရက်လောက်ကြာရင် ပျောက်ပျက်သွားတတ်တဲ့ အရှိတရား

မျိုးပဲ။ အဲဒါက တစ်ခုခုကို တုံ့ပြန်လိုက်တာ၊ လုပ်ရိုးလုပ်စဉ်မို့လို့ လုပ်လိုက်တာ၊ မှတ်ဉာဏ်ထဲမယ် မှတ်မိနေတာ… အဲလောက်ပဲ။

မြေကြီးလိုပေါ့…၊ တစ်နေ့တော့ အဲဒီ တကယ့်အရှိတရားဟာ သူ့ရဲ့ အစွမ်းကို ကျုပ်တို့ သတိရလာအောင် လှုပ်လာခါလာ ပါလိမ့်မယ်။ သေခြင်းတရား ဆိုက်ရောက်လာမယ့်အကြောင်း သတိပေးပါလိမ့်မယ်။ ဘဝကို ကျောခိုင်းပြီး နေခဲ့တယ်ဆိုပြီး ကျုပ်တို့ကို စွဲချက်တင်လိမ့်မယ်။ ကျုပ်သိထားတဲ့ တကယ့်အရှိတရားကတော့ ကျုပ်တို့အနေနဲ့ အခုပစ္စက္ခလေးမယ် အသက်ဝင်နေအောင် ကျုပ်တို့ကို လှုပ်ပေးခါပေး နေဦးမယ့်ဟာမျိုးပဲ။

တစ်ဖက်ကလည်း ဒါကျုပ်ထင်နေမြင်နေတာတွေလို့ပဲ ယုံနေမိသေးတယ်။ ရုပ်တုကတော့ နူးညံ့လာတယ်။ ညတွင်းချင်း အရောင်ပြောင်းသွားတယ်။ အဝါရောင်…၊ တကယ်က ရွှေရောင်လို့တောင် ပြောလို့ရတယ်။ ငါကတော့ နတ်ဘုရားတစ်ပါးပဲဟေ့ဆိုပြီး ပြချင်ပုံရပါရဲ့…။ ထောင်ထားတဲ့ ဒူးတွေတောင် လျှော့တိလျှော့ရဲ ဖြစ်လာသလိုပဲ။ အပြုံးကလည်း ပိုပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေတဲ့ပုံပေါက်လာတယ်။

မနေ့ကတော့ ကျုပ် ဖျတ်ခနဲ နိုးသွားတယ်။ ညထဲမှာ အသက်ရှူနေတဲ့ သတ္တဝါနှစ်ကောင်ရှိတယ်ဆိုတာ ကြောက်ကြောက်နဲ့ပဲ သေချာသိလိုက်တယ်။ အမှောင်ထဲမှာ ကျုပ်ကိုယ်တိုင်ရဲ့အပြင် တခြားနှလုံးခုန်သံတစ်ခု ရှိနေတယ်။ အဲ… ပြီးတော့ လေကားပေါ်က ခြေသံကြားရတော့တာပဲ။ အိပ်မက်ဆိုးမက်နေတာ နေမှာပါဆိုပြီး ကျုပ် အတင်းပြန်အိပ်တယ်။ ဘယ်လောက်ကြာကြာ အိပ်ချင်ယောင်ဆောင်နေမိလဲ ကျုပ် မသိဘူး။ ကျုပ်မျက်လုံး ပြန်ဖွင့်ကြည့်တော့ အရုဏ်တော့ မတက်သေးဘူး။

အခန်းထဲမယ် အမွှေးနံ့နဲ့ သွေးနံ့တွေ မွှန်နေတယ်။ ကြောက်စရာပဲ။ အိပ်ခန်းထဲ ဝေ့ဝဲကြည့်လိုက်တော့ ခြေရာနှစ်ခု တွေ့တယ်။ အဝါရောင်ကို တောက်လို့။ အသက်မျှင်းမျှင်းရှူရင်း မီးကို ဖွင့်လိုက်တယ်။ အဲဒီမယ် ချက်ခ်မူးလ်ပ့ါဗျား။ ငုတ်တုတ်ကြီး ထိုင်လို့။ ပြုံးတောင်နေသေး။ ဗိုက်နားမယ် ရဲနေတာလွဲပြီး တစ်ကိုယ်လုံး မြေဝါရောင်သမ်းနေတယ်။ စို့နဲ့တူတဲ့ နှာခေါင်းဘေးက မျက်လုံးသေးသေးနှစ်လုံးက ကျုပ်ကို စိုက်ကြည့်နေလို့ ကျုပ်ဖြင့် ကြက်သေ သေသွားတယ်။

အောက်သွားနဲ့ အပေါ်နှုတ်ခမ်းကို ကိုက်ထားတယ်။ ကိုယ်လုံးနဲ့ မလိုက်အောင် ကြီးနေတဲ့ ခေါင်းပေါင်းက ခေါင်းဆောင်းတစ်နေရာမယ် တစ်ခုခုလပ်နေတာက အသက်ဝင်နေတာကို ပြနေတယ်။ ရုပ်တုဟာ ခုတင်ဆီ လျှောက်သွားတယ်။ မိုးစရွာလာတယ်။

*ဩဂုတ်လကုန်ပိုင်းလောက်မယ် ဗီလ်ဘာတိုတစ်ယောက် ဝန်ကြီးဌာနက အထုတ်ခံရတာ ကျုပ် မှတ်မိနေတယ်။ ညွှန်မှူးကလည်း သူ့ကို လူသိရှင်ကြား ရှုတ်ချတာတွေ ဘာတွေ လုပ်တယ်။ ဗီလ်ဘာတိုတစ်ယောက် ရူးနေသလိုလို၊ ပစ္စည်းတွေဘာတွေ ခိုးသလိုလို သတင်းတွေကလည်း ပျံ့နေတယ်။ ကျုပ်ကတော့ မယုံပါဘူး။ သူရေးတဲ့ ခပ်ကြောင်ကြောင် ရုံးစာတွေ ကျုပ်လည်း ဖတ်ရတယ်။ ဌာနရဲ့ အတွင်းဝန်ဆီကို ရေမှာ အနံ့ရှိသလားဆိုပြီး စာရေး မေးတယ်။ နောက်တစ်စောင်ကတော့ ကန္တာရထဲမှာ မိုးရွာအောင် လုပ်ပေးပါရစေဆိုပြီး ရေအရင်းအမြစ်ဌာနကို ကမ်းလှမ်းတဲ့စာပဲ။ အဲဒီတုန်းကတော့ ကျုပ်လည်း သဘောမပေါက်ဘူး။ အဲဒီနွေတုန်းက မကြုံစဖူး သဲသဲမဲမဲရွာတဲ့ မိုးကြောင့်များ အဲဒီလို ဖြစ်သွားသလားလို့တောင် တွေးခဲ့မိတယ်။ အခန်းတွေ တစ်ဝက်လောက် သော့ခတ်ပိတ်ထားတဲ့ ရှေးဟောင်းအိမ်ကြီးထဲမယ် အိမ်အကူမရှိဘာမရှိ တစ်ယောက်တည်း နေတာကြာလို့ ဗီလ်ဘာတိုတစ်ယောက် ကြောင်ချင်နေပြီလို့ ထင်ခဲ့တယ်။ စက်တင်ဘာ လကုန်ပိုင်းမှာတော့ ခုလို ဆက်ရေးထားတယ်။*

ရုပ်တုက စိတ်တိုလက်ရရှိတဲ့အခါဆိုရင် သဘောကောင်းပါတယ်။ သူပြောပြတဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်တွေကလည်း အစုံပဲ။ မုတ်သုန်အကြောင်း၊ အီကွေတာဘက်မယ် ရွာတတ်တဲ့ မိုးတွေအကြောင်း၊ သဲကန္တာရတွေက ပေးတတ်တဲ့ ဒုက္ခသုခတွေအကြောင်း၊ အပင်တိုင်းဟာ သူ့ကို ဖခင်အရာထားပြီး ပေါက်ဖွားလာရတယ်ဆိုတဲ့အကြောင်း၊ အိမ်က ထွက်ပြေးသွားတဲ့ သူ့သမီးတော် မိုးမခပင်အကြောင်း၊ သူနဲ့ ကီးကိုက်တဲ့ သူ့သားတော် ကြာပင်အကြောင်း၊ သူ့ယောက္ခမ တစောင်းလက်ပပ်ပင်အကြောင်း… စသည် စသည်။

ကျုပ် သည်းမခံနိုင်တာကတော့ သူ့ရဲ့အနံ့ပဲ။ အသားမဟုတ်တဲ့ အသားကနေ၊ ရှေးခေတ်ဖိနပ်စုတ်ကြီးကနေ ထွက်နေတဲ့ လူနံ့မဟုတ်တဲ့

အနံ့ကြီးပဲ။ အော်ကြီးဟာစ်ကျယ် ရယ်နေရင်းက သူ့ကို လေပလွှန်ဂျီယွန်က ဘယ်လို တွေ့သွားပြီး တခြားနတ်ဘုရားတွေရဲ့ လူတွေနဲ့ ဘယ်လို အဆက်အသွယ် လုပ်ပေးခဲ့တယ်ဆိုတာကို ပြောပြတယ်။ သူ့ရဲ့ ဝိညာဉ်ဟာ သဘော်တွေနဲ့ အတူ မှုန်တိုင်းတွေထဲမယ် အေးအေးချမ်းချမ်း နေနေခဲ့တာတဲ့။ သူ့ကို သူပုန်းခိုတဲ့နေရာကနေ ဆွဲထုတ်လာတာ သဘာဝတရားကို ဆန့်ကျင်ရာ ရောက်ပြီး ရက်စက်တဲ့ အပြုအမူ ဖြစ်တယ်လို့ ပြောပြတယ်။ အဲဒီလို လုပ် လိုက်တာကို ရပ်တုအနေနဲ့ ဘယ်တော့မှ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ် သိလိုက်ရတယ်။

ရပ်တုဟာ အလှအပကိုလည်း ခံစားတတ်လာပုံရတယ်။ ရောင်းတဲ့ ကောင်က ရပ်တုကို အက်ဖ်တက်လက်ရာထင်လို့ သူ့ဗိုက်မယ် သုတ်ထားတဲ့ အချဉ်ရည်တွေကို ဖျက်ဖို့ဆိုပြီး ကြေးချွတ်ကျောက် ရှာပေးရသေးတယ်။ တီလာလော့ခ်နဲ့ ဘယ်လိုဆွေမျိုးတော်လည်းလို့ ကျုပ် မေးလိုက်မိတာကိုဖြင့် ရပ်တုက ကြိုက်ပုံမရဘူး။ သင်းစိတ်တိုလာလို့ကတော့ နဂိုတည်းက နှလုံးနာစရာကောင်းတဲ့ သွားတွေဟာ အရောင်တွေလက်ပြီး ချွန်မြလာတော့တာပဲ။ အရင်နေ့တွေတုန်းကတော့ ရပ်တုဟာ မြေအောက်ခန်းထဲမယ် အိပ်တယ်။ မနေ့ကစပြီး ကျုပ် အိပ်ရာမယ် အိပ်တယ်။

နွေရာသီ ရောက်လာပြီ။ မနေ့ညက ဧည့်ခန်းထဲမယ် ကျုပ် အိပ်နေတုန်း ဟိုအစောပိုင်းတုန်းက ကြားခဲ့ရတဲ့ ညည်းသံကြီးကို ပြန်ကြားရတယ်။ နောက်တော့ ဝုန်းဒိုင်းကျဲတဲ့အသံတွေကိုပါ ကြားလာရတယ်။ ကျုပ် အပေါ်ထပ် တက်သွားပြီး အိပ်ခန်းထဲကို ချောင်းကြည့်လိုက်တယ်။ ရပ်တုဟာ မီးအိမ်တွေနဲ့ ပရိဘောဂတွေကို ရိုက်ချိုးနေတယ်။ သွေးထွက်နေတဲ့ လက်တွေ မြှောက်ပြီး ကျုပ်ဆီ ပြေးလာလို့ တံခါးကို မနည်းပိတ်လိုက်ရတယ်။ ပြီးတော့ ရေချိုးခန်းထဲမယ် သွားပုန်းနေလိုက်တော့တယ်။ နည်းနည်းကြာတော့ သင်း အောက်ထပ်ကို ဆင်းလာတယ်။ မောကြီးပန်းကြီးနဲ့ ရေပေးပါလို့ ပြောလာတယ်။ ရေပိုက်ခေါင်းတွေကို အကုန်လျှောက်ဖွင့်တယ်။ တစ်အိမ်လုံး မစိုတဲ့နေရာလို့ မရှိတော့ဘူး။ ဧည့်ခန်းလေးတော့ ခြောက်အောင်ထားပါရစေလို့ သင်းကို မနည်းပြောထားရတယ်။

ဒီနေ့တော့ ဧည့်ခန်းကိုပါစိုအောင် ရပ်တုက လုပ်ပစ်လိုက်တယ်။

စိတ်ပျက်လက်ပျက်နဲ့ သင်းကို လာလက်ဂူနီလားကို ပြန်ပို့ပစ်မယ်လို့ ကျုပ်က ပြောလိုက်တယ်။ လူသံလည်းမဟုတ် တိရစ္ဆာန်သံလည်းမဟုတ်တဲ့ ကြောက်စရာ ရယ်သံကြီးနဲ့ သင်းရယ်လိုက်တာ လက်က ချပ်ဝတ်တန်ဆာတွေလည်း တချွင်ချွင် မြည်ကုန်ရော။ တကယ်တမ်းက ကျုပ်ဟာ သင်းရဲ့အကျဉ်းသား ဖြစ်နေပြီ။ ကျုပ်ရဲ့ မူလစိတ်ကူးကတော့ တစ်မျိုးပေါ့။ အရုပ်တစ်ရုပ်ဆိုတော့ ကျုပ်ထားရာနေ ကျုပ်စေရာသွား ဖြစ်ရမယ်ပေါ့။ ကလေးဘဝတုန်းက မလုံမခြုံဖြစ်ခဲ့တဲ့ ခံစားချက်က ဒီမှာ လာပြန်ပေါ်တယ်။

ကလေးဘဝရဲ့ အရိပ်ဟာ အချိန်နဲ့အမျှ မှုန်ဝါးသွားမယ်ဆိုပြီး ဘယ်သူများ ပြောခဲ့ပါလိမ့်။ ကျုပ်အတွက်ဖြင့် အဲဒီလို မဖြစ်စေခဲ့ပါကလား။ ရုပ်တုက ကျုပ်အဝတ်တွေ ယူတယ်။ ရေညှိကွက်တွေ ထလာတဲ့နေရာကို ကျုပ်တဘက်တွေနဲ့ အုပ်ထားတယ်။ ရုပ်တုက သင်းကို ကျိုးနွံခယကြတာမျိုးနဲ့ အသားကျနေပြီသား။ ကျုပ်ဆိုတဲ့ ကျုပ်ကျတော့ ဩဇာပေးတာတွေဘာတွေ လုပ်တတ်တာ မဟုတ်တော့ ဩဇာခံရုံပဲ ရှိတော့တာပေါ့။ မိုးမရွာရင်တော့··· နေဦး မိုးရွာအောင်လုပ်လို့ရတဲ့ သင်းအစွမ်းသတ္တိတွေလည်း ဘယ်ပျောက်ကုန်လည်း မသိ။ မိုးမရွာချင်တော့ သင်းက စိတ်တိုစိတ်ပျက်ဖြစ်နေမယ့်ပုံပဲ။

ရုပ်တုဟာ ညဘက် အပြင်ထွက်ထွက်နေတယ်ဆိုတာ ဒီနေ့ ကျုပ်သိလိုက်ရတယ်။ နည်းနည်းမှောင်လာတာနဲ့ သီချင်းထက်တောင် ပိုအိုနေတဲ့ သံစဉ်တစ်ခုကို သင်းက ညည်းနေတယ်။ နောက်တော့ တိတ်သွားရော။ ကျုပ်တံခါးကို ခေါက်ကြည့်တယ်။ ဘာမှတုံ့ပြန်သံ မကြားရတာနဲ့ ကျုပ်လည်း အခန်းထဲကို ဝင်ကြည့်တယ်။ ရုပ်တုက ကျုပ်ကို တီးမလို့ လုပ်တဲ့နေ့ကစလို့ ကျုပ်မတွေ့ရတော့တဲ့ ကျုပ်အိပ်ခန်းကို ခုမှ ပြန်တွေ့ရတယ်။

တစ်အိမ်လုံး ပျံ့နေတဲ့ အမွှေးနံ့နဲ့ သွေးနံ့တွေဟာ ဒီအခန်းထဲမယ်ပိုပြီး စူးရှနေတယ်။ တံခါးနောက်မယ် ကျုပ်တွေ့လိုက်ရတာက ခွေးတွေ၊ ကြောင်တွေ၊ ကြွက်တွေရဲ့ အရိုးတွေ။ ရုပ်တုဟာ ညဘက်ညဘက် ဒါတွေကို ဖမ်းဖမ်းပြီး စားနေတာကိုး။ မနက်တိုင်း ကြားကြားနေရတဲ့ နှလုံးမသာစရာ ခွေးဟောင်သံရဲ့ အကြောင်းရင်းကို ကျုပ် ခုမှ သိလိုက်ရတယ်။

ဖေဖော်ဝါရီလ ရောက်လာပြီ။ ခြောက်သွေ့နေတုန်းပဲ။ ကျုပ်ရဲ့

လှုပ်ရှားမှု မှန်သမျှကို ရုပ်တုက စောင့်ကြည့်နေတယ်။ နေ့တိုင်း ကျုပ်ကို စားသောက်ဆိုင်ဆီ တယ်လီဖုန်းဆက်ပြီး ကြက်သားနဲ့ထမင်း မှာခိုင်းတယ်။ ကျုပ်ရုံးက ရသမျှလည်း ပြောင်သလောက် ဖြစ်နေပြီ။ အဲဒီတော့ မလွှဲမသွေ ကြုံမယ့်ဟာတွေကို ကြုံလာရတော့တယ်။ အရင်ဆုံး ပိုက်ဆံမပေးနိုင်လို့ ဆိုပြီး ရေနဲ့မီးကို ဖြတ်ပစ်လိုက်ကြတယ်။ အိမ်ကနေ နှစ်ဘလောက်လောက် အဝေးမယ် ရေဘုံပိုင်တစ်ခုရှိနေတာ ရုပ်တုက သိထားသဗျာ။

တစ်နေ့တစ်နေ့ သင်းအတွက် ရေဆယ်ခေါက် ဆယ့်နှစ်ခေါက်လောက် ကျုပ် သယ်ပေးရတယ်။ သင်းကတော့ ခေါင်မိုးကြားကနေ ကျုပ်ကို မျက်ခြည်ပြတ် ကြည့်နေတယ်။ ထွက်ပြေးရင် ကျုပ်ကို လမ်းပေါ်မှာတင် မိုးကြိုးနဲ့ပစ်သတ်မယ်လို့ သင်းက ကြိမ်းထားတယ်။ သင်းက မိုးကြိုးနတ်လည်း ဟုတ်သတဲ့…။

သင်း ညဘက် ထွက်ထွက်နေတာကို ကျုပ် သိထားတယ်ဆိုတာ ဖြင့် သင်းက မသိဘူး။ မီးလည်း ဖြတ်ခံထားရတော့ ကျုပ်ဖြင့် ညရှစ်နာရီထိုးရင် အိပ်ရာဝင်တာပဲ။ တကယ်တမ်းတော့ ကျုပ်အနေနဲ့ ခုလောက်ဆို ရုပ်တုနဲ့ နေသားတကျတောင် ဖြစ်နေသင့်ပြီ။ ဒါပေမယ့်ဗျာ ခုနလေးတင်ကပဲ လှေကားမယ် သင်းနဲ့ဆုံတယ်။ သူ့လက်တွေကို ထိလိုက်မိတယ်။ ရေခဲတွေလို အေးစက်နေတာပဲ။ အရေပြားတွေမှာလည်း အကြေးခွံလိုဟာတွေ ထွက်နေတယ်။ ကျုပ်ဖြင့် လန့်ပြီး အော်မိမတတ်ပဲ။

မိုးမရွာရင် ချက်ခ်မူးလ်ဟာ ကျောက်ရုပ် ပြန်ဖြစ်သွားမှာပဲ။ သင်းမယ် လှုပ်ဖို့ပြုဖို့တောင် ခက်လာနေတာ ကျုပ် သတိထားမိတယ်။ တစ်ခါတလေတော့ အကြာကြီးလှဲနေရတယ်။ မလှုပ်မယှက်ပဲ။ ရုပ်တုဘဝ ပြန်ရောက်သွားပြီလားတောင် ထင်မိတယ်။ ဒါပေမယ့် ဒီလိုဖြစ်လာလေလေ သင်းက ကျုပ်ကို ပိုအနိုင်အကျင့်လာလေလေပဲ။ ကျုပ် အရေပြားကို ကုတ်ခြစ်ပြီး ထွက်လာတဲ့အရည်ကို သောက်လို့မရလားဆိုပြီး လုပ်သေးတယ်။ ကျုပ်ကို သူ့အဖြစ်သနစ်တွေ ပြောပြတဲ့ကာလတွေတုန်းကလိုတော့ ကျုပ်တို့တွေ အဆင်မပြေတော့ဘူး။ သင်းမယ် မလိုမုန်းထားစိတ်က ပိုကြီးလာနေပုံပဲ။ တခြားအပြစ်တွေ ရှိသေးတယ်။ ကျုပ်စုထားတဲ့ ဝိုင်တွေလည်း ပြောင်သလောက်ပဲ။ တဘက်ကိုလည်း တစ်စစီ ဆုတ်ဖြဲထားတယ်။

အိမ်မယ် အိမ်ဖော်လေး ဘာလေးထားဦးဆိုပြီး ကျုပ်ကို ပြောသေးတယ်။ ဆပ်ပြာ ဘယ်လိုတိုက်ရတယ် လိုးရှင်း ဘယ်လိုလိမ်းရတယ်ဆိုတာတွေ သင်းကို သင်ပေးရတယ်။ ကျုပ်အထင်တော့ သင်းဟာ လူ့အသုံးအဆောင်တွေကို တပ်မက်သထက် တပ်မက်လာပုံပဲ။ အရင်တုန်းက ထာဝရအသက်ဝိညာဉ်ရဲ့ အရိပ်ထင်နေတဲ့ မျက်နှာဟာ အခုတော့ ဇရာရဲ့ အရိပ်အယောင်တွေ ယှက်သမ်းလာနေတယ်။

ဒါ ကျုပ်အတွက်တော့ လွတ်မြောက်ရေး လမ်းစပဲ။ ရုပ်တုသာ လူအဖြစ်ကို ပြောင်းလာရင်ပြောတာ။ လူ့ဘဝကို ရောက်တဲ့ခဏမှာပဲ သင်းဖြစ်တည်နေခဲ့တဲ့ ရာစုနှစ်ပေါင်းများစွာကို ဖြတ်သန်းရှင်သန် လိုက်သလိုဖြစ်ပြီး တစ်ချက်တည်း လျှောသွားမှာပဲ။ အဲဒါ ကျုပ်သေဖို့ အကြောင်းလည်း ဖြစ်လာနိုင်တယ်။ သင်းရဲ့ ကျဆုံးခန်းကို ကျုပ်က ထိုင်ကြည့်နေတာမျိုး သင်းက ဖြစ်စေချင်မယ် မဟုတ်ဘူး။ ကျုပ်ကို အရင်သတ်ရင် သတ်သွားမှာ။

"ဒီညတော့ ရုပ်တု အပြင်လျှောက်သွားနေတုန်း ကျုပ်လည်း လစ်တော့မယ်။ ကျုပ် အကာပါလ်ကိုဘက် သွားမယ်စိတ်ကူးထားတယ်။ အလုပ်လေးဘာလေး ရှာမယ်။ ချက်ခ်မူးလ်သေတဲ့အချိန်ကို စောင့်မယ်။ သိပ်တော့ မကြာလောက်တော့ဘူး။ သင်းဆံပင်တွေတောင် ဖြူလာပြီး ပုံကလည်း ဖောသွပ်သွပ်ဖြစ်လာနေပြီ။ ကျုပ်ကိုကျုပ် နေရောင်လေး ဘာလေး ပြရမယ်။ ရေလေး ဘာလေးကူးမယ်။ အားပြန်မွေးမယ်ဗျာ။ ကျုပ်မယ် ပီဆိုလေးရာလောက် ကျန်သေးတယ်။ မူလာရဲ့ ဟိုတယ်မယ် သွားခိုနေမယ်။ အဲဒီမှာက ဈေးပေါပြီး နေလို့ထိုင်လို့လည်း မဆိုးဘူး မဟုတ်လား။ ကျုပ် ရေမသယ်ပေးဘဲ သင်း အသက်ဘယ်လောက် ဆက်နိုင်မလဲ ကြည့်ကြသေးတာပေါ့။

*ဒီနေရာမှာပဲ ဖီလ်ဘာတိုရဲ့ ဒိုင်ယာရီ အဆုံးသတ်သွားတယ်။ သူ့အကြောင်းကို ကျုပ် ပြန်မတွေးကြည့်တော့ဘူး။ ကူအာနာဗတ်ကာ ရောက်တဲ့အထိ အိပ်ပစ်လိုက်တယ်။ အဲဒီကနေ မက္ကဆီကို ရောက်တဲ့အထိ ဒီအဖြစ်အပျက်ကနေ ယုတ္တိယုတ္တာကျမယ့် အကြောင်းအရင်းမျိုးကို ရှာကြည့်နေမိတယ်။ အလုပ်အလွန်အကျွံ လုပ်လွန်းလို့ ဖြစ်သွားတာလား။ တခြား စိတ်ရောဂါနဲ့ ပတ်သက်တာ တစ်ခုခုများလား။ ကားဂိတ်ကို ကျုပ်တို့ ရောက်တော့ ညကိုးနာရီ ထိုးနေပြီ။ ကျုပ် သူငယ်ချင်းတော့ ရှုးသွားရှာတာပဲဆိုပြီး*

ကျုပ်စိတ်ထဲမယ် လက်မခံနိုင်ဘူး ဖြစ်နေတယ်။ အခေါင်းကို ဖီလ်ဘာတိုရဲ့ အိမ်ကို သယ်သွားဖို့ ထရပ်ကားတစ်စီး ငှားလိုက်တယ်။ အဲဒီမှာပဲ သူ့ရဲ့ အသုဘ ကိစ္စအဝဝကို စီစဉ်ရမှာလေ။

သူ့အိမ်ရောက်တော့ သော့ပေါက်ထဲ သော့ထိုးမယ်အလုပ် တံခါးက ပွင့်လာတယ်။ အသားဝါတာတာနဲ့ အင်ဒီးယန်းတစ်ယောက် ပေါ်လာတယ်။ ညအိပ်ဝတ်ရုံနဲ့ ပဝါကလည်း စည်းထားသေး။ သူ့ပုံပန်းက နှလုံးနာစရာ ကောင်းတယ်ဆိုတာထက်တောင် ပိုလိမ့်ဦးမယ်။ အပေါစား လိုးရှင်းနဲ့ ကလည်း မွှန်ထူနေတာပဲ။ မျက်နှာမယ် ပေါင်ဒါတွေ ရိုက်ထားပေမယ့် အရေးအကြောင်းတွေကိုတော့ မဖုံးနိုင်ပါဘူး။ နှုတ်ခမ်းနီတွေ ဆိုးထားတဲ့ အပြင် ဆံပင်ကိုလည်း ဆေးဆိုးထားပုံရတယ်။

"တစ်ဆိတ်လောက်ဗျာ… ဖီလ်ဘာတို တစ်ယောက်ဖြင့်…"

"ကိစ္စမရှိပါဘူး၊ ကျုပ် အားလုံး သိပြီးပါပြီ၊ အလောင်းကို မြေအောက်ခန်းထဲ သယ်သွားဖို့သာ အလုပ်သမားတွေကို ပြောလိုက်ပါ"

**ကားလို့စ် ဖွင်းန်တက်စ် (Carlos Fuentes) ၏ Chac-Mool ကို ပြန်ဆိုပါသည်။**

✤

# အချစ်

**ကလားရစ် လစ်စပက်တာ** - (၁၉၂၀ ပြည့်ခါနီးမှာ) ဂျူးတွေကို နှိပ်စက်သတ်ဖြတ်တာတွေ များလာလို့ ယူကရိန်းကနေ သူမရဲ့ မိဘတွေ ထွက်ပြေးဖို့ ပြင်ဆင်နေဆဲ ဗရုတ်ဗရက်ထဲမှာ ကလားရစ် လစ်စပက်တာကို မွေး။ ဆယ်နှစ်သမီးလောက်မှာ (ယူကရိန်းမှာ မုဒိမ်းကျင့်၊ နှိပ်စက်ခံခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေနဲ့) မိခင်ဆုံးပါး။ မအောင်မြင်တဲ့ ခွဲစိတ်မှုတစ်ခုကြောင့် သူမ အသက်နှစ်ဆယ်လောက်မှာ ဖခင်ပါ ထပ်မံ ကွယ်လွန်။

တစ်နှစ်သမီးလောက်မှာ ဇာတိကနေ ထွက်ပြေးလာတဲ့ ကလားရစ် လစ်စပက်တာဟာ ဥရောပကို ရောက်လာတော့ ပထမ ကမ္ဘာစစ်နဲ့တိုး။ အဲဒီမှာလည်း ပြေးရင်းလွှားရင်းနဲ့ နောက်ဆုံး ဘရာဇီး ရောက်တော့လည်း မိသားစုရဲ့ အကျပ်အတည်း အတွေ့တွေနဲ့ ဟိုပြောင်းဒီရွှေ့။ အသက် အစိတ်လောက်ကနေစလို့ သံတမန်တစ်ဦးရဲ့ ဇနီးအဖြစ် နေပယ် ဘန်းစ် လန်ဒန် နေရာစုံ ရွှေ့လျားနေထိုင်။ အသက်သုံးဆယ်လောက်မှာ ခင်ပွန်းကို ဥရောပမှာ ထားခဲ့ပြီး ကလေးတွေနဲ့ ဘရာဇီးကို အပြီးပြန်ခဲ့။

ပထမဆုံး စတင်ချစ်ကြိုက်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ကာဒိုဆိုက ဂေးဖြစ်နေ။ သံတမန်တစ်ဦးဖြစ်တဲ့ ဂါဂယ်နဲ့ အိမ်ထောင်ကျခဲ့ပြီး သူမ ဘရာဇီးကို အပြီးပြန်လာချိန်မှာ ပြတ်စဲ။ ဘရာဇီးမှာ ပြန်နေတော့ အိမ်ထောင်သည် ကဗျာဆရာတစ်ယောက်နဲ့ ငြိသေးပေမယ့် ကြာရှည်မခံ

(ဒီကြားထဲ အိပ်ရာထဲ စီးကရက်သောက်နေရင်း အိပ်ဆေးအရှိန်နဲ့ အိမ်မောကျသွားလို့ မီးလောင်ပြီး လက်တစ်ဖက် ဖြတ်လှနီးပါး ဖြစ်ခဲ့)။

သူမရဲ့ ပထမဆုံး ဝတ္ထု (*Near the Wild Heart*) ကို ၁၉၄၃ မှာ ထုတ်ဝေခဲ့။ *The Passion According to G.H.* ဝတ္ထု (၁၉၆၄) ဟာ အောင်မြင်မှုရသလို ဝတ္ထုတိုပေါင်းချုပ်တွေလည်း ထုတ်ဝေခဲ့။ ၁၉၇၇ မှာ သူမရဲ့ အကောင်းဆုံးဝတ္ထုလို့ အားလုံးက လက်ခံထားတဲ့ *The Hour of the Star* ကိုထုတ်ဝေ။

သူမရဲ့ စာအုပ်တွေဟာ စာပေအသိုင်းအဝိုင်းက အသိအမှတ်ပြုခံရပေမယ့် ငွေရေးကြေးရေးအတွက် အမြဲတစေ ရုန်းကန်ခဲ့ရ။ ဘရာဇီးမှာ ပြန်လည်နေထိုင်စဉ် စာအုပ်တွေ ပုံမှန်ထွက်နေပေမယ့် ဖက်ရှင်မဂ္ဂဇင်းတွေအတွက် အင်တာဗျူးပေးတဲ့ ဂျာနာလစ်အဖြစ် ဝမ်းကျောင်းခဲ့ရ။ ဂျာနယ်လစ်အလုပ်က ပြုတ်ပြန်တော့ အဂါသာ ခရစ္စတီး ဝတ္ထုတွေ ဘာသာပြန်ပြီး အသက်ဆက်ခဲ့ရ။

ကဖ်ကာပြီးနောက် အကောင်းဆုံး ဂျူး စာရေးဆရာ သို့မဟုတ် နိုင်ငံတကာမှာ အကျော်ကြားဆုံး ဘရာဇီး စာရေးဆရာဆိုပြီး သတ်မှတ်နေကြတဲ့ ကလားရစ် လစ်စပက်တာဟာ ၁၉၇၇ မှာ သားအိမ်ကင်ဆာနဲ့ ကွယ်လွန်။

▼

# အချစ်

လူကလည်း ပင်ပန်း၊ အိတ်ထဲမယ်လည်း သားငါးဟင်းသီးဟင်းရွက်တွေအပြည့်နဲ့ အန်နာတစ်ယောက် ဓာတ်ရထားပေါ် တက်လိုက်တယ်။ အထုပ်ကို ပေါင်ပေါ် တင်လိုက်တယ်ဆိုရင်ပဲ ဓာတ်ရထားက စထွက်တော့တာပဲ။

သက်သောင့်သက်သာဖြစ်အောင် ခုံပေါ်မယ် နောက်ကို မှီချလိုက်တယ်။ တကယ်လည်း နည်းနည်းသက်သာရာ ရသွားလို့ သက်မတွေဘာတွေတောင် ချလိုက်တယ်။

အန်နာရဲ့ ကလေးတွေ ကောင်းကြပါတယ်။ တော်တည့်မှန်ကန်ပြီး ချစ်စရာလည်း ကောင်းတယ်ဆိုတာမျိုး။ သူတို့တွေ နည်းနည်းတော့ ကြီးလာကြပြီ။ ကိုယ့်ဟာကိုယ် ရေချိုးနိုင်ပြီ၊ လိုချင်တာတွေ တောင်းတတ်ဆိုတတ်ပြီ၊ မဟုတ်တရုတ် လုပ်တတ်ပြီ။ မီးဖိုခန်းကဖြင့် ခပ်ကျယ်ကျယ်ထဲကပဲ။ အိုဗင်က သိပ်မကောင်းတော့ တစ်ခါတလေ ထထပေါက်နေတယ်။ ပူလွန်းတော့ အခန်းထဲမှာ လေက ခပ်ထိုင်းထိုင်းရယ်။ လေက သူမကိုယ်တိုင် တိုင်းထားဖြတ်ထားတဲ့ ခန်းစည်းစကို တိုးနေတယ်။ စိတ်ရှိလို့ကတော့ အဲဒီနားမှာ အသာလေးရပ် နဖူးပေါ်က ချွေးကိုသုတ်ပြီး အဝေးမှာ ငြိမ်သက်နေတဲ့ မိုးကုပ်စက်ဝိုင်းကို ကြည့်နေလို့လည်း ရတယ်ဆိုတာ အဲဒီ လေကလေးက သတိပေးနေတယ်။

သူမ လက်ထဲမယ်ရှိတဲ့ မျိုးစေ့တွေ သူမ စိုက်ခဲ့တယ်။ အခုတော့ အပင်တွေ ကြီးလာတာပေါ့။ မီးတာဖတ်သမားနဲ့ သူမ ပြောခဲ့စကားတွေ ကြီးလာနေ။ အဝတ်လျှော်တဲ့ ဇလုံထဲက ရေတွေကြီးလာနေ။ သူမရဲ့ ကလေးတွေ ကြီးလာနေ။ အစားအစာတွေ တင်ထားတဲ့ စားပွဲဟာ ကြီးလာနေ။ သူမရဲ့ ယောကျ်ားကတော့ သတင်းစာတွေ ပွေ့ပြီး အိမ်ပြန်လာတယ်။ ဆာနေပေမယ့် ပြုံးလို့ရွှင်လို့။ အိမ်ဖော်မလေးတွေရဲ့ ငြီးငွေ့ဖွယ်သီချင်းသံဟာ အဆောက်အဦထဲ လွှင့်ပျံနေတယ်။ အင်နာကတော့ အားလုံးတွက် ပေးထားတာ။ သူမရဲ့ သေးသွယ်ပေမယ့် ကြံ့ခိုင်တဲ့ လက်ကလေး၊ သူမဘဝရဲ့ အသက်သွေးကိုရောပေါ့။

နေ့လယ်ခင်းရောက်ရင်တော့ နာရီနဲ့အမျှ အန္တရာယ် ပိုရှိလာတော့တယ်။ တချို့အချိန်တွေများဆို သူမ စိုက်ခဲ့တဲ့ အပင်တွေကပဲ သူမကို လှောင်ရယ်နေကြသလိုလို။ သူမဆီက အားအင်ကို ဘယ်ကမှ မလိုတော့တဲ့ အခါဆို သူမ စိတ်တွေ ပူလာတော့တာပဲ။ သူမအနေနဲ့ ဘယ်တုန်းကနဲ့မှ မတူဘဲ အားတွေအင်တွေ ရှိနေသလိုပဲ။ သူမရဲ့ သားတွေအတွက် ရှပ်အင်္ကျီချုပ်ပေးဖို့ ပိတ်စတွေ ဖြတ်နေပုံကိုက အားရစရာ။ ကတ်ကြေးအကြီးကြီးနဲ့ အဝတ်စကို ဖြတ်နေပုံများလေ။ အနုပညာ နည်းနည်းဆန်တယ် ပြောရမယ့် သူမရဲ့ စိတ်ထဲမယ် တစ်နေ့တစ်နေ့ လုပ်စရာတွေနဲ့ ပြည့်နေအောင် ပိုပြီး လှလှပပ ဖြစ်လာအောင်ဆိုပြီး ရည်ရွယ်ထားတာပဲ။

တစ်နေ့ထက်တစ်နေ့ မွမ်းရမံရတာတွေကို ပိုပြီး စိတ်ဝင်စားလာတယ်။ အတွင်းက ပဋိပက္ခတွေကို ပိုအားဖြည့်ပေးနေသလိုတော့ ဖြစ်တာပေါ့။ ဘာမဆို သပ်သပ်ရပ်ရပ်လေး လှလှပပလေး ဖြစ်နေရမယ်။ အရာတိုင်းကို အံဝင်ခွင်ကျလေး ရှိနေစေချင်တယ်။ ဘဝဆိုတာ လူသားရဲ့ လက်နဲ့ ထုဆစ်ရတာပဲ မဟုတ်လား။

စိတ်ထဲမယ်တော့ အရာရာတိုင်းရဲ့ ခိုင်ခံ့တဲ့အမြစ်တွေကို ခံစားမိနေဖို့လိုတယ်။ ဆန်းတယ်ပဲပြောပြော အဲဒီ ခံစားမှုမျိုးကို အိမ်တစ်လုံးက ပေးနိုင်တယ်။ ကွေ့ကောက်နေတဲ့ လမ်းကြောင်းတွေထဲ သူမဟာ မိန်းမတစ်ယောက်ရဲ့ ကံကြမ္မာနဲ့ လာကြုံရတယ်။ အံ့သြဖို့ကောင်းတာက သူမ ထွင်လိုက်တဲ့ အဲဒီအရာထဲ သူမ အသားတကျ ဖြစ်နေတာပဲ။ သူမ လက်ထပ်

ခဲ့တဲ့ သူက တကယ့်ယောက်ျားဆိုတာမျိုး။ သူမ ရခဲ့တဲ့ ကလေးတွေကလည်း တကယ့် ကလေးတွေ။ သူမရဲ့ ငယ်ဘဝဆိုတာ တစ်ခါတုန်းက ဖျားခဲ့ဖူးတာလိုပဲ သူမအတွက် သိပ်စိမ်းလွန်းသွားပြီ။ သူမအနေနဲ့ ပျော်ရွှင်မှု မရှိလည်း နေလို့ဖြစ်တယ်ဆိုတာမျိုး တဖြည်းဖြည်း သိလာတယ်။ အဲဒါကို စွန့်လွှတ်လိုက်တာနဲ့ သူမ လူတစ်မျိုးကို တွေ့လာတယ်။ အရင်တုန်းကတော့ မတွေ့ခဲ့တဲ့ လူမျိုးတွေပေါ့။ ဖွဲနဲ့နပဲနဲ့ တက်တက်ကြွကြွ အလုပ်ကလေး လုပ်ပြီးနေတဲ့ လူမျိုး။

အိမ်ရယ်လို့ မရှိခင်က အင်နာအတွက် ဘာတွေဖြစ်ခဲ့သလဲဆိုတာ အခုတော့ဖြင့် အလှမ်းကွာသွားပြီ။ ဂနာမငြိမ်ဘဲ ဖင်တကြွကြွ ဖြစ်လွန်းလို့ မခံမရပ်နိုင်အောင် ပျော်နေတယ်လို့ အထင်လွဲ ခံခဲ့ရတာမျိုးတွေပေါ့။ အလဲအထပ်အနေနဲ့ နောက်ဆုံးတော့ နားလည်ပေးလို့ရတဲ့ဟာတစ်ခု သူမ ဖန်တီးယူလိုက်တယ်...။ အရွယ်ရောက်ပြီးတဲ့ ဘဝပေါ့။ အဲဒါ သူမ လိုချင်ခဲ့တဲ့ဟာ သူမ ရွေးခဲ့တဲ့ဟာပဲလေ။

သူမ စိတ်ထဲ ထင့်နေတဲ့ တစ်ခုတည်းသောအရာက နေ့လယ်ခင်းတွေရဲ့ အန္တရာယ်ရှိတဲ့ နာရီနဲ့ပတ်သက်လို့ ဂရုတစိုက်နေရတာပဲ။ အိမ်က ဗလာကျင်းနေမယ်။ သူမဆီက လိုအပ်တာ ဘာမှမရှိဘူး ဖြစ်နေမယ်။ နေကလည်း မြင့်လာမယ်၊ မိသားစုဝင်တွေကလည်း သူ့အလုပ်နဲ့သူ။ သန့်ရှင်းတဲ့ ပရိဘောဂတွေကိုကြည့်ရင်း သူမရဲ့ နှလုံးသားဟာ တွေဝေအံ့သြစိတ်နဲ့ နည်းနည်းတောင် တင်းကျပ်လာသလိုပဲ။ ဒါပေမယ့် အဲဒီ တွေဝေအံ့သြစိတ်လေးကို တယုတယလုပ်နေဖို့ သူမ ဘဝမယ် နေရာမပေးနိုင်ပါဘူးလေ။

အိမ်မှုကိစ္စတွေလုပ်ရင်း ရလာတဲ့ ကျွမ်းကျင်မှုမျိုးနဲ့ အဲဒီစိတ်ကလေးကို ချိုးနှိမ်ပစ်လိုက်တာပဲ။ ပြီးရင် သူမ ဈေးဝယ်ထွက်ချင်ထွက်။ တစ်ခုခု ပြင်စရာရှိရင်ပြင် လုပ်လိုက်တာပဲ။ အိမ်အတွက် မိသားစုအတွက် သူတို့ မရှိလည်း ဂရုစိုက်ပေးနေရတာမျိုးပေါ့။ သူမ ပြန်လာတဲ့အခါ နေ့လယ်ခင်းက ကုန်ဆုံးခါနီးပြီ။

ကျောင်းက ပြန်လာတဲ့ ကလေးတွေကလည်း သူမကို လိုအပ်နေပြီ။ အဲလိုနဲ့ပဲ ငြိမ်းအေးတဲ့ တုန်ခါမှုမျိုးနဲ့ ညရောက်လာမယ်။ မနက်ကျရင် လုပ်စရာတွေ ပတ်ချာလည်ဝိုင်းပြီး နိုးလာတယ်။ သူတို့လည်း အိမ်ကို

က်မကွက် ပြန်လာကြပုံမျိုးနဲ့ ဖုန်တွေက ပရိဘောဂတွေမယ် ပြန်ကပ်န့်ညစ်ပတ်နေတာ တွေ့ရမယ်။ သူမအတွက်တော့ ကမ္ဘာကြီးရဲ့ သိမ်မွေ့တဲ့ အနက်ရောင် အမြစ်တွေထဲ တိတ်တဆိတ် ပျော်ဝင်နေရသလိုပဲ။ ဘဝကို လူမသိသူမသိ အားဖြည့်ပေးရင်းပေါ့။ အဲဒါ သူမ လိုချင်ခဲ့တဲ့ဟာ သူမ ရွေးခဲ့တဲ့ဟာပဲလေ။

ဓာတ်ရထားဟာ သူ့လမ်းပေါ်မယ် ယိုင်ထိုးယိုင်ထိုးနဲ့ သွားနေတယ်။ လမ်းကျယ်ကြီးတွေကို ဖြတ်ရင်းပေါ့။ ခပ်နွေးနွေးလေက နေ့လယ်ခင်းဟာ ကုန်တော့မယ်၊ မတည်မငြိမ်ဖြစ်ရတဲ့ နာရီဖြင့် ဆုံးတော့မယ်လို့ ကြေညာပေးနေပုံမျိုးနဲ့ တိုက်လာတယ်။ အင်နာ အသက်ကို ပြင်းပြင်းရှူလိုက်တယ်။

ဓာတ်ရထားဟာ နေးလာပြီး နောက်တော့ ရပ်သွားတယ်။ ဟူးမိုင်တာနား မရောက်ခင် နားနားနေနေ နေလို့ရတဲ့ အချိန်ပဲ။ အဲဒီမှတ်တိုင်မယ် ရပ်နေတဲ့ အဲဒီလူကို သူမ ကြည့်လိုက်တာမိတာပဲ။

တခြားလူတွေနဲ့ အဲဒီလူ ဘာကွာလဲဆိုတော့ အဲဒီလူကဖြင့် တကယ့်ကို ရပ်နေတာ။ အဲဒီမှာရပ်ရင်း သူ့လက်တွေ ရှေ့ကို ဆန့်ထုတ်ထားတယ်။ သူ မျက်စိ မမြင်ဘူး။ တခြားဘာကများ အင်နာကို ဆတ်ခနဲ ဖြစ်သွားအောင် လုပ်နိုင်ပါ့မလဲ။ အလွဲအချော် တစ်ခုတော့ ဖြစ်ပြီ။ အဲဒီမှာ သူမ တွေ့လိုက်တယ်။ မျက်စိမမြင်တဲ့လူဟာ ပီကေ ဝါးနေတယ်။ မျက်မမြင် တစ်ယောက် ပီကေ ဝါးနေတယ်။

အင်နာ့စိတ်ထဲမယ် သူ့မောင်တွေ ညစာစားဖို့ လာကြမယ့်အကြောင်း ပေါ်လာသေးတယ်။ ရင်ကဖြင့် တော်တော့်ကို ခုန်နေတာ။ ရှေ့ကို ကိုင်းပြီး မျက်စိမမြင်တဲ့လူကို စိုက်ကြည့်တယ်။ ကြည့်တော့ကြည့်တယ် မြင်တော့ မမြင်ဘူးဆိုတဲ့ ပုံမျိုးနဲ့လေ။ ဒီလူက အမှောင်ထဲမယ် ပီကေ ဝါးနေတာ။ ခံစားမှု တစ်စုံတစ်ရာ မရှိတဲ့ မျက်လုံးတွေက ပွင့်လျက်သား။ ပီကေ ဝါးနေပုံက သူ့မျက်နှာကို ပြုံးနေသလိုလိုတောင် ထင်ရစေတယ်။ ပြုံးလိုက် နောက်တစ်ခါ ရုတ်တရက် မပြုံးလိုက် အဲလိုပုံမျိုး။

ဒီလူကများ သူမကို တစ်ခုခု စော်ကားမော်ကား လုပ်ထားဖူးသလိုလို မျိုးကို စိုက်ကြည့်နေမိတာ။ သူမကို ခုနေ တစ်ယောက်ယောက်များ မြင်သွားရင်တော့ တော်တော့်ကို မလိုမုန်းတီး စိတ်ကြီးတဲ့မိန်းမပဲလို့တောင် မြင်သွားစရာ ရှိတယ်။

သူမ ရှေ့ကို အတင်းကိုင်းပြီးကြည့်နေတုန်း ခတ်ရထားက ရုတ်တရက် ဆောင့်ထွက်လိုက်တယ်။ သူမ အနောက်ကို ယိုင်ကျသွားတယ်။ တော်တော်လေးတဲ့ အထုပ်ဟာ သူမဆီကနေ ကြမ်းပေါ်ကို ပြုတ်ကျသွားတယ်။ အင်နာက အော်လိုက်တယ်။ လက်မှတ်စစ်က ဘာဖြစ်လို့ဖြစ်မှန်း မသိပေမယ့် ခတ်ရထားကို ရပ်ခိုင်းလိုက်တယ်။ ခတ်ရထားပြန်ပြီး ထိုးရပ်သွားတယ်။ လူတွေလည်း အထိတ်တလန့် ဖြစ်ကုန်တယ်။

အင်နာတစ်ယောက် သူမရဲ့ ပစ္စည်းပစ္စယတွေကို ပြန်မကောက်နိုင်သေးဘူး။ ဖြူဖပ်ဖြူရော်နဲ့ ထိုင်နေတယ်။ မပေါ်ဖူးတာကြာတဲ့ အမူအရာတစ်မျိုး သူမ မျက်နှာပေါ်မယ် ခက်ခက်ခဲခဲနဲ့ ပေါ်လာတယ်။ မသေချာတဲ့ နားလည်ရခက်တဲ့ အမူအရာမျိုး။ သတင်းစာရောင်းတဲ့ ကောင်လေးက သူမရဲ့အထုပ်ကို ပြန်ကောက်ပေးရင်း ရယ်နေတယ်။ အထဲမယ် သတင်းစာနဲ့ ထုပ်ထားတဲ့ ဥတွေကတော့ ကွဲကုန်ပြီ။ ပျစ်တစ်တစ် ဝါတာတာ အရည်တွေက စီးကျနေတယ်။ မျက်မမြင်က ပီကေ ဝါးတာကို ရပ်လိုက်ပြီး သူ့လက်တွေကို ဆန့်ထုတ်လိုက်တယ်။ ဘာတွေများ ဖြစ်နေပါလိမ့်ဆိုပြီး စူးစမ်းနေပုံပဲ။ ကြက်ဥထုပ်ကို အပြင်ကို လွှင့်ပစ်လိုက်တယ်။ ခရီးသည်တွေက ပြုံးစိစိနဲ့…။ လက်မှတ်စစ်က လက်ကိုဝှေ့ယမ်းလိုက်တော့ ခတ်ရထား ပြန်ထွက်လာတယ်။

စက္ကန့်နည်းနည်းကြာတော့ အင်နာ့ကိုလည်း ဘယ်သူမှ ကြည့်မနေကြတော့ပါဘူး။ ခတ်ရထားကလည်း သူ့လမ်းပေါ်မယ် တဝုန်းဝုန်းနဲ့ ခရီးဆက်နေတော့တာပေါ့။ ပီကေဝါးနေတဲ့ မျက်မမြင်လည်း နောက်မှာ အမြဲတမ်း ကျန်ခဲ့ပေါ့။ ဒါပေမယ့် ထိခိုက်စရာကတော့ဖြင့် ထိခိုက်မိသွားခဲ့ပြီ။ လက်ထိုးအိတ်ကလည်း ကိုင်ထားရတာကိုက ခပ်ကြမ်းကြမ်း ဖြစ်နေတယ်။ သူမ ထိုးခဲ့တဲ့ အချိန်တုန်းကနဲ့ မတူတော့ဘူး။ ပေါင်ပေါ်က ပစ္စည်းပစ္စယတွေကိုလည်း ဘာလုပ်ပစ်ရမယ် မသိဘူး ဖြစ်နေတယ်။

ထိခိုက်စရာရှိတာဖြင့် ထိခိုက်မိသွားခဲ့ပြီကော…။ ဘာဖြစ်လို့လဲ။ မျက်စိမမြင်တဲ့သူတွေ ရှိတယ်ဆိုတာ သူမ မေ့ထားခဲ့တာလား…။ ခုမှ စာနာစိတ်က သူမကို လာပြီး မွန်းကျပ်အောင် လုပ်နေတယ်။ အင်နာ အသက်ကို ပြင်းပြင်းရှူလိုက်တယ်။ ဒီအဖြစ်အပျက် မတိုင်ခင်ကတည်းက

ရှိနေခဲ့တဲ့ အရာရာဟာ ခုမှ နှမ်းလျှနေသလိုလို၊ ရန်လိုနေသလိုလို၊ ပုပ်သိုးသွားတော့မလိုလို။

လောကကြီးတစ်ခုလုံးဟာ စိတ်ပျက်စရာ တစ်ခါပြန်ဖြစ်လာတယ်။ နှစ်တွေအများကြီး ကြွေမွသွားခဲ့သလိုပဲ။ အဝါရောင်အနှစ်တွေ တသွင်သွင် စီးလို့ပေါ့။ သူမရဲ့ နေ့တွေကနေ တွန်းထုတ်ခံလိုက်ရသလို။ ဟန်ချက်ကို မနည်းထိန်းရင်း အမှောင်ထုရဲ့ နှုတ်ခမ်းသားမှာ လျှောက်နေရတော့တယ်။ အစိပ္ပာယ်မဲ့ခြင်းက ဖြည်လွှတ်ပေးလိုက်တော့ ဘယ်သွားလို့ ဘယ်လာရမှန်းကို မသိအောင် ဖြစ်နေတယ်။ နိယာမကင်းတဲ့အဖြစ်ကို ရုတ်တရက် သိလိုက်ရလို့ ဓာတ်ရထားပေါ်က လွင့်ပဲကျတော့မလို ပုံမျိုးနဲ့ ရှေ့က ခုံကို ဖမ်းဆုပ်လိုက်မိတယ်။ အရာရာကို တည်တည်ငြိမ်ငြိမ် နောက်ကြောင်းပြန်လှည့်လို့ ရှိုးမယ်ဆိုတဲ့ ပုံမျိုးနဲ့ပေါ့။

ကျဉ်းထဲကျပ်ထဲလို့ သူမ ခေါ်လေ့ရှိတဲ့အချိန်ဟာ နောက်ဆုံးတော့ ရောက်လာပြီ။ ခုဆို ဘယ်အရာကို ကြည့်လိုက်ကြည့်လိုက် ပြင်းပြတဲ့ ရှင်ပျူမှုနဲ့ပေါ့…။ ပြီးတော့ ထိတ်လန့်စိတ်နဲ့လည်း နာကျင်ရင်းပေါ့…။ အပူရှိန်က ပိုပြင်းလာတယ်။ အရာရာဟာ အားပိုပြည့်လာပြီး အသံတွေလည်း ပိုကျယ်လာတော့တယ်။ ရှုးဗိုလန်တာရီယို ဒါပက်ထရီယာဘက်မယ်တော့ တော်လှန်ရေးတစ်ခု ဆင်နွှဲတော့မယ့်အတိုင်း ရေမြောင်းတံခါးတွေက ခြောက်သွေ့လို့…။ လေထဲမယ် ဖုန်တသောသောနဲ့။

ပီကေဝါးနေတဲ့ မျက်မမြင်တစ်ယောက်က ကမ္ဘာကြီးတစ်ခုလုံးကို အမှောင်တိုက်ထဲ ပစ်သွင်းလိုက်တာပဲ။ သန်သန်စွမ်းစွမ်း ရှိနေတဲ့ လူတိုင်းလိုလို မျက်မမြင်ကို ကရုဏာသက်ပုံ မရကြဘူး။ လူတွေရဲ့ တက်ကြွနေပုံက သူမကို နည်းနည်းတောင် ထိတ်လန့်စေတယ်။ သူမ ဘေးမှာဆိုရင် အပြာရောင်ဝတ်စုံနဲ့ မိန်းမတစ်ယောက် မျက်နှာထိမျက်နှာထားနဲ့ သူမ အကြည့်ကို လွှဲပစ်လိုက်တယ်။ ပလက်ဖောင်းပေါ်မှာ မိန်းမတစ်ယောက် သူ့ကလေးကို တွန်းထိုးနေတယ်။ ချစ်သူနှစ်ယောက် လက်ချင်းချိတ်ပြီး ပြုံးလို့…။ ပြီးတော့ မျက်မမြင်ရော…။ အင်နာ့ဆီမယ် စိတ်ရောကိုယ်ပါ ချုံးချုံးကျစေလောက်တဲ့ အကြင်နာတရား ပေါ်လာတယ်။

ဘဝကို ငြိမ်နေအောင် သေချာထိန်းထားခဲ့တာ။ မပေါက်သွား မကွဲသွားအောင်ပေါ့။ လူတွေကို တစ်ယောက်စီ သေချာခွဲမှတ်ထားတယ်။ ဘယ်

အဝတ်ကို ဝတ်မလဲဆိုတာရောပေါ့။ ညဘက် ဘာရုပ်ရှင်ကြည့်ရင် ကောင်းမလဲ သတင်းစာထဲကနေ ရွေးတယ်။ တစ်နေ့ဟာ နောက်တစ်နေ့နောက် အသာအယာ လိုက်နိုင်အောင် အရာအားလုံးကို အသေအချာ ပုံစံချထားတယ်။ ဒါပေမယ့် ဝီကေဝါးနေတဲ့ မျက်မမြင်တစ်ယောက်က အရာအားလုံးကို တစ်စစီ ချေမွပစ်လိုက်တယ်။ အင်နာအတွက်တော့ ဒီလိုကြင်နာစိတ်ယိုဖိတ် မိတာကနေ ဘဝတစ်ခုလုံးစာအပြည့် အော့နလုံးနာစရာတွေ ခံတွင်းဝဆီ ပျို့တက်လာသလိုပဲ။

အဲဒီတော့ သူမ ဆင်းရမယ့်မှတ်တိုင်ကို တော်တော်လွန်လာခဲ့ပြီဆိုတာ သူမ သတိထားမိလိုက်တယ်။ ခုလို အားနည်းနေတဲ့အချိန်မှာ ဘာမဆို သူမကို လာဝင်ဆောင့်နေသလိုပဲ။ ဓာတ်ရထားပေါ်ကနေ ဒူးတုန်တုန်နဲ့ ဆင်းလိုက်တယ်။ ဘေးဘီကို ကြည့်တယ်။ ဥအနှစ်တွေ ပေနေတဲ့အထုပ်ကို ဆုပ်ထားတယ်။ ခဏလောက်တော့ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတောင် မသိဘူး ဖြစ်နေတယ်။ ညဉ့်တော့ တော်တော်နက်နေပုံပေါက်တယ်။

အခုရောက်နေတာ ရှည်လျားတဲ့ လမ်းတစ်လမ်းပဲ။ အဝါရောင် တံတိုင်းမြင့်မြင့်တွေ ကာထားတယ်။ ကြောက်စိတ်နဲ့ ရင်က တဒိတ်ဒိတ် ခုန်နေတယ်။ သူမရဲ့ ပတ်ဝန်းကျင်ကို မှတ်မိအောင် ကြိုးစားကြည့်ပေမယ့် မရဘူး။ သူမ ထိစမ်းလိုက်မိတဲ့ ဘဝက တဆတ်ဆတ် တုန်နေတယ်။ မျက်နှာကို လေခပ်နွေးနွေး တစ်ချက်က ပွတ်သပ်သွားတယ်။ နံရံကို ကြည့်ရင်း အဲဒီမှာ ရပ်နေမိတယ်။ ဘယ်ရောက်နေလဲဆိုတာ နောက်ဆုံးတော့ သိလာတယ်။ နည်းနည်း ဆက်လျှောက်လိုက်တော့ ခြံစည်းရိုးတစ်ခု တွေ့တယ်။ ရက္ခဗေဒပန်းခြံ ဂိတ်တံခါးကိုဖြတ်ပြီး သူမ ဝင်သွားလိုက်တယ်။

အုန်းပင်တွေကြားက အလယ်လျှောက်လမ်းအတိုင်း သူမ လျှောက်သွားလိုက်တယ်။ ပန်းခြံထဲမယ် လူတစ်ယောက်မှတော့ ရှိမနေဘူး။ အထုပ်တွေကို မြေကြီးပေါ်ချ၊ လမ်းနံဘေးကပ်လျက်က ခုံတန်းပေါ်မယ် ထိုင်နေလိုက်တယ်။

လူရှင်းနေတာမို့ သူမ နည်းနည်းတော့ တည်တည်ငြိမ်ငြိမ် ဖြစ်လာတယ်။ တိတ်ဆိတ်မှုက သူမကို အသက်ရှူ မှန်လာစေတယ်။ သူမရဲ့ အတွင်းပိုင်းကတောင် ဖြည်းဖြည်းချင်း အိပ်မောကျလာသလိုပဲ။

အုန်းပင်တွေ စီတန်းနေတဲ့ လမ်းမကို ခပ်လှမ်းလှမ်းကနေ လှမ်းမြင်နေရတယ်။ အဲဒီဘက်မယ်တော့ ညနေခင်းဟာ တောက်တောက်ပပပဲ။ ဒီလမ်းကလေးပေါ်မယ်ဖြင့် အပင်တွေရဲ့ အရိပ်ကသာ လွှမ်းလို့နေတယ်။

ဘေးပတ်ပတ်လည်မှာတော့ တည်ငြိမ်တဲ့ အသံတွေ၊ သစ်ပင်တွေရဲ့ ရနံ့တွေ၊ စပျစ်နွယ်တွေကြား စိုးစဉ်းမျှ အုံ့အားသင့်ရမှုတွေ…။ ပန်းခြံတစ်ခုလုံးဟာ ညနေခင်းရဲ့ မြန်သထက်မြန်လာနေတဲ့ တခဏတွေကြားမှာ ကြေမွသွားရသလိုပဲ။ တစ်ဝက်တစ်ပျက် အိပ်မက်ဟာ တဝီဝီမြည်နေတဲ့ ပျားတွေလို သူမကို ပတ်ချာလည် လှည့်နေတော့တယ်။ အရာအားလုံးဟာ သူစိမ်းဆန်နေတယ်။ သိမ်မွေ့လွန်းနေတယ်။ ကြီးမားလွန်းနေတယ်။

တစ်ခုခု ရိပ်ခနဲ ဖြတ်သွားတာကြောင့် သူမ ထိတ်ခနဲ ဖြစ်သွားတယ်။ သူမ ဘေးဘီကို လိုက်ကြည့်တယ်။ ဘယ်ဟာမှတော့ တကယ်လှုပ်သွားပုံမရဘူး။ ဒါပေမယ့် အလယ်လျှောက်လမ်းမယ် မလှုပ်မယှက်ရှိနေတဲ့ ကြောင်တစ်ကောင်ကို တွေ့လိုက်ရတယ်။ နောက်တော့ အသာအယာ လျှောက်သွားရင်း ပျောက်ကွယ်သွားတော့တယ်။

စိတ်နည်းနည်းပူလာပြီး ဘေးဘီကို ထပ်ကြည့်တယ်။ သစ်ကိုင်းတွေက လှုပ်ခါလို့…။ အရိပ်တွေလည်း မြေပေါ်မှာ ယိမ်းထိုးနေတော့တယ်။ စာကလေးတစ်ကောင် အညစ်အကြေးပုံကို ဆွနေတယ်။ ရုတ်တရက် သူမဟာ ချုံခိုတိုက်ခံရတဲ့ အခြေအနေမျိုး ရောက်နေသလိုပဲ။ ပန်းခြံထဲမယ် လျှို့လျှို့ဝှက်ဝှက် မွေးဖွားသန့်စင်နေတာ တစ်ခုတော့ ရှိနေပြီလို့ သူမခံစားမိလာတယ်။

သစ်ပင်တွေထဲမယ် အသီးတွေ နက်မှောင်လို့…။ ပျားရည်လို ချိုမယ့် အသီးတွေပဲ…။ မြေပြင်ပေါ်မယ်ကျ အရစ်အရစ်တွေ ထနေတဲ့ တွင်းတွေ၊ ပုပ်သိုးနေတဲ့ ဦးနှောက်တွေနဲ့တောင် တူရဲ့…။ ခုံတန်းပေါ်မှာတော့ ခရမ်းရောင် ဖျော်ရည်တွေ ပေကျံနေတယ်။ ရေစီးသံ တိုးတိုးဖွဖွလည်း ကြားနေရတယ်။ ပင့်ကူတစ်ကောင်က သစ်ပင်ရဲ့ ပင်စည်မယ် ကပ်နေတယ်။ ကမ္ဘာလောကကြီးရဲ့ ရက်စက်မှုကဖြင့် တည်ငြိမ်ပါပေ့။ သတ်ကြဖြတ်ကြတယ်ဆိုတာကလည်း နက်နဲတဲ့ အကြောင်းအရာမျိုး…။ နောက်ပြီး

သေခြင်းတရားဆိုတာလည်း အများသူငါ ထင်ထားကြသလိုဖြင့် မဟုတ်ပေဘူး။

သွားနဲ့မြဲမြဲ ခဲထားလောက်တဲ့ ကမ္ဘာကြီးလို့ စိတ်အာရုံထဲမှာတော့ ထင်စရာပေါ့။ ဒေလီယာနဲ့ ကျူးလစ်တွေ တောထနေတဲ့ ကမ္ဘာကြီး…။ ပင်စည်တွေကိုလည်း အရွက်တွေ အလိပ်လိပ်ထနေတဲ့ ကပ်ပါးပင်တွေ အုပ်နေတယ်။ ကပ်ပါးပင်တွေ ရစ်သိုင်းထားပုံကြည့်ရတာ နူးညံ့ပြီး ကပ်စေး ကပ်စေး ဖြစ်နေမယ့်ပုံ။ အရှုံးမပေးခင် တစ်ချက်တော့ အာခံလိုက်သေးတဲ့ ပုံစံမျိုးလိုပေါ့…။ အဲဒါ တကယ် ဆွဲဆောင်မှုရှိတယ်။ အင်နာတစ်ယောက် ပျို့ချင်သလိုလို ဖြစ်လာတယ်။ အဲဒါ တကယ် ဆွဲဆောင်မှု ရှိပါတယ်။

သစ်ပင်တွေဟာ လေးလံကိုင်းညွှတ်နေရဲ့…။ ကမ္ဘာလောကကြီးက ပုပ်အဲ့နေပေမယ့် ကြွယ်ဝမှုတော့ဖြင့် ရှိနေတုန်းပဲ။ ကာလေးတွေနဲ့ အရွယ်ရောက်ပြီး ယောကျ်ားကြီးတွေ ဘယ်လိုတောင် ငတ်ပြတ်နေကြသလဲဆိုတဲ့ အတွေးဝင်လာတာနဲ့ ကိုယ်ဝန်ရပြီးမှ စွန့်ပစ်ခံခဲ့ရတဲ့ မိန်းမလို အင်နာ တစ်ယောက် ပျို့တက်လာတော့တယ်။ ပန်းခြံရဲ့ ဝသီကတော့ တစ်မျိုး တစ်ဘာသာပေါ့။ အခုဆို မျက်မမြင်ရဲ့ လမ်းပြမှုနဲ့ သူမ ဒီကို ရောက်လာရတာပဲလေ။

ပြိုးပြိုးပြက်ပြက်လက်နေရင်း အရိပ်တွေလည်း စွန်းထင်းနေတဲ့ ပြီးတော့ ရောမကြာပန်းကြီးတွေ စီးမျောနေတဲ့ ကမ္ဘာကြီးရဲ့ ပထမဆုံး လှေကားထစ်တွေပေါ် သူမ ခလုတ်တိုက် လဲကျခဲ့တာပဲ။ မြက်ခင်းပေါ် ပြန့်နေတဲ့ ပန်းပွင့်သေးသေးလေးတွေကို ကြည့်ရတာ အဝါလည်းမဟုတ်၊ နှင်းဆီရောင်လည်း မဟုတ်။ ရွှေရောင်မှိုင်းမှိုင်းနဲ့ ကြက်သွေးရောင် ရော ထားသလိုမျိုး။ ဆွေးမြည့်မှုက နက်နက်ရှိုင်းရှိုင်းပဲ…။

အနံ့တောင် ထွက်နေပေါ့။ ဒါပေမယ့် သူမရဲ့ခေါင်းကနေ မြင်နေရတဲ့ လေးလံတဲ့ အရာတွေ အကုန်လုံးကို အင်းဆက်တွေဝိုင်းပြီး ပတ်ချာလည်လှည့်နေတယ်။ လေညင်းကတော့ ပန်းပွင့်တွေကြားကို တိုးခွေ့နေတယ်။ အင်နာ့ စိတ်ထဲမယ် လေညင်းရဲ့ ချိုအီတဲ့ ရနံ့ကိုတောင် ရလာသလိုလို။ ပန်းခြံဟာ လှလွန်းတော့ ငရဲများလား ထင်မိတယ်။

တဖြည်းဖြည်းနဲ့ ညဘက်တောင် ကူးလာပြီ။ အရာရာဟာ ပြည့်

နက်လေးလံနေပုံပဲ။ အရိပ်တွေထဲမှာတော့ ရှဥ့်ကလေးတစ်ကောင် ခုန်ဆွ ခုန်ဆွနဲ့…။ သူမရဲ့ ခြေဖဝါးအောက်က မြေကြီးဟာ နူးညံ့နေတယ်။ ပင့်သက်နဲ့အတူ အဲဒါကို ဝမ်းမြောက်ဝမ်းသာ ရှိုက်သွင်းလိုက်တယ်။ အဲဒါ တကယ့်ကို ဆွဲဆောင်မှု ရှိတယ်။ သူမကိုလည်း ပျို့အန်တော့မလို ဖြစ်စေ တယ်။

ဒါပေမယ့် ကလေးတွေကို သတိရလိုက်မိတော့ စိတ်ထဲမယ် အပြစ် ရှိတယ်လို့ ခံစားလာရတယ်။ ထိခိုက်နာကျင်မှုနဲ့ ငိုမိတော့မလို ဖြစ်ရတယ်။ အိတ်ကို ကောက်ကိုင်ပြီး မှောင်နေတဲ့ လမ်းအတိုင်း သူမ လျှောက်သွား လိုက်တယ်။ မပြေးရုံတမယ်ပဲ။ ပန်းခြံတစ်ခုလုံးကို မြင်နေရတဲ့နေရာဆီ ရောက်လာတယ်။ သော့ခတ်ထားတဲ့ ဂိတ်တံခါးကို ထုရိုက်လိုက်တဲ့အခါ အစောင့် ထွက်လာတယ်။ ခုနက သူမကို မမြင်ခဲ့မိတဲ့အတွက် အံ့အား သင့်နေတဲ့ပုံပဲ။

သူမ နေတဲ့တိုက်ရဲ့ တံခါးဆီရောက်တဲ့အထိ သူမပုံဟာ တကယ့်ကို ဒုက္ခသုက္ခ ရောက်ခဲ့တဲ့ပုံပေါက်နေတုန်းပဲ။ အိတ်ကို တင်းတင်းကိုင်ပြီး ဓာတ်လှေကားဆီ ခပ်မြန်မြန်သွားတယ်။ ရင်ကလည်း တဒိန်းဒိန်း ခုန်နေ တုန်းပဲ။ ဘာတွေဖြစ်ကုန်ပြီလဲ။ မျက်မမြင်အပေါ် ကြင်နာစိတ် ပေါ်မိတဲ့ အဖြစ်က တကယ့်ကို နာကျင်ရစေတယ်။ ကမ္ဘာကြီးကတော့ သူမရဲ့ ကမ္ဘာကြီး ဖြစ်နေတုန်းပဲလေ။

ညစ်တီးညစ်ပတ် စုတ်တီးစုတ်ပြတ်နဲ့ သူမရဲ့ ကမ္ဘာကြီးလေ…။ သူမ အရှေ့တံခါးကို ဖွင့်လိုက်တယ်။ ဧည့်ခန်းက တော်တော်ကျယ်တယ်။ လေးထောင့်စပ်စပ်။ တံခါးလက်ကိုင်ဘုတွေဆိုတာလည်း အစွန်းအထင်းရယ် လို့ မရှိဘဲ ပြောင်လို့လက်လို့…။ ပြတင်းပေါက်မှန်တွေကလည်း တလက် လက်…။ မီးအိမ်ကလည်း တလက်လက်…။ ဒါဟာ နောက်ထပ် ကမ္ဘာ တစ်ခုများလား…။

အခုအချိန်အထိ သူမ တစ်လျှောက်လုံး နေလာခဲ့တဲ့ ဘဝဟာဖြင့် နည်းမှန်လမ်းမှန်နေရမယ့် ဘဝမျိုးပဲရယ်လို့ ခဏလောက်တော့ စိတ်ထဲ ဖြစ်လိုက်မိတယ်။ သူမဆီ ပြေးလာတဲ့ ချာတိတ်ကလည်း ခြေတံရှည်ရှည်နဲ့၊ မျက်နှာကလည်း သူမနဲ့ တူမှတူ။ သူမဆီ ပြေးလာပြီး သူမကို ပွေ့ဖက်

ထားတယ်။ သူမ အလန့်တကြားနဲ့ ချာတိတ်ကို တင်းတင်း ပြန်ဖက်ထား လိုက်တယ်။ သူမကိုယ်သူမ တုန်ယင်မနေအောင် ထိန်းနေရတယ်။ တကယ့်ကို အန္တရာယ်များတဲ့ အချိန်ရောက်လာတာပေါ့။

ကမ္ဘာကြီးကို သူမ ချစ်ပါတယ်။ သူမ ဖန်တီးထားတဲ့ ကမ္ဘာကြီးကိုလေ…။ ပျို့ချင်အန်ချင်စိတ် တစ်ဝက်နဲ့ ချစ်နေမိတာမျိုးပေါ့။ ကမာကောင်တွေကြောင့် စိတ်လှုပ်ရှားရတဲ့ပုံစံမျိုး ခံစားလာရတယ်။ အမှန်တရားတစ်ခုနဲ့ နီးစပ်လာပြီဆိုရင် နေထိုင်မကောင်း ဖြစ်ချင်သလိုလို ဖြစ်လာတတ်တာမျိုးလေ။ သူမရဲ့ သားကို ကျိုးကြေသွားတော့မတတ် ဖက်ထားလိုက်မိတယ်။ မျက်မမြင်လား ဒါမှမဟုတ် ရက္ခဗေဒ ပန်းခြံလား…။

မကောင်းဆိုးဝါး တစ်ကောင်ကောင် တွေ့လိုက်ရသလိုလို ပုံစံမျိုးနဲ့။ ချာတိတ်ကို သူမ တင်းတင်း ဖက်ထားတယ်။ ဘယ်အရာထက်မဆို သူမ ပိုချစ်ခဲ့တဲ့ သားပဲ။ ဘဝဆိုတာ စိတ်ပျက်စရာတွေချည်းပဲ သားရဲ့လို့ သူမ သူ့ကို ခပ်တိုးတိုး ပြောလိုက်တယ်။ တကယ်တမ်းကျတော့ သူမအနေနဲ့ မျက်မမြင်ရဲ့ ခေါ်သံကိုပဲ နားစွင့်နေခဲ့မိတယ်ဆိုရင် ဘယ်လိုလုပ်မလဲ…။ သူမ တစ်ယောက်တည်း သွားမလား။ ဆင်းရဲတာရော ချမ်းသာတာပါ သူမကို လိုအပ်တဲ့နေရာတွေ အများကြီးရှိနေတာပဲ။

သူမကရော သူတို့ကို လိုအပ်သလား။ မေမေ ကြောက်တယ် သားလို့ သူမ ရေရွတ်လိုက်တယ်။ ချာတိတ်ရဲ့ ခပ်ပျော့ပျော့ နံရိုးတွေကို လက်ထဲမှာ စမ်းမိလာတယ်။ ကြောက်ပြီး ရှိုက်နေတဲ့ အသံကို ကြားလာတယ်။ 'မေမေ' ချာတိတ်က ခေါ်လိုက်တယ်။ ချာတိတ်ကို သူမဆီကနေ ခွာထုတ်လိုက်ပြီး မျက်နှာကို ကြည့်လိုက်တယ်။ သူမရင်ထဲမှာ တစစ်စစ် နာလာတယ်။ မေမေက သားကို မေ့သွားသလိုမျိုး မဖြစ်စေနဲ့ သားရေလို့ ပြောလိုက်တယ်။ သူမ ဖက်ထားတာလည်း အားလျော့သွားရော ကလေးက ရုန်းထွက်ပြီး အိပ်ခန်းဘက်ဆီ ပြေးထွက်သွားတော့တယ်။ ပိုပြီး စိတ်ချရတဲ့နေရာကနေ သူမကို လှမ်းကြည့်နေတယ်။ သူမကို ဒီလို ဆိုးဆိုးဝါးဝါး ဘယ်တုန်းကမှ မကြည့်ခဲ့ဖူးဘူး။ သွေးတွေ တိုးလာပြီး သူမ မျက်နှာတောင် နွေးတေးတေး ဖြစ်လာတယ်။

သူမ ထိုင်ခုံပေါ် အရုပ်ကြိုးပြတ် ထိုင်ချလိုက်တယ်။ သူမရဲ့ လက်

ချောင်းတွေကတော့ လက်ထိုးအိတ်ကို တင်းတင်းဆုပ်ထားတုန်း။ သူမ ဘာကို ရှက်နေမိပါလိမ့်…။

အဲဒီမှာ လွှတ်လမ်းကို မရှိတော့ဘူး။ သူမ ပုံသွင်းယူခဲ့တဲ့ နေ့တွေက အရုံအတားကို ချိုးဖဲ့ပစ်လိုက်ပြီ။ ရေတွေ တဟုန်ထိုး စီးထွက်ကုန်ပေါ့။ ကမာကောင်ကို သူမ ကြည့်နေတယ်။ မကြည့်ဘဲနေလို့ရတဲ့ နည်းကလည်း မရှိတော့ဘူးလေ။ သူမ ဘာကို ရှက်နေတာလဲ။ ဒါဟာ ကြင်နာသနား စိတ် မဟုတ်တော့ဘူး။ ကြင်နာသနားစိတ်လောက်ပဲ မဟုတ်တော့ဘူး။ သူမရဲ့ နှလုံးအိမ်ထဲမယ် အသက်ဆက်ရှင်ချင်တဲ့ အဆိုးရွားဆုံး လိုအင်တွေနဲ့ ပြည့်နေခဲ့ပြီ။

သူမဟာ မျက်မမြင်ဘက်ကလား ဒါမှမဟုတ် ခပ်စိပ်စိပ် ပေါက်နေတဲ့ အပင်တွေဘက်ကလား…။ သူမကိုယ်တိုင်လည်း မသိတော့ဘူး။ အဲဒီလူဟာ တကယ်တော့ အဝေးကို လွှင့်ပါးသွားပြီ…။ နာကျင်ရင်းနဲ့ပဲ သူမဟာ ဒီလူရဲ့ မျက်လုံးတွေကို ထိခိုက်အောင် လုပ်ခဲ့တဲ့ သူရဲ့ဘက်ကို ရောက်သွားခဲ့ပုံပဲ။ ရုက္ခဗေဒပန်းခြံဟာ ဒါကို သူမ သိအောင် လုပ်ပေးခဲ့တယ်။ ကြောက်ကြောက်နဲ့ပဲ သူမဟာ ကမ္ဘာကြီးရဲ့ ပိုသန်စွမ်းတဲ့အပိုင်းမှာ ပါတယ်ဆိုတာ သိလိုက်ရတယ်။ သူမရဲ့ ရက်စက်တဲ့ ကြင်နာမှုကို ဘယ်လို နာမည်မျိုး ပေးရပါ့မလဲ။ သူမ အနေနဲ့ ဒုက္ခိတကို နမ်းဆိုလည်း နမ်းမှာပဲ။ သူမဟာ သူ့ညီမတော့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်လို့ဘဲ။

မျက်မမြင်တစ်ယောက်ကြောင့် သူမရဲ့ အဆိုးဆုံး အရွတ္တကို သိခဲ့ရတယ်။ အဲဒီလိုပဲ အလန့်တကြား တွေးမိတယ်။ ဘယ်ဆင်းရဲသားကမှ သူမရဲ့ ကြင်နာသနားတဲ့ လက်ခုပ်ထဲကရေကို သောက်မှာ မဟုတ်ဘူး။ သူမ စိတ်ထဲမယ် အကြည်းခံရသလို ခံစားလာမိတယ်။ အမလေး… တကယ်တော့ သူတော်စင်တစ်ယောက်ဖြစ်ဖို့က လူတစ်ယောက်ဖြစ်ဖို့ထက် လွယ်နေပါ့ကလား။ အဲဒီလို ကြင်နာစိတ်ကလေး တစ်ချက်ပေါ်လိုက်တာက သူမ နှလုံးသားရဲ့ အနက်ရှိုင်းဆုံးနေရာကို တိုင်းပြလိုက်တာပဲ မဟုတ်ဘူး လား။ ဒါပေမယ့် အဲဒါလည်း တကယ်တမ်းကျတော့ ခြသေ့်တစ်ကောင်ရဲ့ အကြင်နာမျိုးပါပဲလေ…။

ခပ်ရှက်ရှက်နဲ့ သူမ သတိထားမိလိုက်တာက မျက်မမြင်ဟာ ဒီထက်

ပိုပြီး နိမ့်ကျတဲ့ အချစ်မျိုးကိုပဲ လိုချင်လိမ့်မယ်ဆိုတာ။ တုန်လှုပ်ရင်းကပဲ ဘာဖြစ်လို့လဲဆိုတာ သူမ သိနေပြန်တယ်။ လရောင်က လူသားဝံပုလွေကို ညှို့သလို ရက္ခဗေဒဥယျာဉ်ထဲက ဘဝဟာ သူမကို ညှို့နေပြီလေ။ အိုး…ဒါပေမယ့် အဲဒီ မျက်မမြင်ကို သူမ ချစ်တယ်။ ဒါမျိုးဟာ ဘုရားကျောင်း တက်ဖို့ သွားနေရင်း မွေးရမယ့် စိတ်ထားမျိုးတော့ မဟုတ်ဘူး။ ကြောက် လိုက်တာလို့ ညည့်ခန်းထဲမှာ သူမ တစ်ယောက်တည်း ရေရွတ်လိုက်မိတယ်။ သူမ ထရပ်လိုက်တယ်။ ညစာပြင်တဲ့နေရာမှာ အိမ်ဖော်ကို ကူရဦးမယ်ဆိုပြီး မီးဖိုခန်းဘက်ဆီ ကူးသွားလိုက်တယ်။

ဒါပေမယ့် ဘဝက သူမကို တုန်လှုပ်စေတယ်။ ကြက်သီးထစေ တယ်။ ကြောက်စရာ အညစ်အကြေးတွေဟာ အိုဗင်ရဲ့အောက်မှာ အိမ်ဖွဲ့ နေရဲ့။ အဲဒီမှာပဲ ပင့်ကူလေးတစ်ကောင်လည်း တွေ့ရတယ်။ ပန်းအိုးကို ရေလှယ်ဖို့ ယူသွားနေတုန်း သူမလက်ထဲ နွမ်းလျှနာကျင်နေတဲ့ ပန်းပွင့်တွေရဲ့ အကြောက်တရားကို တွေ့နေရတယ်။ အမှိုက်ပုံးနားမှာ ပုရွက်ဆိတ် တစ်ကောင်ကို ခြေထောက်နဲ့ နင်းသတ်ပစ်လိုက်တယ်။ ဒါကို ပုရွက်ဆိတ် သတ်မှုကလေးလို့ ခေါ်ရမလား။

ခန္ဓာကိုယ်သေးသေးလေးဟာ တုန်လှုပ်နေတယ်။ လက်ဆေးကန်ထဲ မှာ စိတ်မိနေတဲ့ ရေတွေထဲကို ရေစက်သေးသေးလေးတွေ ကျနေတယ်။ နွေရာသီ ဟာ ခပ်သွက်သွက် ဝင်လာနေတယ်။ ကြောက်စရာ ခြေလှမ်းမျိုးနဲ့ ခပ်သွက်သွက် ဝင်လာနေတယ်။ ပတ်ပတ်လည်မှာတော့ တိတ်ဆိတ်နေးကွေး တည်မြဲတဲ့ဘဝ…။ သူမရဲ့ ခေါင်းပတ်ချာလည်မှာ မီးလုံးရဲ့ပတ်ချာလည်မှာ ပူစပ်ပူလောင်ဖြစ်လာနေတဲ့ ညရဲ့ခြင်တွေ ဝဲလှည့်လို့…။ ကြင်နာမှုကို ဆိုးယုတ်တဲ့အချစ်ဖြစ်စေတဲ့ ညတစ်ညပေါ့။ သူမရဲ့ နို့နှစ်လုံးကြားမှာ ချွေး တွေ စီးကျနေရဲ့…။ ယုံကြည်မှုက သူမကို ချိုးဖဲ့နေတယ်။ မီးဖိုရဲ့ အပူ ကလည်း မျက်လုံးတွေ မခံနိုင်လောက်အောင် စူးရှနေတယ်။

နောက်တော့ သူမရဲ့ယောကျ်ား ပြန်လာတယ်။ သူမရဲ့ မောင်တွေနဲ့ သူတို့ရဲ့ မိန်းမတွေ၊ ကလေးတွေလည်း ရောက်လာတော့တယ်။ ပြတင်း ပေါက်တွေ အကုန်ဖွင့်ပြီး ကိုးထပ်မှာ သူတို့ ညစာစားကြတယ်။ လေယာဉ် ပျံတစ်စင်းက ပူလောင်နေတဲ့ ကောင်းကင်ထဲ တဝေါဝေါ ဖြတ်ပျံတယ်။

ဥလေးဘာလေးလောက်နဲ့ပဲ ပြင်ထားတာပေမယ့် ညစာက ကောင်းပါတယ်။ ကလေးတွေလည်း တော်တော်နဲ့ မအိပ်ကြဘဲ ကော်ဇောပေါ်မယ် ကစားနေကြတယ်။ နွေဆိုတော့ သူတို့ကို အိပ်ရာအတင်းဝင်ခိုင်းစရာလည်း မလိုဘူး။ အင်နာကတော့ ဖျော့တော့တော့ ဖြစ်နေတယ်။ တခြားသူတွေနဲ့တော့ အသာအယာ ရယ်မောလိုက် လုပ်နေတယ်။

နောက်ဆုံးတော့ ညစာအပြီးမယ် ပြတင်းပေါက်ကိုဖြတ်ပြီး ပထမဆုံး လေပြည်လေညင်းလေး တိုက်လာတော့တာပဲ။ သူတို့ မိသားစု စားပွဲပတ်ပတ်လည်မယ် ထိုင်နေကြတုန်းပဲ။ တစ်နေ့တာလုံး ပင်းပန်းခဲ့ကြတော့ ငြင်းတာခုံတာ အပြစ်ရှာတာမျိုးတွေလည်း သိပ်မလုပ်ဖြစ်ကြဘူး။ ဘယ်အကြောင်းအရာမဆို ရယ်စရာတွေချည်းကို ဖြစ်လို့…။ အားလုံးဟာ ကြင်ကြင်နာနာ နွေးနွေးထွေးထွေး ဖြစ်နေကြတယ်။ လိပ်ပြာတစ်ကောင် ဖမ်းသလို အဲဒီခဏလေးကို လွတ်ထွက်မသွားအောင် သူမရဲ့ လက်ချောင်းတွေနဲ့ ဖမ်းဆုပ်ထားမိတယ်။

နောက်တော့ အားလုံး ပြန်သွားကြတယ်။ ကလေးတွေလည်း အိပ်ရာတွေ ဘာတွေ ဝင်ကြ။ သူမကတော့ ပြတင်းပေါက်အပြင်ကို ငေးနေမိတယ်။ မြို့ကြီးဟာ ပူပူလောင်လောင်နဲ့ပဲ အိပ်မောကျနေရဲ့…။ မျက်မမြင်က အာ့ကိုပဲ လွတ်လိုက်တာဖြစ်ဖြစ် သူမရဲ့ နေ့တွေထဲမှာ လာပြီး အံဝင်ခွင်ကျ ဖြစ်နေပါကလား။ သူမ အိုမင်းသွားဖို့ နှစ်တွေ ဘယ်လောက်ကြာဦးမလဲ။

နည်းနည်းလေး လှုပ်လိုက်တာနဲ့ ကလေးတစ်ယောက်ကို တက်နင်းမိတော့မလို။ ချစ်သူတစ်ယောက်ရဲ့ ကရော်ကမည် လုပ်ချင်တဲ့ စိတ်မျိုးနဲ့ သူမ အဲဒါကို လက်ခံလိုက်ရတော့မယ်ပုံပဲ။ ပန်းပွင့်ထဲက ခြင်တစ်ကောင် ထွက်လာတယ် ဆိုတာကိုပေါ့။ နက်မှောင်နေတဲ့ ကန့်ရေပြင်ပေါ် ကြာပွင့်ကြီးတွေ ပေါလာမျောနေတယ် ဆိုတာကိုပေါ့။ မျက်မမြင်ဟာ ရက္ခဗေဒပန်းခြံက သစ်သီးတွေကြားမယ် တွဲလွဲခိုနေတော့တယ်။

တကယ်လို့ အဲဒါ အိုဗင်များ ပေါက်တာဆိုရင် တစ်အိမ်လုံးတော့ မီးစွဲနေတော့မယ်။ သူမ မီးဖိုထဲ ပြေးဝင်သွားတော့ ယောကျ်ားကို ကော်ဖီတွေ မှောက်ထားတဲ့နားမှာ တွေ့လိုက်ရတယ်။ ဘာဖြစ်တာလဲ။ သူမ အော်ပြီး မေးလိုက်တယ်။ သူမရဲ့ အထိတ်တလန့်အော်သံကြောင့် ယောကျ်ားက

ထပြီး ခုန်တယ်။ နောက်တော့မှ သဘောပေါက်သွားပြီး ထရယ်တယ်။

ဘာမှမဟုတ်ပါဘူးဟာ။ ငါကိုက အသုံးမကျတာ။ သူ့ပုံစံကြည့်ရတာ နွမ်းနယ်နေပုံပဲ။ မျက်တွင်းတွေဘာတွေလည်း ကျလို့…။ ဒါပေမယ့် အင်နာရဲ့ မျက်နှာက တစ်မျိုးဖြစ်နေတာမို့ သူက သေချာစိုက်ကြည့်နေတယ်။ နောက်တော့ သူ့အနားကို အသာအယာဆွဲယူလိုက်တယ်။ ကျွန်မ ရှင့်ကို ဘာမှမဖြစ်စေချင်ဘူးလို့ သူမက ပြောလိုက်တယ်။

အိုဗင်ကို ငါ့အပေါ် ပေါက်စေချင်ရုံလောက်ပဲလား။ သူက ပြုံးရင်း ပြန်ပြောတယ်။ သူမ သူ့လက်ထဲမှာ ခပ်ပျော့ပျော့ နေနေလိုက်တယ်။ ဒီနေ့ နေ့လယ်ခင်းတုန်းက တည်ငြိမ်နေတဲ့ အရာတစ်ခုဟာ ပေါက်ကွဲသွားခဲ့တယ်။ ရယ်ရမလို ငိုရမလို အခြေအနေတစ်ရပ်ဟာ တစ်အိမ်လုံးအပေါ် အရိပ်ထိုးနေတယ်။ အိပ်ကြစို့…။ သူက ပြောတယ်။ သူ့ပုံစံက သူ မဟုတ် သလိုပဲ။ ဒါပေမယ့် ခါတိုင်းလိုပဲ သူ့ မိန်းမ လက်ကို ကိုင်လိုက်တယ်။ သူမကို လှည့်မကြည့်ဘဲ ဆွဲခေါ်သွားတော့တယ်။ ရှင်သန်နေရခြင်းရဲ့ အန္တရာယ်ကနေ ကယ်ထုတ်သွားလိုက်တယ်ပဲ ပြောရမလား…။

ကြင်နာစိတ်နဲ့ ရီဝေဝေ ဖြစ်နေတာလေးတော့ ပျောက်သွားပြီ။ အချစ်နဲ့ အချစ်ကြောင့် ကျတဲ့ ငရဲကို သူမ ဖြတ်ပြီးသွားပြီ။ ခုတော့ မှန်ရှေ့မှာ ထိုင်ပြီး ခေါင်းဖြီးနေတယ်။ တခဏလောက်ဖြစ်ဖြစ်တော့ သူမရဲ့ နှလုံးအိမ်ထဲမယ် ကမ္ဘာလောကကြီးဆိုတာ မရှိတော့ဘူး။ အိပ်ရာမဝင်ခင်မှာ ဖယောင်းတိုင်ကို မှုတ်လိုက်သလို တစ်နေ့တာ တောက်လောင်နေခဲ့တဲ့ မီးတောက်လေးကို သူမ ငြိမ်းပစ်လိုက်တော့တယ်။

ကလားရစ် လစ်စပက်တာ (Clarice Lispector) ၏ Love (Amor) ကို ပြန်ဆိုပါသည်။

❖

# ချိန်းပွဲ

**မာရီယို ဗားဂတ်စ်ယော်ဆာ (၁၉၃၆- )** ငယ်စဉ်က ဖခင်ဆုံးပြီဟု မိခင်က အသိပေးခဲ့။ နောက်ပိုင်းမှာ ဖခင်နဲ့ ပြန်လည်ဆုံစည်းခဲ့ပြီး ဖခင်ဖြစ်သူက သူ့ကို စစ်တက္ကသိုလ်ပို့ခဲ့။ အဲဒီက အတွေ့အကြုံတွေကို အခြေခံပြီး သူ့ရဲ့ ပထမဆုံးဝတ္ထု The Time of the Hero (၁၉၆၃) ရေးခဲ့။

သူ့ရဲ့ လူငယ်ဘဝ (၁၉၄၈-၅၆) တစ်လျှောက် ပီရူးမှာ အာဏာရှင် အော်ဒရီယာအုပ်စိုးနေခဲ့။ အဲဒီကာလတွေကို ပြန်လည်ထင်ဟပ် ဝေဖန်ထားတဲ့ Coversation in the Cathedral (၁၉၆၉) က သူ့ကို ထိပ်တန်းစာရေးဆရာတစ်ယောက် ဖြစ်လာစေခဲ့။

အသက် ၁၉ နှစ် အရွယ်မှာ သူ့ထက် ဆယ်နှစ်လောက်ကြီးတဲ့ သူ့ဦးလေးရဲ့ ခယ်မလည်းဖြစ်တဲ့ ဂျူလီယာနဲ့ လက်ထပ်ခဲ့။ အဲဒီ အတွေ့အကြုံတွေကနေ Aunt Julia and the Scripwriter (၁၉၇၇) ရေးခဲ့။ အဲဒီစာအုပ်မှာ ယော်ဆာက သူ့အကြောင်းကို ချဲ့ကားပြီး သူမရဲ့ ကဏ္ဍကို မှေးမှိန်အောင် ရေးထားတယ်လို့ ဂျူလီယာက သူမရဲ့ အမှတ်ရချက်တွေမှာ ထည့်ရေးခဲ့။

၁၉၅၈ မှာ အမေဇုန်တောနက်ထဲမှာရှိတဲ့ ပီရူးနိုင်ငံရဲ့ ဝေးလံခေါင်ဖျားဒေသတွေကို ခရီးထွက်ခဲ့။ အဲဒီခရီးကနေပြီး သူ့ရဲ့ ကျော်ကြားလှတဲ့ The Green House (၁၉၉၆) အပါအဝင် ဝတ္ထုများစွာအတွက် ကုန်ကြမ်းတွေ ရရှိစေခဲ့သလို လူမှုအပြောင်းအလဲအပေါ် ပိုမို စိတ်အားထက်သန်စေခဲ့။

၁၉၆၂ မှာ အင်ဒီးတောင်ပေါ် မြို့ကလေးတစ်မြို့မှာ ဖြစ်ပွားခဲ့တဲ့ လူအမြောက်အမြား သတ်ဖြတ်မှုကို စစ်ဆေးတဲ့ စုံစမ်းရေးကော်မရှင်မှာ ပါဝင်ခဲ့။ အဲဒီမှာ ကြုံတွေ့ခဲ့ရတာတွေအပေါ် အခြေခံပြီး Who killed Palomino Molero ကို ရေးခဲ့သလို သူ့ရဲ့ ကျော်ကြားတဲ့ ဝတ္ထုတစ်ပုဒ် ဖြစ်တဲ့ Death in the Andes ရေးဖို့လည်း စိတ်ကူးရစေခဲ့။

လက်တင်အမေရိကရဲ့ အကျော်ကြားဆုံး စာရေးဆရာလို့ ပြောလို့ ရတဲ့ ဂါစီယာမားကွက်ဇ်နဲ့ ရင်းနှီးကျွမ်းဝင်ခဲ့။ စပိန်မှာ နေထိုင်စဉ် အိမ်နီး ချင်းများဖြစ်ခဲ့။ ၁၉၇၁ မှာ Garcia Marquez: story of a Decide ဆိုပြီးတောင် မားကွက်ဇ်အကြောင်း (သူ့ရဲ့ ဒေါက်တာဘွဲ့ယူ စာတမ်းလည်း ဖြစ်တဲ့) စာအုပ်တစ်အုပ်ရေးခဲ့။ ဒါပေမယ့် ၁၉၇၆ မှာ မက္ကဆီကိုစီးတီးမှာ နှစ်ယောက်သား အချင်းများပြီး (ယော်ဆာရဲ့မိန်းမနဲ့ မားကွက်ဇ်ရဲ့ ပတ်သက် မှုကြောင့်လို့ဆိုသူတွေလည်းရှိ) ယော်ဆာက မားကွက်ဇ်ကို လက်သီးနဲ့ ထိုးခဲ့ပြီးနောက် မိတ်ဆွေနှစ်ဦးကြား ဆက်ဆံရေး ပျက်ပြားခဲ့။

၁၉၉၀ မှာ သမ္မတ ရွေးကောက်ပွဲ ဝင်ခဲ့ပြီး ဒုတိယအကျော့မှာ ပြိုင်ဘက် အယ်ဘာကို ဖူဂျီမိုရီကိုရှုံးနိမ့်ခဲ့။ အဲဒီအတွေ့အကြုံက A Fish in the Water (၁၉၉၃) ကို ရေးဖြစ်စေခဲ့။

၂၀၁၀ မှာ စာပေနိုဘယ်ဆု ရရှိခဲ့။

✤

# ချိန်းပွဲ

ရေးဗားဘားရဲ့ ဝင်ပေါက်ကနေ လီယိုနီဒါ့စ် တစ်ယောက်ပေါ်လာတော့ ခါတိုင်း စနေနေ့တွေလိုပဲ ကျုပ်တို့ ဘီယာချနေတုန်းပေါ့။ သူ့မျက်နှာကို ကြည့်လိုက်တာနဲ့ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ ချက်ချင်း သိလိုက်တယ်။

"ဘာဖြစ်တာလဲ"

လီယွန်က လှမ်းမေးလိုက်တယ်။

လီယိုနီဒါ့စ်က ခုံတစ်လုံး ဆွဲပြီး ကျုပ်တို့နားမှာ လာထိုင်တယ်။

"ရေဆာတာ သေတော့မယ်ကွာ"

ကျုပ်က သူ့ကို တစ်ခွက်အပြည့် ထည့်ပေးလိုက်တယ်။ စားပွဲပေါ်တောင် ဖိတ်ကုန်တယ်။ လီယိုနီဒါ့စ်က ဘီယာခွက်ကို နှုတ်ခမ်းနဲ့ အသာမှုတ်ပြီး ငြိမ်နေတယ်။ ပူဖောင်းလေးတွေ ပေါက်နေတာကို ကြည့်နေတယ်။ နောက်တော့ တစ်ကျိုက်တည်းနဲ့ အကုန်သောက်ချပစ်လိုက်တာပဲ။

"ဒီည ဂျပ်စတိုတို့ ချကြလိမ့်မယ်"

မူမမှန်တဲ့ အသံနဲ့ သူက ပြောလိုက်တယ်။ ကျုပ်တို့လည်း ခဏလောက် ငြိမ်ကျသွားတယ်။ လီယွန်က ဘီယာကောက်မော့တယ်။ ဘာရီဆီနိုက စီးကရက် မီးညှိတယ်။

"မင်းတို့ကို ပြောပြလိုက်ဖို့ ငါ့ကို မှာလိုက်တယ်"

လီယိုနီဒါ့စ်က ဆက်ပြောတယ်။

"သူက မင်းတို့ လာစေချင်တယ်"

နောက်ဆုံးတော့ ဘရီဆီနီက မေးလိုက်တယ်။

"ဘယ်လိုဖြစ်ကြတာလဲ"

"နေ့လယ်တုန်းက ကတ်တာကော့စ်မှာ သူတို့ သွားဆုံမိတယ်"

လီယိုနီဒါ့စ်က သူ့နဖူးကို လက်နဲ့သပ်လိုက်တယ်။ ပြီးတော့ လက်ကို လေထဲမှာ ယမ်းလိုက်တယ်။ သူ့ လက်ချောင်းကြားကနေ ချွေးစက်တွေ ကြမ်းပြင်ပေါ် ကြသွားတယ်။

"ကျန်တာတော့ ကိုယ့်ဟာကိုယ် တွေးကြည့်ကြကွာ"

"ဘာဖြစ်ဖြစ်ပေါ့လေ" လီယွန်က ပြောလိုက်တယ်။

"သူတို့ ချမှ ဖြစ်မယ်ဆိုလည်း ဒီနည်းအတိုင်း ကောင်းပါတယ်၊ စည်းကမ်း အတိုင်းပေါ့၊ ကြောက်နေစရာတော့ မလိုပါဘူး၊ ဂျပ်စတိုဆိုတဲ့ ကောင်က သူ ဘာလုပ်နေသလဲ၊ သူ့ဟာသူ သိမှာပါ"

"အင်းပေါ့" လီယိုနီဒါ့စ်က စိတ်က တခြားရောက်နေပုံမျိုးနဲ့ လက်ခံလိုက်တယ်။

"ဒီလိုက ပိုကောင်းချင်ကောင်းမှာပေါ့"

ဘီယာပုလင်းတွေလည်း ကုန်ပြီ။ လေပြည်လေး တိုက်လာတယ်။ လယာပြင်ကပွဲကနေ ပြန်လာတဲ့ သူတွေနဲ့ တံတားပေါ်မှာ ပြည့်ကျပ်နေတယ်။ မြစ်ကမ်းစပ်က အရိပ်ရှိတဲ့နေရာတွေမှာ ခိုနေခဲ့တဲ့ အတွဲတွေလည်း ပြန်ထွက်ခွာစပြုနေပြီ။ ရေဗားဘားရဲ့ တံခါးပေါက်နေက လူတွေအများကြီး ဖြတ်သွားနေတယ်။ တချို့က အထဲကို ဝင်လာတယ်။ သိပ်မကြာခင်ပဲ လမ်းဘေးကော်ဖီဆိုင်တစ်ခုလုံး ဆူညံရယ်မောနေတဲ့ ယောကျ်ားတွေ မိန်းမ တွေနဲ့ ပြည့်သွားတော့တယ်။

"အခု ကိုးနာရီတောင် ထိုးတော့မယ်" လီယွန်က ပြောလိုက်တယ်။

"ငါတို့ သွားကြမှ ထင်တယ်"

"အေးလေ… သွားကြစို့"

လီယိုနီဒါ့စ်က ပြောတယ်။

"ဘီယာတိုက်လို့ ကျေးဇူးပဲကွာ"

ကျုပ်တို့လည်း ထွက်လာခဲ့ကြတယ်။

"ဖောင်ကြီးပေါ်မှာပဲ မဟုတ်လား" ဘရီဆီနိုက မေးလိုက်တယ်။

"အေး… ဆယ့်တစ်နာရီ၊ ငါမင်းတို့နဲ့ ဆယ်နာရီခွဲ ဆုံမယ်၊ ဒီမှာပဲ"

အဘိုးကြီးက ဥတ်ဘိုင်ဆိုပြီး လက်ဇော့ယမ်းပြရင်း ကတ်စတီလာ လမ်းမကြီးအတိုင်း ထွက်သွားတော့တယ်။ သူက မြို့စွန်ဘက်မှာ နေတယ်။ သဲတောင်ကုန်းတွေ ရှိတဲ့ဘက်ပေါ့။ အဲဒီနားမှာ သူ့တဲတစ်လုံးပဲ ရှိတယ်။ အဲဒီကနေ မြို့ကို စောင့်ရှောက်နေတဲ့ပုံမျိုးနဲ့ပေါ့။ ကျုပ်တို့လည်း ပလာဇာဘက် ထွက်ခဲ့ကြတယ်။ လူတောင် တော်တော်ရှင်းနေပြီ။ တိုးရစ်ဟိုတယ်နားမှာ ချာတိတ်တွေ အော်ဟစ်ငြင်းခုံနေကြတယ်။ သူတို့ထဲက ကောင်မလေး တစ်ယောက်ကတော့ အသာပြုံးပြီး နားထောင်နေတာ ဖြတ်လာရင်း တွေ့လိုက်တယ်။ ကောင်မလေးက အတော်လှသား။ ပျော်လည်း ပျော်နေပုံပဲ။

"ငကျိုးက ဒီကောင့်ကို သတ်မှာ"

ဘရီဆီနိုက ရုတ်တရက် ပြောလိုက်တယ်။

"မင်းပါးစပ် ပိတ်ထား"

လီယွန်က ပြောတယ်။

ဘုရားကျောင်းနားက လမ်းထောင့်ရောက်တော့ ကျုပ်တို့ လမ်းခွဲလိုက်ကြတယ်။ ကျုပ်လည်း အိမ်ဘက်ကို ခပ်သွက်သွက်ပဲ လျှောက်ခဲ့လိုက်တယ်။ အိမ်မှာ ဘယ်သူမှ ရှိမနေဘူး။ ကျုပ်လည်း အင်္ကျီနှစ်ထပ် သုံးထပ် ဝတ်လိုက်တယ်။ လက်ကိုင်ပဝါနဲ့ ပတ်ထားတဲ့ ကျုပ်ဓားကို ဘောင်းဘီနောက်အိတ်ထဲ ဝှက်ထည့်လိုက်တယ်။ ပြန်ထွက်ခါနီး ကျုပ်မိန်းမ အိမ်ပြန်လာတာနဲ့ သွားတိုးတယ်။

"ပြန်ထွက်ဦးမလို့လား" သူက လှမ်းမေးတယ်။

"အေး… ငါလုပ်စရာလေး တစ်ခုရှိနေလို့"

ကလေးက သူမလက်ထဲမှာ အိပ်မောကျနေတယ်။ ကျုပ်ဖြင့် သေများနေတာတောင် ထင်မိတယ်။

"ရှင် မနက်အစောကြီး ထရဦးမှာနော်" သူက လာရစ်နေတယ်။

"ရှင် တနင်္ဂနွေနေ့ အလုပ်ဆင်းရမယ်လေ မေ့နေပြီလား"

"ထားလိုက်စမ်းပါကွာ" ကျုပ်က ပြန်ပြောလိုက်တယ်။

"ခဏနေရင် ငါ ပြန်လာမယ်"

ကျုပ်လည်း ရေးဗားဘားဘက်ဆီ ပြန်လျှောက်သွားတယ်။ ဘီယာနဲ့ ဆန်းဒွစ် မှာလိုက်တယ်။ စားတော့ဖြင့် မစားနိုင်ဘူး။ စားချင်စိတ် မရှိဘူး ဖြစ်နေတယ်။ တစ်ယောက်ယောက်က ကျုပ် ပခုံးကို ပုတ်လိုက်တယ်။ ကြည့်လိုက်တော့ မော့ဇက် ဖြစ်နေတယ်။ သူက ဒီဆိုင်ရဲ့ ဆိုင်ရှင်။

"ချကြတော့မယ် မဟုတ်လား"

"ဟုတ်တယ်၊ 'ဖောင်ကြီး' ပေါ်မှာပဲ၊ ဘယ်သူ့မှလျှောက်မပြောရင် ကောင်းမယ်"

"မင်းငါ့ကို ဆရာလုပ်နေစရာ မလိုပါဘူးကွာ" သူက ပြောတယ်။

"ငါ ခုနလေးကမှ ကြားတာ၊ ဂျပ်စတိုအတွက်တော့ စိတ်မကောင်းဘူး၊ ဒါပေမယ့် ဒီအခြေအနေ ဆိုက်အောင် ဒီကောင်ပဲ လုပ်ခဲ့တာ၊ ငကျိုးက သိပ်စိတ်ရှည်တာမှ မဟုတ်တာ၊ ငါတို့ သိပြီးသားပဲဟာကို"

"ငကျိုးက ချီးထုပ်ပါကွာ"

"သူလည်း မင်းတို့ ဘော်ဒါဖြစ်ခဲ့တာပဲ" မော့ဇက်က တစ်ခုခု ဆက်ပြောမလို လုပ်ပြီးမှ ရပ်လိုက်တယ်။ အပြင်စားပွဲက တစ်ယောက် ယောက် လှမ်းခေါ်တာနဲ့ သူလည်း ထွက်သွားတယ်။ ခဏနေတော့ ကျုပ်နား ရောက်လာပြန်ရော။

"ငါပါ လိုက်ခဲ့ရမလား" သူက မေးတယ်။

"ရတယ်၊ ငါတို့ဟာ ငါတို့ ဖြစ်တယ်၊ ကျေးဇူးပဲကွာ"

"အိုကေလေ…၊ ငါလုပ်ပေးနိုင်တာရှိလည်း ပြောဦး၊ ဂျပ်စတို ကလည်း ငါ့သူငယ်ချင်းပဲလေ"

သူက ဘာမပြော ညာမပြောနဲ့ ကျုပ်ဘီယာတောင် တစ်ကျိုက် ယူကျိုက် လိုက်သေးတယ်။

"မနေ့ညကတောင် ငကျိုးက သူ့အုပ်စုနဲ့ ဒီကို လာသွားသေးတယ်။ ဒီကောင်က ဂျပ်စတိုအကြောင်းချည်းပဲ ပြောနေတာကွ၊ ဂျပ်စတိုကို တစ်စစီ လုပ်ပစ်မယ်ချည်း ကြိမ်းနေတယ်၊ ငါ့မှာ မင်းတို့အုပ်စု ရောက်မလာပါစေနဲ့ ဆိုပြီး ဘုရားတနေရတာ"

"ငါတော့ ငကျိုးနဲ့ တွေ့လိုက်ချင်တယ်" ကျုပ်က ပြောလိုက်တယ်။

"ဒေါ်ပွရင် ဒီကောင့်မျက်နှာက ရယ်ရတယ်ကွ"

မော့ဇက်က ရယ်တယ်။

"မနေ့ညကတော့ သရဲပူးသလား မှတ်ရတယ်ဟော့၊ သူ့ မျက်နှာ ကြည့်ရတာနဲ့ ကိုယ်ပါ နေမကောင်း ဖြစ်ချင်လာသလိုပဲ"

ကျုပ်လည်း ဘီယာကို အပြောင်ရှင်းလိုက်ပြီး ကမ်းနားဘက် လျှောက်လိုက်ဦးမယ်ဆိုပြီး ထွက်လာလိုက်တယ်။ အဲဒီမှာ ရေးဗားဘား တံခါးဝကနေ ဂျပ်စတိုကို လှမ်းတွေ့လိုက်တယ်။ ဝေတိက အပြင်ဘက်စားပွဲ မှာ တစ်ယောက်တည်း ထိုင်နေတာကိုး။ ရာဘာဖိနပ်စီးထားပြီး နားရွက်ထိ အုပ်နေတဲ့ ခေါင်းစွပ်ဆွယ်တာ ဝတ်ထားတယ်။ ဘေးဘက်ကနေ အမှောင်ကို နောက်ခံထားပြီး ကြည့်ရတာ ကလေးတစ်ယောက်နဲ့တောင် တူနေတယ်။ မိန်းမတစ်ယောက်နဲ့ လည်း တူတာပဲ။ ဘေးတိုက်ကြည့်ရင် ဒီကောင့်ပုံက ခပ်ပျော့ပျော့ ခပ်နွဲ့ နွဲ့ရယ်။ ကျုပ်ခြေသံကို ကြားတော့ လှည့်ကြည့်တယ်။

ဒီကောင်မျက်နှာက တစ်ဖက်မှာ ပန်းရောင် အမာရွတ်ကြီးနဲ့။ အမာ ရွတ်ကြီးက နှုတ်ခမ်းကနေ မျက်ခုံးထိ ရောက်ကရောပဲ။ (တချို့ကတော့ ကလေးဘဝ ဆော့ကြပြုကြရင်း ရခဲ့တာတဲ့။ ဒါပေမယ့် လီယိုနီဒါစ်က အမြဲပြောတာကတော့ ဒီကောင် မွေးတဲ့နေ့မှာ ရေတွေကြီးသတဲ့။ ရေတွေ တံခါးက ဝင်လာတာကို သူ့အမေက လန့်သွားရာကနေ ဒီအမာရွတ်ကြီး ဒီကောင်ရသွားတာပဲတဲ့)။

"ငါ ခုပဲ ရောက်တာ" သူက ပြောတယ်။

"ဟိုကောင်တွေ ရော"

"လာလိမ့်မယ်၊ လမ်းမှာပဲ ရှိဦးမယ်"

ဂျပ်စတိုက ကျုပ်ကို စိုက်ကြည့်နေတယ်။ သူက ပြုံးတော့မလိုလိုပဲ။ ဒါပေမယ့် မျက်နှာပြန်တည်သွားပြီး အကြည့်ကိုလည်း လွှဲပစ်လိုက်တယ်။

"နေ့လယ်တုန်းက ဘာဖြစ်ကြတာလဲ"

သူက ပခုံးပဲ တွန့်ပြတယ်။ ဘာမှန်းမသိတဲ့ အမူအရာမျိုး လုပ်ပြ တယ်။

"ငါတို့ ဆန်းကင်းကာ့ထ်မှာ သွားဆုံမိတယ်၊ ငါ တစ်ခုခုသောက် မလို့ ဝင်သွားတာ၊ အဲဒီမှာ ငကျိုးနဲ့ သူ့ကောင်တွေနဲ့ တန်းတိုးတာပဲ၊

တရားဟောဆရာသာ ကြားမဝင်ခဲ့ရင် ဒီကောင်တွေ အဲဒီမှာတင် ငါ့ကို လည်လှီးလောက်တယ်၊ ငါ့ကို ခွေးတွေလို ဝိုင်းဆွဲကြတာ၊ ခွေးရူးတွေကျ နေတာပဲ၊ တရားဟောဆရာက ငါတို့ကို လူချင်းခွဲလိုက်တယ်''

''မင်းက ယောက်ျားလား'' ဆိုပြီး

ငကျိုးက အော်တယ်။

''မင်းထက်တောင် ပိုသေးတယ်''

ဂျပ်စတိုက ပြန်အော်တယ်။

''တိတ်ကြစမ်း၊ တိရစ္ဆာန်ကောင်တွေ'' တရားဟောဆရာက ပြောတယ်။

'' ဖောင်ကြီး ပေါ်မှာ ဒီည တွေ့မယ်''

ငကျိုးက အော်ပြောတယ်။

''အေး… တွေ့မယ်''

ဂျပ်စတိုက ပြန်ပြောလိုက်တယ်။

''အဲဒါပဲ''

ရေးဗားဘားမှာတောင် လူတော်တော် ရှင်းလာနေပြီ။ ဘားမှာ လူနည်းနည်း ရှိနေသေးပေမယ့် အပြင်ဝိုင်းမှာတော့ ကျုပ်တို့ပဲ ကျန်တော့တယ်။

''ငါ ဒီဟာ ယူလာတယ်''

ကျုပ်က ပြောလိုက်တယ်။ လက်ကိုင်ပဝါကိုထုပ်ကို သူ့ကို လှမ်းပေးလိုက်တယ်။

ဂျပ်စတိုက ဓားကိုထုတ်ပြီး စိုက်ကြည့်နေတယ်။ အသွားက သူ လက်ကောက်ဝတ်ကနေ လက်ဖျားလောက်ထိ ရှိမယ်။ သူ အိတ်ထဲက နောက်တစ်ချောင်းထုတ်ပြီး ဓားနှစ်ချောင်းကို ယှဉ်ကြည့်နေတယ်။

''တူတူလောက်ပဲကွ'' သူက ပြောတယ်။

''ငါ့ဟာပဲ ငါ ကိုင်တော့မယ်''

သူက ဘီယာ ထပ်မှာတယ်။ ကျုပ်တို့လည်း ဘာမှ ထပ်မပြောဘဲ သောက်လိုက် စီးကရက်ဖွာလိုက် လုပ်နေကြတယ်။

''ဘယ်နှစ်နာရီ ထိုးကုန်ပြီလဲ မသိဘူး''

ဂျပ်စတိုက ပြောတယ်။

"ဆယ်နာရီတော့ ကျော်လောက်ပြီ၊ ငါတို့ လစ်ရအောင်"

တံတားထိပ်နားမှာ ဘရီဆီနိုနဲ့တွေ့တယ်။

ပြီးတော့ လီယွန်။ သူတို့ ဂျပ်စတိုကို လက်ဆွဲပြီး နှုတ်ဆက်ကြတယ်။

"ဟော့ကောင် ကြည့်စမ်း"

လီယွန်က ပြောတယ်။

"မင်း ဒီကောင့်ကို တစ်စစီ ဆုပ်ပစ်လိုက်စမ်းကွာ"

"ပြောနေစရာတောင် မလိုပါဘူးကွာ"

ဘရီဆီနိုက ဆိုတယ်။

"ငကျိုးက မင်းကို ထိလို့တောင် ရမှာမဟုတ်ဘူး"

နှစ်ယောက်စလုံး စောစောက တွေ့တုန်းက အဝတ်အစားနဲ့ပဲ။ ဂျပ်စတို ရှေ့ရောက်ရင် ပေါ့ပေါ့ပါးပါး နေပြမယ်။ ယုံကြည်ကြောင်း ပြကြမယ်ဆိုပြီး ကြိုညှိထားကြပုံလည်း ရတယ်။

"ဒီဘက်က ဆင်းကြရအောင်" လီယွန်က ပြောတယ်။

"ပိုနီးတယ်ကွ"

"မဆင်းနဲ့ကွ" ဂျပ်စတိုက ပြောလိုက်တယ်။

"ဟိုဘက်က ပတ်သွားမယ်၊ ခုနေ ငါခြေတွေ ဘာတွေ ကျိုးသွားလို့ မဖြစ်ဘူး"

ဒီလိုပြောရတာ ရယ်စရာကောင်းတယ်။ ဘာဖြစ်လို့ဆို တံတားသံဘောင်တွေကို တွယ်ပြီး မြစ်ကမ်းပါးပေါ် ကျုပ်တို့ ဆင်းနေကြမို့လို့ပဲ။ ကျုပ်တို့ လမ်းအတိုင်း တစ်ဘလောက်လောက် ပြန်လျှောက်ရတယ်။ ပြီးတော့ ညာကွေ့၊ နောက်ထပ် နည်းနည်းလောက် ဘာမှမပြောဘဲ ဆက်လျှောက်ကြတယ်။ မြစ်ကမ်းဘက်ကို ဆင်းတဲ့ လမ်းကျဉ်းလေးအတိုင်း လာခဲ့ကြတယ်။

ဘရီဆီနိုက ခလုတ်တိုက်သွားလို့ ဆဲနေသေးတယ်။ သဲက ခပ်နွေးနွေးရယ်။ ဝွမ်းပင်လယ်ပေါ် ဖြတ်လျှောက်နေရသလိုပဲ ကျုပ်တို့ ခြေဖဝါးတွေ နစ်နစ်သွားတယ်။

လီယွန်က ကောင်းကင်ကို မော့ကြည့်နေတယ်။

"တိမ်တွေ အများကြီးပဲ" သူက ပြောလိုက်တယ်။

"ဒီညတော့ လရောင်ရဖို့ သိပ်မရှိဘူး"

"ငါတို့ မီးပုံ ဖိုလိုက်မယ်လေ" ဂျပ်စတိုက ပြောတယ်။

"မင်း ရှုးများနေသလား"

ကျုပ်က ပြောလိုက်တယ်။

"ရဲတွေ လာစေချင်တာလား"

"လုပ်လို့ ရပါတယ်ကွာ"

ဘရိုဆီနိုက မရေမရာ ပြောတယ်။

"မနက်ဖြန် ရွှေ့လိုက်၊ သူတို့ အမှောင်ထဲမှာ ချလို့တော့ ဘယ်ရမလဲ"

ဘယ်သူမှ ပြန်မပြောတော့ ဘရိုဆီနိုလည်း ဆက်မပြောတော့ဘူး။

"ရှေ့မှာ ဖောင်ကြီး ရောက်ပြီ"

လီယွန်က ပြောလိုက်တယ်။

ဘယ်တုန်းကတည်းကလဲ ဘယ်သူမှ မသိကြတော့တဲ့ အချိန်ထဲက ကာရှော့ဘ်ပင်ကြီးတစ်ပင်က မြစ်ပေါ်ကို လဲကျနေတယ်။ အပင်ကြီးက ကြီးလွန်းတော့ ရေမရှိတဲ့ မြစ်ထဲမှာ လေးပုံတစ်ပုံလောက်ကို နေရာယူထားတာ။ အပင်ကြီးက ကြီးလွန်းတော့ ရေရှိတဲ့ အချိန်တုန်းကလည်း ရေစီးနဲ့ ပါမသွားဘူး။ နည်းနည်းချင်းတော့ ရွှေ့တယ်။ အဲလိုနဲ့ "ဖောင်ကြီး" ဟာ မြို့ကနေ တစ်နှစ်ကို နည်းနည်း နည်းနည်းချင်းတော့ ဝေးသွားနေတယ်။ အဲဒါကြီးကို "ဖောင်ကြီး" လို့ ဘယ်သူက နာမည်ပေးခဲ့မှန်းတော့ မသိဘူး။ ဒါပေမယ့် လူတိုင်းက အဲလိုပဲ ခေါ်နေကြတယ်။

"ဟိုကောင်တွေ ရောက်နေပြီကွ"

လီယွန်က ပြောလိုက်တယ်။

"ဖောင်ကြီး" ကနေ ငါးကိုက်လောက်အကွာမှာ ကျုပ်တို့ ရပ်လိုက်တယ်။ ညဘက် ခပ်မှောင်မှောင်ဆိုတော့ ကျုပ်တို့ကို စောင့်နေတာ ဘယ်သူ ဘယ်ဝါတွေရယ်လို့တော့ သေချာမမြင်ရဘူး။ လူရိပ်တွေသာ တွေ့နေရတာ။ ကျုပ်ရေကြည့်တယ်။ အားလုံးငါးယောက်ရှိတယ်။ ဒါပေမယ့် ဘယ်ဟာက ကျေးရယ်လို့တော့ မပြောနိုင်ဘူး။

"မင်းသွားကြည့်"

ဂျပ်စတိုက ပြောတယ်။

ကျုပ်လည်း အပင်ကြီးနားကို ကပ်သွားလိုက်တယ်။ ခပ်ခပ်အေးပဲ ဆိုတဲ့ ပုံမျိုးတော့ ဖမ်းထားရတယ်။

"ရပ်လိုက်" တစ်ယောက်ယောက်က အော်လိုက်တယ်။

"ဘယ်သူလဲ"

"ဂျူလီယန်ဟေ့..."

ကျုပ်က ပြန်အော်လိုက်တယ်။

"ဂျူလီယန်ဟူအာတက်စ်၊ မင်းတို့ ကန်းနေတာလား"

ခပ်သေးသေးတစ်ယောက် ထွက်လာတယ်။ အဲဒါ ချာလူပက်စ်ပဲ။

"ငါတို့က ပြန်တောင်လစ်တော့မလို့" သူက ပြောတယ်။

"ဂျပ်စတိုတော့ ရဲဆီသွားပြီး သူ့ကို ကယ်ပါဦး ဆိုပြီး ပြောနေလောက်ပြီလို့ ငါတို့က တွက်ထားတာ"

"ယောက်ျားချင်းပဲ ပြောမယ်ဟေ့"

ဒီကောင့်ကို ဘာမှမပြောဘဲ သူတို့အုပ်စုဆီ ကျုပ်က လှမ်းအော်လိုက်တယ်။

"ဒီဂျပုနဲ့ မပြောချင်ဘူး"

"မင်းက တကယ် သတ္တိရှိလို့လား"

ချားလူပက်စ်က မေးလိုက်တယ်။ စိတ်တိုတဲ့ လေသံနဲ့။

"တိတ်ကြစမ်း..."

ငကျိုးက အော်လိုက်တယ်။ သူတို့တစ်ဖွဲ့လုံး ရှေ့တိုးလာတယ်။ ငကျိုးက ကျုပ်နားကို ကပ်လာတယ်။ ဒီကောင်က မြင့်တယ်။ ကျန်တဲ့ အားလုံးထက် မြင့်တယ်။

အမှောင်ထဲမှာ မြင်တော့မမြင်ရဘူး။ ဒါပေမယ့် ဝက်ခြံထူလဗျစ်နဲ့ မျက်နှာ၊ သူ့ရဲ့ အရေပြား၊ သံလွင်ဆီ လိမ်းထားမှာ၊ မုတ်ဆိတ်မွေးမရှိဘဲ ပြောင်ချော်ချော်ဖြစ်နေမှာ၊ မျက်လုံးထဲက အစက်တွေ၊ လက်ချောင်းလောက်ထူတဲ့ နှုတ်ခမ်းတွေ၊ ပုတ်သင်လို ခပ်တွဲတွဲကျနေတဲ့ ပါးတွေ၊ အားလုံးကို

မြင်ယောင် နေတယ်။ ငကျိုးရဲ့ ဘယ်ခြေထောက်က မသန်ဘူး။ လူတွေ ပြောတာက အဲဒီခြေဖဝါးမှာ ကြက်ခြေခတ် အမာရွတ်ကြီး ရှိသတဲ့။ သူ အိပ်နေတုန်း ဝက်ကိုက်သွားလို့ အဲဒါကြီး ကျန်ခဲ့တာဆိုပဲ။ တကယ်က အမာရွတ်ကိုဖြင့် ဘယ်သူမှ မြင်ဖူးတာ မဟုတ်ဘူး။

"မင်းက လီယိုနီဒါ့စ်ကို ဘာကြောင့်ခေါ်လာတာလဲ"

ငကျိုးက လေသံအက်အက်နဲ့ မေးတယ်။

"လီယိုနီဒါ့စ်ကို…၊ ဘယ်သူက လီယိုနီဒါ့စ်ကို ခေါ်လာလို့လဲ"

ငကျိုးက ဒေါ်ဘက်ကို လက်ညှိုးထိုးရင်း မေးတယ်။ အဘိုးကြီးက ခပ်လှမ်းလှမ်းမှာ ရောက်နေတယ်။ သူ့နှာမည်ပြောသံကြားတော့ ရှေ့ကို တိုးလာတယ်။

"ငါလား" အဘိုးကြီးက ငကျိုးကို စိုက်ကြည့်ရင်း ပြောတယ်။

"ငါက သူတို့ခေါ်မှ လာရမှာလား၊ ငါ့ခြေထောက်နဲ့ ငါလာတာ ပေါ့ကွ၊ ငါလာချင်လို့ ငါလာတာ၊ မင်းက မချချင်လို့ ဆင်ခြေရှာနေတာ လား"

ငကျိုးက ဘာမှပြန်မပြောနိုင်ဘဲ ခဏတန့်သွားတယ်။ ဒီကောင် အဘိုးကြီးကို တစ်ခုခု လုပ်လိုက်မလားတောင် ကျုပ် ထင်လိုက်မိတယ်။ ကျုပ်လက်ကိုလည်း နောက်အိတ်ထဲ အသင့် ထည့်ထားလိုက်တယ်။

"ခင်ဗျား ဝင်မပါစမ်းပါနဲ့ဗျာ" ငကျိုးက ကောင်းကောင်းမွန်မွန်ပဲ ပြောတယ်။

"ကျုပ်က ခင်ဗျားနဲ့တော့ မချချင်ဘူး"

"ငါ့ကို သိပ်အိုနေပြီလို့တော့ မထင်နဲ့" လီယိုနီဒါ့စ်က ပြေတယ်။

"ငါကြုံခဲ့ရတာတွေ မင်းထက်များတယ်၊ ပိုပြီးများတယ် ဟော့ ကောင်ရ"

"ဟုတ်ပါပြီ အဘရယ်…"

ငကျိုးက ပြန်ပြောတယ်။ "ခင်ဗျား ပြောတာလည်း ယုံတယ်"

သူက ကျုပ်ဘက် လှည့်ပြီး ပြောတယ်။

"မင်းတို့က အဆင်သင့်ပဲလား"

"အသင့်ပဲ၊ မင်းဘော်ဒါတွေ ဝင်မပါအောင်သာ ပြောထား၊ ပါရင်

တော့ နာပြီသာမှတ်"

ငကြိုးက ရယ်တယ်။

"ငါ အကူမလိုတတ်ဘူးဆိုတာ မင်း သိပါတယ်၊ ဒီနေ့အတွက်ဆိုရင်တော့ ပြောမနေနဲ့တော့။ ပူမနေနဲ့"

ငကြိုးတို့အဖွဲ့ထဲက တစ်ကောင်ကလည်း ရယ်တယ်။ ငကြိုးက ကျုပ်ကို တစ်ခုခု လှမ်းပေးတယ်။ ကျုပ် လှမ်းယူလိုက်တယ်။ သူ ဓားကို အသွားက ကိုင်မိရက်သား ဖြစ်သွားတယ်။ကျုပ်လက် နည်းနည်းရှသွားပြီး ဆတ်ခနဲ ဖြစ်သွားတယ်။ သတ္တုအသွားက ရေခဲလိုပဲ အေးစက်နေတယ်။

"မီးခြစ်လေး ဘာလေး မပါဘူးလား"

လီယိုနီဒါ့စ်က မီးခြစ်ဆံတစ်ခု ခြစ်လိုက်ပြီး သူ့ လက်သည်းတွေ လောင်တဲ့အထိ ကိုင်ထားတယ်။ မီးရောင်မှုန်တိမှုန်မွှားနဲ့ပဲ ဓားကို ကျုပ် သေချာ စစ်တယ်။ အရှည်နဲ့ဖြက်ကို တိုင်းတယ်။

"ရပြီ"

ကျုပ်က ပြောလိုက်တယ်။

"ချန်ဂါ"

ငကြိုးက လှမ်းခိုင်းလိုက်တယ်။

"သူနဲ့လိုက်သွား"

ချန်ဂါက လီယိုနီဒါ့စ်နဲ့ ကျုပ်တို့ နှစ်ယောက်ကြားကနေ လိုက်လာတယ်။ ကျန်တဲ့သူတွေဆီရောက်တော့ ဘရီဆီနီက ဆေးလိပ်သောက်နေတယ်။ ဒီကောင် ဆေးလိပ်ကို ရှိုက်လိုက်တိုင်း ရဲတက်လာတဲ့ မီးရောင်နဲ့ ဂျပ်စတိုရဲ့ မျက်နှာကို တစ်ချက်တစ်ချက် လှမ်းမြင်နေရတယ်။ မျက်နှာကတော့ မျက်နှာသေသေပဲ၊ နှုတ်ခမ်းကိုဖြင့် တင်းတင်းစေ့ထားလေရဲ့…။

လီယွန်ကတော့ တစ်ခုခုကို ဝါးနေတယ်။ မြက်ပင်တစ်ပင်ကို ကိုက်နေတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒီကောင်ရော ဘရီဆီနီပါ ချွေးပြန်နေတယ်။

"ခင်ဗျားကို လာလို့ရတယ်လို့ ဘယ်သူကပြောလဲ"

ဂျပ်စတိုက ခပ်မာမာပဲ မေးတယ်။

"ဘယ်သူ့မှ မပြောပါဘူးကွ"

လီယိုနီဒါ့စ်က အကျယ်ကြီး ပြန်ပြောတယ်။

"ငါလာချင်လို့ လာတာ၊ ငါက မင်းကို ရှင်းပြရဦးမှာလား"

ဂျပ်စတိုက ဘာမှပြန်မပြောဘူး။ ကျုပ်က သူ့ကို ချန်ဂါဆီ ညွှန်ပြတယ်။ ဟိုကောင်က နောက်နားမှာ ချန့်နေခဲ့တာ။ ဂျပ်စတိုက သူ့ဓားကို ထုတ်ပြီး ပစ်ပေးလိုက်တယ်။ ဓားက ချန်ဂါရဲ့နားမှာ သွားကျတော့ ဟိုကောင်က တွန့်ခနဲ ဖြစ်သွားတယ်။

"ဆောရီး"

ကျုပ်က ပြောလိုက်တယ်။

ဓားကို သဲပေါ်လိုက်စမ်းရတယ်။

"ငါ့ဆီကနေ လွတ်သွားတယ်၊ ဒီမှာ ရပြီ"

ကျုပ်လုပ်သလို ဒီကောင်လည်း မီးခြစ်ဆံက မီးရောင်နဲ့ ဓားကို စမ်းကြည့်တယ်။ ပြီးတော့ ဘာမှမပြောဘဲ ကျုပ်တို့ကို ပြန်ပေးပြီး 'ဖောင်ကြီး' ဘက်ကို ခြေလှမ်းကျဲကျဲနဲ့ ပြန်ထွက်သွားလေရဲ့…။ ခဏလောက် ကျုပ်တို့ ငြိမ်နေကြတယ်။ လေထဲမှာ အနီးအနားမှာ ဝါခင်းတွေရဲ့ အနံ့ကို ရနေတယ်။ မြစ်ရဲ့ တစ်ဖက်တစ်ချက်မှာ မြို့ရဲ့မီးရောင်တွေကို တလက်လက် မြင်နေရတယ်။ တိတ်တာကဖြင့် အတော့်ကို တိတ်နေတာ။ တစ်ချက်တစ်ချက်တော့ ခွေးဟောင်သံဖြစ်ဖြစ် မြင်းဟီးသံဖြစ်ဖြစ် ထွက်ထွက်လာတယ်။

"ရယ်ဒီပဲလားဟေ့"

ဟိုဘက်တစ်ယောက်က လှမ်းအော် မေးတယ်။

"ရယ်ဒီပဲ"

ကျုပ်က ပြန်အော်လိုက်တယ်။

"ဖောင်ကြီး"နားက အုပ်စုထဲမှာ တိုးတိုး တိုးတိုးနဲ့ ပြောနေကြတယ်။ နောက်တော့ ထော့နဲ့ထော့နဲ့ ဖြစ်နေတဲ့ တစ်ယောက်က နှစ်ဖက်အမှတ်အသား လုပ်ထားတဲ့နေရာကို လျှောက်လာတယ်။ ငကျိုးက မြေကြီးကို ခြေထောက်နဲ့ လိုက်စမ်းနေတာ တွေ့ရတယ်။ ကျောက်ခဲတွေ တွင်းတွေ ရှိသလားပေါ့။ ဂျပ်စတိုကို ကျုပ်လှမ်းကြည့်လိုက်တယ်။ လီယွန်နဲ့ဘာရီဆီနီက သူ့ပခုံးပေါ် လက်တွေ တင်ထားကြတယ်။ ဂျပ်စတိုက သူတို့ဆီကနေ မြန်မြန်ပဲ လျှောက်ထွက်သွားတယ်။ ကျုပ်အနားရောက်တော့ ကျုပ်ကိုတောင်

ပြုံးပြသေးတယ်။ သူ ဆက်သွားမယ်လုပ်တုန်း လီယိုနီဒါ့စ်က ခုန်ထွက်ပြီး သူ့ကို ဖမ်းဆွဲတယ်။ အဘိုးကြီးက သူကျောမှာ သိုင်းထားတဲ့ ပွန်ချို့ကို ချွတ်လိုက်တယ်။ သူက ကျူပ်ဘေးနားတင် ရပ်နေတာ။

"သူ့ကို တစ်စက္ကန့်တောင် အနားကပ်ဖို့ အခွင့်အရေး မပေးလိုက်နဲ့"

အဘိုးကြီးက ခပ်ဖြည်းဖြည်း ပြောတယ်။ သူ့အသံက နည်းနည်းတော့ တုန်နေသလိုပဲ။

"ခပ်ခွာခွာနေ၊ သူ့ကို မောလာအောင်လုပ်၊ မင်းဗိုက်နဲ့မျက်နှာကို ကာထား၊ လက်ကို တောက်လျှောက်မြှောက်ထား။ ကိုယ်ကို ကိုင်းထား၊ ခြေလည်း မြဲပစေ၊ လဲသွားရင်လည်း သူ မကပ်နိုင်အောင် ကန်သာကန်နေ၊ အေး... အေး... သွားတော့၊ ယောကျ်ားပီပီ ချပစ်လိုက်စမ်းကွာ..."

လီယိုနီဒါ့စ် ပြောတာတွေကို ဂျပ်စတိုက ခေါင်း အသာငုံ့ပြီး နားထောင်နေတယ်။ ဖက်ပြီး နှုတ်ဆက်ကြမယ်လို့ ထင်လိုက်မိပေမယ့် ဘာမှန်းမသိတဲ့ အမူအရာတစ်ခုခုပဲ လုပ်ပြတယ်။ အဘိုးကြီးလက်ထဲ ပွန်ချိုယူပြီး လက်မှာ ပတ်သွားတယ်။ သဲပေါ်မှာ ခြေလှမ်းမှန်မှန်နဲ့ လျှောက်သွားတယ်။ သူ့ခေါင်းကိုလည်း မတ်ထားတယ်။

သူ ကျူပ်တို့ဆီကနေ ဝေးသွားတာနဲ့ သူ့ ညာလက်ထဲက သတ္တုထည်က အလင်းပြန်ပြီး လက်နေတာ တွေ့ကြရတယ်။ ဂျပ်စတိုက ငကျိုးနဲ့ နှစ်ကိုက်လောက် အကွာမှာ ရပ်လိုက်တယ်။

စက္ကန့်ပိုင်းလောက်တော့ သူတို့ ငြိမ်နေသေးတယ်။ သူတို့ မျက်လုံးထဲကို ကြည့်ခွင့်ရရင် တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်မုန်းတီးသလဲဆိုတာ တွေ့ကြရမှာပဲ။

သူတို့ တစ်ယောက်နဲ့တစ်ယောက် မျက်ခြည်မပြတ် ကြည့်နေကြတယ်။ အင်္ကျီအောက်မှာ ကြွက်သားတွေလည်း တောင့်တင်းလို့။ ညာဘက်လက်က ဓားကို ကျိုးကြေလုမတတ် ဆုပ်ထားကြတယ်။ ခပ်လှမ်းလှမ်းကလည်းဖြစ်နေ နည်းနည်းလည်း မှောင်နေတော့ သူတို့နှစ်ယောက် ကြည့်ရတာ တိုက်ခိုက်ကြမယ့် လူနှစ်ယောက်နဲ့ မတူဘူး။ အမည်းရောင်အရာတစ်ခုခုနဲ့ ထုထားတဲ့ ရုပ်တုနှစ်ခုလိုလို မြစ်ပြင်ပေါ် ပေါက်နေတဲ့ ကာရှောဘ်ပင် နှစ်ပင်လိုလိုက သဲပေါ်မှာ မဟုတ်ဘဲ လေထဲမှာ အရိပ်လာထင်နေသလို ဖြစ်နေတယ်။

တစ်ခုခုက ရုတ်တရက် အမိန့်ပေးလိုက်သလိုပဲ သူတို့ တစ်ပြိုင်နက် စပြီး လှုပ်ရှားလိုက်ကြတယ်။ ဂျပ်စတိုက အရင်စတာ၊ ဟိုကောင်က နောက်မှ။ နေရာမှ ရပ်နေရင်းကနေ ဂျပ်စတိုက ဒူးကနေ ပခုံးထိ လှုပ်နေတယ်။ ကျေးကလည်း လိုက်လှုပ်တယ်။ သူ့ခြေထောက်တွေကိုတော့ ကားမထားဘူး။ နှစ်ယောက်စလုံးရဲ့ ကိုယ်ဟန်က တူတူ ဖြစ်နေတယ်။ ညာလက်ကို ရှေ့ထုတ်ပြီး ရှေ့နည်းနည်း ကိုင်းလိုက်တယ်။ တံတောင်ဆစ်ကို အပြင်ဘက်ကို ကားထားတယ်။ လက်တွေကတော့ ရန်သူ့ရဲ့ အလယ်ပိုင်းဆီ ချိန်ရွယ်ထားကြတယ်။ ဘယ်လက်က ပုံမကျ ပန်းမကျတော့ ဖြစ်နေတယ်။ ပွန်ချိုနဲ့ပတ်ပြီး မျက်နှာရှေ့မှာ ဒိုင်းလို ကာထားတယ်။

စစချင်းတော့ သူတို့ကိုယ်ခန္ဓာတွေပဲ လှုပ်နေကြတယ်။ သူတို့ခေါင်းတွေ၊ ခြေထောက်တွေနဲ့ လက်တွေကတော့ မလှုပ်မယှက်ပဲ။ မသိမသာလေးတွေ အရှေ့ကို ကိုင်းလာကြတယ်။ ခါးကိုကိုင်းထားရင်းနဲ့ ခြေထောက်တွေက ရေထဲကို ဒိုင်ဗင်ထိုးမယ့်ပုံမျိုး ဖြစ်လာတယ်။ ကျေးက စပြီး ချတယ်။ ရှေ့ကို ခုန်တက်ပြီး လက်ကို စက်ဝိုင်းပုံ ဝှေ့ယမ်းလိုက်တယ်။ ဂျပ်စတိုကို ထိတော့ မထိဘူး။ ဂျပ်စတိုက ခပ်သွက်သွက်ပဲ ရှောင်လိုက်တယ်။ သူကာထားတာကို မချလိုက်ဘဲ ဟိုကောင်ကို ပတ်ချာလည် လှည့်နေတယ်။ သဲပေါ်မှာ အသာရွှေ့နေတယ်။ ရွှေ့နေတာ ပိုပိုပြီးတော့ဖြင့် မြန်လာနေကြတယ်။

ကျေးက သူ့နေရာကနေပဲ လှည့်နေတယ်။ ရှေ့ကို ထပ်ကိုင်းလိုက်တယ်။ သူ့ရန်သူ ရွှေ့တဲ့အတိုင်း သူ့ကိုယ်ကိုလိုက်ပြီး လှည့်နေတယ်။ မျက်လုံးကလည်း စိတ်ညို့ခံရတဲ့လူလို မပြတ်လိုက်ကြည့်နေတယ်။

ဘယ်သူမှ မထင်တဲ့ပုံနဲ့ ဂျပ်စတိုက မတ်မတ်ရပ်လိုက်တယ်။ ဟိုကောင့်ကိုယ်ပေါ်ကို တစ်ကိုယ်လုံး ပစ်ထည့်ပြီး ခုန်ဝင်လိုက်တယ်။ ပြီးတော့ စက္ကန့်ပိုင်းလောက်နဲ့ သူ့နေရာသူ ပြန်ယူလိုက်တယ်။

"ဟော့…"

ဘရီဆီနီက တိုးတိုးပြောတယ်။

"ဟိုကောင့်ကို ထိုးလိုက်ပြီ"

"ပခုံးပဲ ထိတယ်"

လီယိုနီဒါ့စ်က ပြောတယ်။

"ဒါပေမယ့် ထိရုံလေးကွ"

ကျေးက အသံတောင်မထွက်ဘဲ သူ့နေရာမှာသူ ငြိမ်ငြိမ်လေး လှည့်နေတယ်။ ဂျပ်စတိုကလည်း ကျေးကို ပတ်ချာလည် မလှည့်တော့ဘဲ ရှေ့တိုးနောက်ဆုတ် လုပ်နေတယ်။ သူ့ရဲ့ ပွန်ချိုကို ယမ်းနေတယ်။ အဲဒါကို နည်းနည်းချလိုက်ပြီး ကာတော့ဆက်ကာထားတယ်။ သူ့ရဲ့ကိုယ်ကို ကိုင်းလိုက် ဆုတ်လိုက် လုပ်နေတယ်။ စိတ်ပါနေတဲ့ မိန်းမတစ်ယောက်လိုမျိုး သူ့ရန်သူကို လမ်းဖွင့်ပေးလိုက် ပြန်ကာထားလိုက် လုပ်နေတယ်။ ဒီကောင့်ကြည့်ရတာ ဟိုကောင့်ကို အာရုံထွေပြားအောင် လုပ်ချင်ပုံပဲ။ ဒါပေမယ့် ကျေးက ရင့်လည်းရင့် နပ်လည်းနပ်တယ်လေ။ ဂျပ်စတို ပတ်ချာလည်လှည့်နေတဲ့ ထဲကနေ ရှောင်ထွက်သွားတယ်။

အဲဒီတော့ ဂျပ်စတိုက ဒီကောင့်နောက် လိုက်နေသလို ဖြစ်သွားတာပေါ့။ ဂျပ်စတိုက အရှေ့ကို ကိုင်းပြီး ခြေလှမ်းသွက်သွက်နဲ့ လိုက်နေတယ်။ မျက်နှာကိုတော့ လက်ပေါ်က ပွန်ချိုနဲ့ ကွယ်ထားတယ်။ ကျေးက အသာ နောက်ဆုတ်သွားတယ်။ ခြေကို ရုပ်တိုက်သွားတယ်။ ကိုယ်ကို ငုံ့လိုက်တာ ဒူးနဲ့ သဲနဲ့တောင် ထိမတတ်ဘဲ။ ဂျပ်စတိုက လက်ကိုဆန့်ပြီး နှစ်ချက်လှမ်း ထိုးလိုက်တယ်။ နှစ်ချက်လုံး လေကိုချည်း ထိုးမိတယ်။

"သိပ်မကပ်ရဘူးကွ"

လီယိုနီဒါ့စ်က ကျုပ်ကြားရုံလောက် ခပ်တိုးတိုး ပြောတယ်။ အဲဒီအခိုက်မှာပဲ ခုနက ပိုးတောင့်မာလို ဝပ်နေတဲ့ ခပ်ထွားထွား ထော့ကျိုးထော့ကျိုး သဏ္ဌာန်ဟာ ရုတ်တရက် သူ့ ပုံမှန်အရွယ်အတိုင်း ပြန်ပြီး မားမားမတ်မတ် ဖြစ်လာလို့ ဂျပ်စတိုလည်း ကျုပ်တို့ မြင်ကွင်းကနေ ကွယ်သွားတယ်။ ကျုပ်တို့အားလုံး သုံးလေးစက္ကန့်လောက် အသက်တောင် မရှူနိုင်ဘူး ဖြစ်သွားတယ်။ စိန်ခေါ်ပွဲစကတည်းက ပထမဆုံးအကြိမ်အနေနဲ့ လေတက်ရင် ထွက်တဲ့အသံမျိုးတစ်သံ ဖျတ်ခနဲ ကြားလိုက်ရတယ်။

ခဏနေတော့ ပိုကြီးတဲ့ အရိပ်ရဲ့ဘေးမှာ နောက်အရိပ်တစ်ခု ဖျတ်ခနဲ ပေါ်လာတယ်။ ပိုသေးပေမယ့် ပိုခန့်ညားတဲ့အရိပ်ပေါ့။ ဒီအရိပ်က သူတို့ နှစ်ယောက်ကြားမှာ မမြင်ရတဲ့ နံရံတစ်ခု ရှိနေသလိုမျိုး နောက်ကို နှစ်ခုန်

လောက် ဆုတ်သွားတယ်။ ဒီတစ်ကြိမ်မှာတော့ ငကျိုးက စပြီး လှုပ်ရှားတယ်။ သူ့ညာဘက်ခြေထောက်ပေါ်ကို အားစိုက်ပြီး ဘယ်ဘက်ခြေထောက်ကို ရွှေ့လိုက်တယ်။ ကျုပ်လည်း မျက်စိကို အတင်းပြူးပြဲပြီး အမှောင်ထဲကို ကြည့်ရတယ်။ ဒီရန်သူနှစ်ယောက်ဟာ ချစ်သူတွေလို လုံးခနဲ ဖြစ်သွားတဲ့ အချိန်မှာ ဂျပ်စတိုရဲ့ အရေပြားပေါ် ဘာဖြစ်သွားသလဲသိရအောင်လို့ပေါ့။

"လူချင်းခွာလိုက်ဟေ့…"

လီယိုနီဒါ့စ်က ခပ်ဖြည်းဖြည်း ပြောလိုက်တယ်။

"မင်း ဘာလို့ ဒီလောက် အနီးကပ်ပြီး ချနေရတာလဲ"

အဲ့ဩစရာကောင်းလောက်အောင်ပဲ။ တိုက်နေတဲ့ လေက အဘိုးကြီးပြောနေတာကို ဂျပ်စတိုဆီ သယ်ပေးသွားသလိုမျိုး ဂျပ်စတိုကလည်း ငကျိုးလိုပဲ ခုန်ဆွ ခုန်ဆွ ဖြစ်လာတယ်။

တစ်ယောက်နှင့်တစ်ယောက် အလစ်မပေးဘဲနေရာက နှစ်ယောက်လုံး ခံစစ်ပုံကနေ တိုက်စစ်ပုံ ပြောင်းလိုက်ကြတယ်။ တစ်ခါ လျှပ်လက်သလို ခံစစ်ပုံ ပြန်နေရာယူနေကြတယ်။ တစ်ယောက်နဲ့တစ်ယောက် ဖိနှိပ်လို့မရဘူး ဖြစ်နေပုံရတယ်။ အခုပဲ ကျောက်ခဲနဲ့ ပေါက်လိုက်တော့မလိုလို ဟန်ရေးပြနေကြတာက တကယ်ချဖို့ မဟုတ်ဘူး။ ရန်သူကို စိတ်ရှုပ်အောင် လုပ်ဖို့လောက်ပဲ။ သတိတစ်ချက်တလေ လွတ်သွားအောင် လုပ်ဖို့ပဲ။ တခြားတစ်ယောက်ကလည်း အလိုလို တုံ့ပြန်မှုလုပ်နေတယ်။

ကျုပ်ကတော့ သူတို့မျက်နှာတွေကို မမြင်ရဘူး။ ကျုပ်မျက်လုံးကို ပိတ်ထားလိုက်မိတယ်။ သူတို့ကို စိတ်ထဲကနေ မြင်ယောင်ကြည့်ရတာက ပိုတောင် ကောင်းနေသေးတယ်။ ငကျိုးက ချွေးတွေပြန်လို့။ နှုတ်ခမ်းကို တင်းတင်းစေ့ထားတယ်။ သူ့ရဲ့ ဝက်မျက်လုံးတွေက အရောင်တောက်နေတယ်။ သူ့အရေပြားတောင် တုန်နေမယ်။ သူ့နှာခေါင်းပြားပြားရဲ့ ထိပ်နှစ်ဖက်ရော နှုတ်ခမ်းကွဲနေတဲ့နေရာပါ မသိမသာ တုန်နေဦးမယ်။ ဂျပ်စတိုကတော့ သူ့ရဲ့ ပုံမှန်သရော်မော်ကား မျက်နှာပေါ် ဒေါသတွေ လွှမ်းနေလိမ့်မယ်။ စိတ်တိုတာရော ပင်ပန်းတာရောကြောင့် နှုတ်ခမ်းတွေ စိုနေလိမ့်မယ်။ ကျုပ်မျက်လုံးကို ပြန်ဖွင့် လိုက်တဲ့ ခဏမှာပဲ ဂျပ်စတိုက ဟိုကောင့်

ဆီကို အရှူးလို ခုန်ဝင်သွားတာ တွေ့လိုက်ရတယ်။ သူ မျက်နှာရော ကိုယ်လုံးပါ အကာအကွယ်မဲ့နေတယ်။

ဒေါသနှင့် မချင့်မရဲစိတ်က သူ့ကို မြှောက်ပေးလိုက်ပုံရတယ်။ ရန်သူ့ဆီကို ဝုန်းခနဲ ဝင်ချသွားတယ်။ ရုတ်တရုတ် ဆိုတော့ ငကျိုးလည်း ကြောင်သွားပုံပဲ။ ခဏလောက်တော့ ဘာလုပ်ရမှန်းမသိ ဖြစ်သွားပုံရတယ်။ သူက အသာရှေ့ကို ကိုင်းလိုက်ပြီး သူ့လက်ကို မြားတစ်စင်းလို ဆန့်ထုတ်လိုက်တယ်။ ကျုပ်တို့ဆီကနေ မမြင်ရပေမယ့် အတွေးထဲမှာ လက်နေတဲ့ ဓားသွားကို မြင်နေမိကြတယ်။

ဂျပ်စတို့ရဲ့ အရှူးလို တိုက်ကွက်ဟာ အချည်းနှီးတော့ မဖြစ်ဘူးဆိုတာ ကျုပ်တို့ သိလိုက်ရတယ်။ ဆိုင်မိတဲ့အချိန်မှာ ချနေတဲ့ နှစ်ယောက်လုံးဆီက ထွက်လာတဲ့အော်သံက ညထဲမှာ လောရိုက်သွားတော့တယ်။ အဲဒီ ဝုန်းခနဲ ဆိုင်မိကြတဲ့ အခိုက်အတန့်ဟာ ဘယ်လောက်ကြာလိုက်သလဲဆိုတာ ကျုပ်တို့ မသိလိုက်ဘူး။ ဘယ်တော့မှလည်း သိကြတော့မှာ မဟုတ်ဘူး။ ဘယ်အရိပ်က ဘယ်သူဆိုတာ ကျုပ်တို့ ခွဲလို့မရတော့ဘူး။ ဘယ်သူ့လက်က ဘယ်သူ့ကို ထိုးနေတယ်ဆိုတာလည်း မမြင်ရတော့ဘူး။ အော်သံကြီးက ဘယ်သူ့လည်ချောင်းက ထွက်လာတာလည်း မပြောပြတတ်တော့ဘူး။

လေထဲမှာ ဓားသွားတွေ တလက်လက်ဖြစ်နေတာပဲ မြင်နေရတော့တယ်။ ဓားသွားတွေက ကောင်းကင်ဆီ မြှောက်တက်သွားလိုက်၊ အမှောင်ထဲကို နစ်ဝင်သွားလိုက်။ မြင်ရလိုက်၊ မမြင်ရလိုက်။ မျက်လှည့်ပွဲမှာလို ပေါ်လာလိုက်၊ ပျောက်သွားလိုက်။ ကျုပ်တို့လည်း ပါးစပ်တောင် ပိတ်ချင်မှ ပိတ်မိကြတော့မယ်။ အသက်လည်း ရှူချင်မှ ရှူမိကြမယ်။ မျက်လုံးတွေကတော့ ပြူးထွက်နေမယ်။ ပါးစပ်ကလည်း ဘာတွေမှန်းမသိ တတွတ်တွတ် ရွတ်လို့ပေါ့။ နောက်ဆုံးတော့ လူသားပိရမစ်ဟာ ပြိုကွဲသွားတယ်။ အလယ်ကနေ တစ်ခုခုနဲ့ ဖြတ်ချလိုက်သလို ရုတ်တရက် ဟက်တက်ကွဲသွားတယ်။ နှစ်ယောက်လုံးဟာ တစ်ခုခုက အနောက်ကနေ အားပြင်းပြင်းနဲ့ တစ်ပြိုင်တည်း ဆွဲလိုက်သလိုမျိုး နောက်ကို ပြန်ဆုတ်သွားကြတယ်။ တစ်ကိုက်လောက်ခွာပြီး ရပ်နေကြတယ်။ အသက်ကို ပြင်းပြင်းရှူနေကြတယ်။

"ဒီကောင်တွေကို ရပ်ခိုင်းရင်ကောင်းမယ်"

လီယွန်ရဲ့ အသံထွက်လာတယ်။

"ဒီလောက်ဆို တော်လောက်ပြီ"

ကျုပ်တို့ ဘာမှမလုပ်ခင်မှာပဲ ငကျိုးက ဥက္ကာပျံလို ဂျပ်စတိုဆီ ပြေးဝင်သွားတယ်။ ဂျပ်စတိုကလည်း မရှောင်ဘူး။ နှစ်ယောက်စလုံး မြေပေါ် လုံးထွေးနေတော့တယ်။ လုံးရင်းထွေးရင်း တရှုပ်ရှုပ်နဲ့ လေကို ထိုးမိတဲ့ အသံလည်း ကြားရတယ်။

အသံရှုသံပြင်းပြင်းကိုလည်း ကြားနေရတယ်။ ဒီတစ်ကြိမ်တော့ ပူးသတ်တာ ခဏလေးနဲ့ ပြီးသွားတယ်။ ခဏလောက် သူတို့ ငြိမ်နေကြ တယ်။ မြစ်ကြမ်းပြင်ပေါ်မှာ ဆန့်ဆန့်ကြီး။ အိပ်နေတာ ကျနေတာပဲ။ ကျုပ်လည်း သူတို့ဆီကို ပြေးသွားလိုက်တော့မလို့ဘဲ။ ကျုပ်စိတ်ကိုများ သိနေသလား မဆိုနိုင်ဘူး။ လဲနေတဲ့ထဲက တစ်ယောက်က ထလာတယ်။ အမူးသမားလို ဒယိမ်းဒယိုင်နဲ့။ လဲပြီးကျနေတဲ့ တစ်ယောက်ဘေးမှာ ရပ် နေတော့တယ်။ အဲဒါက ငကျိုးပဲ။

ပူးသတ်ကြတုန်းမှာ သူတို့ ပွန်ချီတွေလည်း လွင့်ကုန်ပုံရတယ်။ ခပ်လှမ်းလှမ်းက အဖုအထစ်တွေနဲ့ ကျောက်တုံးပေါ် ကျနေတာ တွေ့ရတယ်။

"သွားကြည့်ရအောင်"

လီယွန်က ပြောလိုက်တယ်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာ ကျုပ်တို့ အားလုံး မလှုပ်မယှက် ဖြစ်သွားစေမယ့် အဖြစ်က ဖြစ်လာတယ်။ အဲဒါ ကတော့ ဂျပ်စတိုက အတင်းပြန်ကုန်းထလာတာပဲ။ သူ့ညာလက်ကို အားပြု ပြီး ထောက်ထားတယ်။ နောက်လက်တစ်ဖက်က မျက်နှာကို ကာထား တယ်။ တစ်ခုခုကို မကြည့်ချင်လို့ ကာထားတဲ့ပုံမျိုးနဲ့တောင် တူနေသေး တော့။ သူ ပြန်ထလာတော့ ငကျိုးက သုံးလေးပေလောက် နောက်ဆုတ် သွားတယ်။ ဂျပ်စတိုက ယိုင်တိုင်ယိုင် ဖြစ်နေတယ်။ လက်ကို မျက်နှာရှေ့ ကနေတော့ မချဘူး။ နောက်တော့ ကျုပ်တို့ သိပြီးသား အသံတစ်သံကို ကြားရတယ်။ တကယ်တော့ အမှောင်ထဲမှာ ရုတ်တရက် ထွက်လာတာ မဟုတ်ရင် ကျုပ်တို့လည်း အဲဒီအသံကို မှတ်မိမှာ မဟုတ်ဘူး။

"ဂျူလီယန်"

ငကျိုး လှမ်းအော်တယ်။

"မင်းကောင်ကို အရှုံးပေးဖို့ ပြောလိုက်တော့"

လီယိုနီဒါ့စ်ကို ကျုပ် လှည့်ကြည့်လိုက်တယ်။ ဒါပေမယ့် လီယွန်က ကွယ်နေလို့ သူ့မျက်နှာကို မမြင်ရဘူး။ လီယွန်က အတော်ကို တုန်လှုပ်နေတဲ့ ပုံမျိုးနဲ့ ကြည့်နေတာကိုပဲ တွေ့ရတယ်။ ကျုပ်လည်း ချနေတာကို ပြန်ကြည့်လိုက်တော့ သူတို့နှစ်ယောက် လုံးခနဲ ပြန်ဖြစ်သွားပြီ။ ဂျပ်စတိုရဲ့ စကားတွေကြောင့် ဖြစ်မယ်။ ကျုပ်အကြည့်လွဲနေတဲ့ခဏမှာ သူ့မျက်နှာကို ကာထားတဲ့ လက်ကိုချပြီး ဂျပ်စတိုက သူ့ရန်သူဆီ ခုန်ဝင်လိုက်တာ ဖြစ်မယ်။ ထိထားတဲ့ကြားက နောက်ဆုံးအားကို ညှစ်ထုတ်ပြီး ခုန်ဝင်လိုက်တာပေါ့လေ။ သူ့ အရှုံးအပေါ် ခါးသီးတဲ့စိတ်နဲ့ပေါ့လေ။ ငကျိုးကတော့ ဒီစိတ်ပဲရှိပြီး အားမပါတော့တဲ့ တိုက်ခိုက်မှုကနေ နောက်ကို အသာရှောင်ထွက်သွားတယ်။

"လီယိုနီဒါ့စ်"

သူက စိတ်တိုနေတဲ့ လေသံနဲ့ ထပ်အော်တယ်။

"ဒီကောင့်ကို အရှုံးပေးခိုင်းလိုက်တော့"

"ပါးစပ်ပိတ်ပြီး ချမှသာ ချစမ်းကွာ"

လီယိုနီဒါ့စ်က ချက်ချင်း ပြန်အော်တယ်။

ဂျပ်စတိုက တစ်ချက်တော့ ထပ်ချဖို့ လုပ်သေးတယ်။ ဒါပေမယ့် ကျုပ်တို့အားလုံး အထူးသဖြင့်တော့ လီယိုနီဒါ့စ်လို အသက်ကြီးပြီး ချိန်းပွဲတွေ အများကြီး ကြည့်ခဲ့ဖူးတဲ့သူမျိုးအတွက်တော့ အခုအချိန်မှာ ဘာမှလုပ်မရတော့ဘူးဆိုတာ သိနေပြီ။ သူ့လက်က ငကျိုးရဲ့ သံလွင်ရောင် အရေပြားကို ကုတ်ခြစ်ဖို့တောင် အားမကျန်တော့ဘူး။ သူ့ရဲ့ အတွင်းထဲမှာတော့ ဒေါသစိတ်က ဆူဝေပြီး သူ့နှုတ်ခမ်းထိ လျှံကျလာတယ်။ နှုတ်ခမ်းတွေ ခြောက်သွေ့ကုန်တယ်။ ဒေါသစိတ်က မျက်လုံးတွေ ပြီးတော့ တစ်ကိုယ်လုံးကို လွှမ်းနေပုံပဲ။ ခပ်ဖြည်းဖြည်းတော့ လှုပ်ရှားနေသေးတယ်။ ကျုပ်တို့ခဏလောက် ဆက်ပြီး ကြည့်နေကြတယ်။ နောက်တော့ အဲဒီအရိပ်ဟာ မြေကြီးပေါ် တုံးခနဲ လဲကျသွားတော့တယ်။

ဂျပ်စတို လဲနေတဲ့ဆီကို ကျုပ်တို့ ရောက်သွားတော့ ငကျိုးက သူ့

လူတွေဆီ ပြန်သွားပြီ။ နောက်တော့ သူတို့ တစ်အုပ်လုံး စကားတစ်ခွန်းမှ မပြောဘဲ ထွက်သွားကြတော့တယ်။ ကျုပ်မျက်နှာကို သူ့ရင်ဘတ်ဆီ ကပ်ကြည့်လိုက်တယ်။ ကျုပ်လက်က အင်္ကျီစုတ်နေတဲ့ နေရာကနေ နိုက်ပြီး သူ့ရင်ဘတ်နဲ့ ကျောကို လိုက်စမ်းနေတုန်း ပူနွေးနွေးဟာတွေက ကျုပ်လည်ပင်းနဲ့ ပခုံးကို စိုထိုင်းသွားစေတယ်။ အဲဒီဟာတွေက ကုန်းပေါ်လာတင်နေတဲ့ ဂျယ်လီငါးတစ်ကောင်ရဲ့ စိုတိုတို အေးစက်စက် အသေကောင်ပေါ်ကိုတောင် ပွက်ခနဲ ပွက်ခနဲ သွားကျနေတယ်။ ဘရီဆီနိုနဲ့ လီယွန်က သူတို့ ဂျာကင်အင်္ကျီတွေကို ချွတ်လိုက်ကြတယ်။ သူ့ကို သေချာပတ်ပေးပြီး ခြေနဲ့လက်ကနေ မကြတယ်။

လီယိုနီဒါ့စ်ရဲ့ ပွန်ချိုကို လိုက်ရှာကြည့်တော့ ခပ်လှမ်းလှမ်းမှာ ကျနေတာ တွေ့ရတယ်။ သူ့ မျက်နှာကို မကြည့်ဘဲ လက်နဲ့ပဲ စမ်းပြီး မျက်နှာကို အုပ်ပေးလိုက်တယ်။ လေးယောက်သား သူ့ကို ပခုံးပေါ်မတင်ပြီး အခေါင်းလိုပဲ ထမ်းလာခဲ့ကြတယ်။ ခြေလှမ်းညီညီလှမ်းရင်း မြစ်ကမ်းကနေ အပေါ်ပြန်တက်တဲ့အတိုင်း မြို့ဘက်ကို ဦးတည်ပြီး လျှောက်ခဲ့ကြတယ်။

"မငိုပါနဲ့ အဘိုးကြီးရေ"

လီယွန်က ပြောလိုက်တယ်။

"ခင်ဗျား သားလောက် သတ္တိကောင်းတဲ့သူ ကျွန်တော်ဖြင့် မတွေ့ဖူးဘူး၊ တကယ်ပြောတာ"

လီယိုနီဒါ့စ်က ဘာမှတော့ ပြန်မပြောဘူး။ သူက ကျုပ်နောက်ကဆိုတော့ သူ့မျက်နှာဖြင့် ကျုပ်လည်း မမြင်ရဘူး။ ကတ်စတီလာဘက်က တဲတွေဆီ ရောက်လာတော့ ကျုပ် မေးလိုက်တယ်။

"လီယိုနီဒါ့စ်… သူ့ကို ခင်ဗျားအိမ် သယ်သွားရမလား"

"အေး…"

အဘိုးကြီးက နားမထောင်လိုက်မိတဲ့ပုံမျိုးနဲ့ ဖျတ်ခနဲ ပြန်ဖြေလိုက်တယ်။

**မာရီယိုဗားဂတ်စ်ယော်ဆာ (Mario Vargas Llorsa) ၏ The Challenge ကို ပြန်ဆိုပါသည်။**

✤